# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၁၃ ရက်၊ တနင်္လာနေ့ | အတွဲ (၅၉)၊ အမှတ် (၂၈၄)




မြဝတီ အမှတ် (၂) ချစ်ကြည်ရေးတံတားမှ ဝင်ရောက်လာသော မြန်မာရွှေ့ပြောင်းလုပ်သားများကို တွေ့ရစဉ်။

## မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၃၄ ဦး ဝင်ရောက်

မြဝတီ ဇူလိုင် ၁၂

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၃၄ ဦးသည် မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်နှင့်မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၄ ❁

## ကန့်ဘလူမြို့နယ်တွင် တောင်သူများအား ကိုဗစ်-၁၉ အထူးချေးငွေ တစ်ကေလျှင် ငွေကျပ် ၅၀၀၀၀ ထုတ်ချေးပေးလျက်ရှိ

ကန့်ဘလူ ဇူလိုင် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် လယ်ယာစိုက်ပျိုးရေး ကဏ္ဍအပေါ်တွင် ထိခိုက်မှုများရှိသည့် တောင်သူလယ်သမားများအား နိုင်ငံတော်၏မူဝါဒလမ်းညွှန်ချက်များနှင့်အညီ COVID-19 Special Relief Loan အဖြစ် ဘဏ်စည်းကမ်းလိုက်နာ၍ တာဝန်ကျေ တောင်သူများအား တစ်ကေလျှင် ငွေကျပ် ၅၀၀၀၀ နှုန်း ထပ်ဆောင်းပွဲပိုးထုတ်ချေးခြင်းကို ဇွန် ၂၀ ရက်က စတင်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။ (ယာပုံ)

စာမျက်နှာ ၃ ကော်လံ ၅ ❑




**ယနေ့ မာတိကာ**

**အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း**
အာဇာနည်နေ့အကြိုဂုဏ်ပြုဆောင်းပါး စာ ၆

**ပါဠိနှင့် အင်္ဂလိပ်စာ စွယ်စုံတော်သည့် ဆရာကြီး**
အာဇာနည်နေ့အကြိုဂုဏ်ပြုဆောင်းပါး စာ ၈

**အိုကီနာဝါရှိ အမေရိကန် စစ်အခြေစိုက်စခန်းနှစ်ခုတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၆၁ ဦးအထိရှိ**
နိုင်ငံတကာသတင်း စာ ၁၂

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
(၁၂-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ စာ ၁၆

**ကျွန်တော်နဲ့ အများပိုင်ကုမ္ပဏီရဲ့အွန်လိုင်း နှစ်ပတ်လည် အစည်းအဝေး**
ဆောင်းပါး စာ ၂၀



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှု အကျိုးရှိရှိ ထိထိရောက်ရောက်ဆောင်ရွက်

စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုသည့် ဝေါဟာရက မြန်မာတို့နှင့် အကျွမ်းတဝင်မရှိလှ။ သို့ဖြစ်သည့်အလျောက် စွန့်ပစ်ပစ္စည်းကို စီမံခန့်ခွဲသည့် အလေ့အကျင့်ကို ပြုလုပ်ကြရန်မှာလည်း မလုပ်သလောက်နီးနီး အားနည်းကြသည်။ အသုံးမလို၍ စွန့်ပစ်လိုက်ရသည့် ပစ္စည်းမှာ အမှိုက်သာ ဖြစ်သည်။ ကျေးလက်ဒေသများတွင် စွန့်ပစ်ပစ္စည်း တစ်နည်းအားဖြင့် အမှိုက်ကို မီးရှို့၊ မြေကျင်းထဲချ၊ ချောက်ထဲဖို့နှင့် ပြီးလိုက်ကြသည်။ မြစ်နားချောင်းနားနီးသည့် နေရာများတွင် မြစ်ထဲချောင်းထဲ စွန့်ပစ်လိုက်ကြသည်။ မြို့များတွင်မူ အမှိုက်သိမ်းစနစ်ဖြင့် သိမ်းဆည်းကြပြီး အမှိုက်သိမ်းယာဉ်များဖြင့် သယ်ဆောင်ကာ သတ်မှတ်နေရာများသို့ သွားရောက်စွန့်ပစ်နေကြခြင်း ဖြစ်သည်။

စင်စစ်အားဖြင့် စွန့်ပစ်ပစ္စည်းဆိုသည်မှာ အမှိုက်ထက်ပို၍ ကျယ်ပြန့်သည်။ စွန့်ပစ်ပစ္စည်းမှန်သမျှတို့သည် ကောင်းမွန်သည့် စီမံခန့်ခွဲမှုမရှိပါက သဘာဝပတ်ဝန်းကျင်အပေါ်မှာရော လူများအပေါ်မှာပါ ဆိုးကျိုးများသက်ရောက်စေသည်။ စွန့်ပစ်ပစ္စည်းဟုဆိုရာတွင် အစိုင်အခဲ၊ အရည်၊ ရေဆိုး၊ အခိုးငွေ့ စသည်တို့ ပါဝင်သည်။ ယင်းစွန့်ပစ်ပစ္စည်းများသည် အိမ်များ၊ ဈေးများ၊ စက်ရုံများ၊ အလုပ်ရုံများ၊ ဟိုတယ်များ၊ ဆေးရုံများ၊ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ စသည်ဖြင့် နေရာအသီးသီးတို့မှ ထွက်လာခြင်းဖြစ်သည်။ ယင်းတို့မှ ထွက်လာသည့် စွန့်ပစ်ပစ္စည်းများတွင် အချို့က မြေထုကိုလည်းကောင်း၊ အချို့က ရေထုကိုလည်းကောင်း၊ အချို့က လေထုကိုလည်းကောင်း ညစ်ညမ်းစေသည်။ အချို့က ဓာတုအဆိပ်သင့်စေသည်များ ပါရှိသလို ရောဂါပိုးမွှားများ ကူးစက်ပျံ့နှံ့စေနိုင်သည်များလည်း ပါရှိသည်။ အချို့က ဓာတ်ရောင်ခြည်သင့်နိုင်သည်များလည်းရှိသလို တစ်နည်း အန္တရာယ်ရှိနိုင်သည့် စွန့်ပစ်ပစ္စည်းများကို မိမိတို့နေ့စဉ်စွန့်ပစ်နေကြသည်။ သို့သော် စနစ်တကျမဟုတ်။

မြန်မာနိုင်ငံတွင် စွန့်ပစ်ပစ္စည်း တစ်ရက်လျှင် မက်ထရစ်တန် ၂၀၀၀၀ ခန့် ထွက်ရှိနေသည်ဟု နယ်သာလန်မှ အေဂျင်စီတစ်ခုက ၂၀၁၇ ခုနှစ်အတွင်းက အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြခဲ့သည်။ ရန်ကုန်နှင့် မန္တလေးမြို့ကြီးသူ မြို့ကြီးသားတို့က လူတစ်ဦး တစ်ရက်လျှင် စွန့်ပစ်ပစ္စည်း ၀ ဒသမ ၈ ကီလိုဂရမ် စွန့်ပစ်နေကြပြီး နောက်လာမည့် ငါးနှစ်တွင်မူ လူတစ်ဦး တစ်ရက်လျှင် စွန့်ပစ်ပစ္စည်း ၁ ကီလိုဂရမ်အထိ စွန့်ပစ်လာကြလိမ့်မည်ဟုလည်း ယင်းအစီရင်ခံစာက ဆိုထားသည်။ ဤသည်မှာ အစိုင်အခဲ စွန့်ပစ်ပစ္စည်းတစ်မျိုးတည်းကိုသာ ခန့်မှန်းထားခြင်းဖြစ်သည်။ စွန့်ပစ်ပစ္စည်းများ ပိုမိုစွန့်ပစ်လာနေခြင်းက ရေရှည်တွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကို မဖြစ်မနေလုပ်ရတော့မည်ဖြစ်သလို စနစ်တကျစွန့်ပစ်သည့်အလေ့အကျင့်များ ပျိုးထောင်ရတော့မည့် အခြေအနေလည်းဖြစ်သည်။

မြန်မာနိုင်ငံ မြို့ပြဒေသများမှ သိမ်းဆည်းရရှိသည့် အစိုင်အခဲစွန့်ပစ်ပစ္စည်းများကို ခွဲခြားလေ့လာလျှင် လူနေအိမ်များမှ ၆၀ ရာခိုင်နှုန်း၊ ဈေးများက ၁၅ ရာခိုင်နှုန်း၊ စီးပွားရေးလုပ်ငန်းများက ၁၀ ရာခိုင်နှုန်း၊ ဟိုတယ်များက ၂ ရာခိုင်နှုန်း၊ ပန်းခြံများက ၅ ရာခိုင်နှုန်းနှင့် အခြားအဖွဲ့အစည်းများက ၈ ရာခိုင်နှုန်း စွန့်ပစ်ခဲ့ကြခြင်းဖြစ်သည့်အတွက် အမှိုက်စီမံခန့်ခွဲမှုတွင် ပြည်သူကို အသိပညာပေးရန်နှင့် စနစ်တကျစွန့်ပစ်နိုင်ရေး စီမံဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပြီး လိုက်နာဆောင်ရွက်မှုမရှိပါကလည်း ထိထိရောက်ရောက် အရေးယူမှုများ ပြုလုပ်ရန်လည်း လိုအပ်မည်ဖြစ်သည်။

မြို့ပြဒေသ စွန့်ပစ်ပစ္စည်းများတွင် ၇၇ ရာခိုင်နှုန်းသည် ဆွေးမြည့်ကျေပျက်သွားနိုင်သည့် အော်ဂဲနစ်ပစ္စည်းများဖြစ်သော်လည်း ၁၃ ရာခိုင်နှုန်းမှာ ပလတ်စတစ်များ ဖြစ်ကြသည်။ နှစ်ပေါင်းများစွာ ဆွေးမြည့်ကျေပျက်ခြင်းမရှိသည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ ထိန်းချုပ်နိုင်ရေးအတွက် ထုတ်လုပ်မှုနှင့် သုံးစွဲမှုတို့ကို လျှော့ချကန့်သတ်မှုများ ပြုလုပ်ရန်၊ စနစ်တကျစွန့်ပစ်ခြင်း၊ ပြန်လည်ထုတ်လုပ်သုံးစွဲခြင်းတို့ကို ကျင့်သုံးရန် လိုအပ်သည်။ မြန်မာနိုင်ငံသည် ပလတ်စတစ်စီမံခန့်ခွဲမှုအားနည်းသည့် နိုင်ငံများထဲတွင် အဆင့် ၂၀ တွင် တည်ရှိနေကြောင်း၊ တစ်နှစ်လျှင် ပလတ်စတစ် မက်ထရစ်တန် ၀ ဒသမ ၄၆ သန်းခန့် စွန့်ပစ်နေပြီး မက်ထရစ်တန် ၀ ဒသမ ၁ သန်းခန့် ပင်လယ်သမုဒ္ဒရာထဲ ရောက်သွားသည်ဟု ၂၀၁၅ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ အချက်အလက်များတွင်ဖော်ပြထားရာ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုကို အကျိုးရှိရှိ ထိထိရောက်ရောက် ဝိုင်းဝန်းဆောင်ရွက်နိုင်ကြပါစေကြောင်း။ ။

---

## ဓမ္မာစရိယစာမေးပွဲ စတုတ္ထနေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၂

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ် ကျင်းပပြုလုပ်သော ၂၀၂၀ ပြည့်နှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့တွင် (စတုတ္ထနေ့) နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၇ ဌာနတို့တွင် စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၆၉၁၅ ပါးအနက် ၁၃၄၂၁ ပါး ဖြေဆိုကြသဖြင့် ၇၉ ဒသမ ၃၄ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

---

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံ အပ်ပါသည် -

(က) မြန်မာ့စီးပွားရေးဘဏ်
- Bank Name - Myanmar Economic Bank(H.O),Forex Operation
- Account No. - CF 004880(MMK)
- - EDN 600010(US$)
- Swift Code - MYEBMMMY
- Account Name - National Level Central Committee for Prevention Containment and Treatment of Covid 19
- Bank Address - Myanmar Economic Bank(H.O), Loan & Supervision Dept.,No.(26) Thiri Kyaw Swa Road, Bank Zone, Naypyitaw Myanmar

(ခ) ကမ္ဘောဇဘဏ်
- Bank Name - KBZ Bank Ltd.
- Account No. - 034 103 034 0232 8301 (MMK)
- - 034 109 034 0232 8301 (US$)
- Swift Code - KBZBMMMY
- Account Name - Coronavirus Disease 2019 (COVID-19) (National Level Central Committee For Preventing and Containing the Virus)
- Bank Address - No.53,6 Story Office Building, Corner of Merchant Road & Bosonpat Street, Pabedan Township, Yangon, Myanmar
- Branch Address - No.1, Bank Ward, Oakataya Thiri Township, Naypyitaw

(ဂ) ရာဝတီဘဏ်
- Account No. - 000 110 501 002 5635 (MMK)
- - 000 110 503 000 0425 (US$)
- Swift Code - AYABMMMY
- Account Name - CORONAVIRUS DISEASE 2019 (COVID-19) NATIONAL CENTERS FOR DISEASE CONTROL AND PREVENTION COMMITTEE
- Bank Address - No.416/ Mahabandoola Road, Kyauktada Township, Yangon, Myanmar
- Branch Address - No.(110-112), Thiri Yadanar Shopping Complex, Datkhina Thiri Township, Naypyitaw

(ဃ) CB ဘဏ်
- Account No. - 0093 1005 0000 1333 (MMK)
- - 0093 1012 0000 2957 (US$)
- Swift Code - CPOBMMMY
- Account Name - CORONAVIRUS DISEASE 2019 (COVID-19) DONATION

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ဆက်သွယ်ရန် -

| စဉ် | အမည် | ရာထူး/ဌာန | ဖုန်းနံပါတ် |
|---|---|---|---|
| (က) | ဒေါ်ခင်လေးညို | ညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၆၇၃-၄၁၁၁၄၀<br>၀၉-၄၂၈၃၀၃၈၅၃ |
| (ခ) | ဒေါက်တာ အေးမြမြကျော် | ဒုတိယညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၉-၅၀၉၂၂၉၃ |

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**


---

## အသိပေးကြေညာခြင်း

ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) နှင့် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် (နတ်မောက်) တို့တွင် အာဇာနည်နေ့ အထူးပြပွဲများအဖြစ် နှစ်စဉ် ဇူလိုင်လ (၁၉၊ ၂၀၊ ၂၁) ရက်များတွင် ဖွင့်လှစ်ပြသခဲ့ပါသည်။ ယခုအခါ COVID-19 ရောဂါ ထိန်းချုပ်ရေးကာလဖြစ်သောကြောင့် (၇၃)နှစ်မြောက် အာဇာနည်နေ့အထူးပြပွဲများကို ပြသခြင်းမပြုတော့ဘဲ ပြတိုက်များကို ပိတ်ထားမည် ဖြစ်ပါသည်။ သို့ရာတွင် အများပြည်သူလေ့လာနိုင်ရန်အတွက် Online Exhibition အဖြစ် ပြသသွားမည်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) အတွက် https://www.nationalmuseumyangon.gov.mm နှင့် https://www.facebook.com/nationalmuseumyangon တို့တွင်လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် (နတ်မောက်) အတွက် https://www.generalaungsanmuseum.com နှင့် https://www.facebook.com/National-Museum-Nay-Pyi-Taw-809739482451309 တို့တွင်လည်းကောင်း ကြည့်ရှုလေ့လာနိုင်ပါသည်။ ထို့ပြင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website - http://www.moculture.gov.mm Facebook - MORAC - CultureNews ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန Facebook - Department of Archaeology and National Museum ၊ အမျိုးသားပြတိုက် (နေပြည်တော်) ၏ Facebook - National Museum Nay Pyi Taw တို့တွင် (၁၆.၇.၂၀၂၀) ရက်နေ့မှစ၍ တစ်နှစ်ပတ်လုံး ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**
**အမျိုးသားပြတိုက် (ရန်ကုန်)**

# စုပေါင်းလုပ်မှ အကျိုးရှိနိုင်



တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။

(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# Mobile Tablet အသုံးပြု၍ တစ်နိုင်ငံလုံးရှိ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)များအတွက် မွမ်းမံသင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၁၂**

Mobile Tablet အသုံးပြု၍ တစ်နိုင်ငံလုံးရှိ ပြည်သူ့ကျန်းမာရေးကြီးကြပ် (၂) များအတွက် မွမ်းမံသင်တန်းပေးနိုင်ရန် ဆရာများအား သင်တန်းပေးခြင်း ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။

### စုစုပေါင်း ၂၀၀၀၀ ကျော် ဖြန့်ဝေခဲ့ပြီးဖြစ်

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က မိမိတို့မြန်မာနိုင်ငံတွင် အင်တာနက်ကွန်ရက် ဆက်သွယ်မှုများ၊ အီလက်ထရွန်နစ်ကိရိယာများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာသည်နှင့်အညီ ဝန်ကြီးဌာန၏ မွမ်းမံသင်တန်းများ၊ စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းများကို ယခု ကိုဗစ်-၁၉ ဖြစ်ပွားနေသည့် ကာလမှစတင်၍ အင်တာနက်ကွန်ရက်အသုံးပြုသင်ကြားသင်ယူမှု (e-learning) စနစ်ဖြင့် ပိုမိုအားဖြည့် ပြုလုပ်တော့မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ၁၂ ခုရှိ အခြေခံကျန်းမာရေးပညာရှင်ဝန်ထမ်းများ၊ တိုက်နယ်နှင့် မြို့နယ်ဆရာဝန်များထံ Mobile Tablet စုစုပေါင်း ၂၀၀၀၀ ကျော်ကို ဖြန့်ဝေခဲ့ပြီးဖြစ်သဖြင့် ၎င်း Mobile Tablet များမှတစ်ဆင့် အမျိုးမျိုးသော ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဘာသာရပ်များအား စနစ်တကျ စီမံချက်များရေးဆွဲကာ မွမ်းမံသင်တန်းပေးခြင်းများ ဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း။

ကျန်တိုင်းဒေသကြီး/ပြည်နယ် ငါးခုသို့လည်း Mobile Tablet များ ဆက်လက်ဖြန့်ဝေရန် စီစဉ်လျက်ရှိကြောင်း၊ အဆိုပါ Mobile Tablet များတွင် လုပ်ငန်းလမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ကျန်းမာရေး အသိပညာပေး နှိုးဆော်မှုဆိုင်ရာ စာအုပ်စာတမ်းများ၊ အသုံးချ application များထည့်သွင်းထားရှိပြီးဖြစ်ကြောင်း၊ ၎င်း Mobile Tablet များကို ဝန်ကြီးဌာနမှ ကျင်းပလျက်ရှိသော Video Conferencing အစည်းအဝေးများ တက်ရောက်ရာတွင် စတင်အသုံးပြုလျက်ရှိနေပြီဖြစ်ကြောင်း၊ ဝန်ကြီးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ရှေ့တန်းမှ ဆောင်ရွက်နေသည့် အခြေခံကျန်းမာရေးပညာရှင်ဝန်ထမ်းများ၏ အသိပညာဗဟုသုတ မြင့်မားခြင်း၊ စွမ်းဆောင်ရည်မြင့်မားခြင်းဖြင့် ဝန်ကြီးဌာန၏ ပညာရှင်ဝန်ထမ်းတစ်ဦးချင်းစီအတွက် အကျိုးရှိရုံသာမက ၎င်းတို့ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ပြည်သူများအတွက်လည်း များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း၊ လက်ရှိစာရင်းများအရ ကျေးလက်ကျန်းမာရေးဌာန ၁၈၄၉ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲပေါင်း ၈၇၀၀၊ မိခင်ကလေးကျန်းမာရေးဌာန ၃၄၈ ခုနှင့် ဒေသန္တရကျန်းမာရေးဌာန/ ဌာနခွဲ ၉၃ ခုတို့တွင် အခြေခံကျန်းမာရေးပညာရှင်ဝန်ထမ်း ၃၀၀၀၀ ကျော်ခန့် တာဝန်ထမ်းဆောင်နေပါကြောင်း။

### ပြည်သူများ ပိုမိုကျန်းမာလာကြမည်

အခြေခံကျန်းမာရေးပညာရှင်ဝန်ထမ်းများက ကျေးလက်တောရွာဒေသများ၌ Mobile Tablet တွင် ပါဝင်သော ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များနှင့် အသုံးချ ကျန်းမာရေးအသိပညာပေး application များကို အသုံးပြုကာ "ကျန်းမာရေး စကားဝိုင်းငယ်"များကို ပြုလုပ်လျက်ရှိရာ ရေရှည်ကာလ၌ ပြည်သူများတွင် ကျန်းမာရေးအသိပညာဗဟုသုတများ ကြွယ်ဝလာမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးအသိပညာဗဟုသုတကြွယ်ဝကာ ကျန်းမာရေး ကောင်းမွန်စေသည့် နေထိုင်စားသောက်မှုပုံစံများကို ပြုမူကျင့်ကြံခြင်းနှင့် ရောဂါကာကွယ်ရေးနည်းလမ်းများကို လိုက်နာခြင်းတို့ဖြင့် ပြည်သူများ ပိုမိုကျန်းမာလာကြမည်ဖြစ်ကြောင်း၊ ပြည်သူများတွင် ရောဂါဖြစ်ပွားမှုများ နည်းပါးလာခြင်းဖြင့် ၎င်းရောဂါများကိုကုသရန် အသုံးပြုရမည့်ဝန်ကြီးဌာန၏ ဘဏ္ဍာငွေကုန်ကျမှုလည်း နည်းပါးလာမည်ဖြစ်သဖြင့် အဆိုပါ ဘဏ္ဍာငွေများကို အဆင့်မြင့် စက်ပစ္စည်းကိရိယာများဝယ်ခြင်း၊ ဆေးရုံအဆင့်မြှင့်တင်ခြင်းတို့ အပါအဝင် ကျန်းမာရေးစနစ် ပိုမိုတိုးတက်ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး Mobile Tablet အသုံးပြု၍ တစ်နိုင်ငံလုံးရှိ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)များအတွက် မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

### ပုံမှန်လေ့လာကြည့်ရှုကြစေလို

ဤဆရာဖြစ်သင်တန်းမှ စတင်၍ ဆက်လက်ပြုလုပ်မည့် ဆင့်ပွားသင်တန်းများအား တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်အလိုက် ပြုလုပ်ရန် အစီအစဉ်ရေးဆွဲထားပြီးဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက်၊ အခြေခံကျန်းမာရေးပညာရှင်ဝန်ထမ်းအဆင့်အလိုက် Mobile Tablet တွင် ပါဝင်သော ကျန်းမာရေးအသိပညာဗဟုသုတ၊ လုပ်ငန်းလမ်းညွှန်နှင့် လုပ်ထုံးလုပ်နည်းများအား နားလည်မှုနှင့် အသုံးချနိုင်မှုတို့ အပါအဝင် Mobile Tablet အား အကျိုးရှိထိရောက်စွာ အသုံးချနိုင်စေရန် ရည်ရွယ်ကာ ထိုက်တန်သော ဆုကြေးငွေများပေးအပ်မည့် ပြိုင်ပွဲများကိုလည်း တိုင်းဒေသကြီး/ပြည်နယ်အလိုက် ယခုနှစ်အတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနမှ ကျင်းပခဲ့သော အခြေခံကျန်းမာရေးပညာရှင်ဝန်ထမ်းများ ညီလာခံတွင် ဆွေးနွေးအကြံပြုချက်များကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားစေလိုပါကြောင်း၊ ဝန်ကြီးဌာနမှ ဆောင်ရွက်နေသော လုပ်ငန်းများကို သိရှိစေရန်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် တာဝန်ရှိသူများအနေဖြင့် ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်စာမျက်နှာများကို ပုံမှန်လေ့လာကြည့်ရှုကြစေလိုပါကြောင်း။

### အကျိုးရှိထိရောက်စွာ အသုံးချ

ယခုကဲ့သို့ မွမ်းမံသင်တန်းများသာမက ဝန်ကြီးဌာနရှိ e-Health ဌာနခွဲမှ Mobile Tablet များကို အသုံးပြု၍ မိမိကိုယ်တိုင် စိတ်ကြိုက်အချိန်တွင် လေ့လာလိုသည့် သင်ခန်းစာအား လေ့လာသင်ယူနိုင်သောသင်တန်း (Self-Paced E-Learning) သင်ခန်းစာများကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာနရှိ ဝန်ထမ်းများအနေဖြင့် အကျိုးရှိထိရောက်စွာ အသုံးချကြစေလိုပါကြောင်း ပြောကြားသည်။

အဆိုပါ ဆရာဖြစ်သင်တန်းသို့ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ ဒုတိယတိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် မြို့နယ်ကျန်းမာရေးမှူးများ တက်ရောက်ခဲ့ပြီး သုံးရက်တာ သင်တန်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်ဦးမြို့နယ် သမဝါယမအသင်းစုပိုင် အနော်ရထာဆီစက်မှ အရည်အသွေးမီ ပဲဆီသန့်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချ

**ညောင်ဦး ဇူလိုင် ၁၂**

သမဝါယမစီးပွားရေးလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ပါဝင်သော စက်မှုကုန်ထုတ်လုပ်ငန်းများ အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင် ဆီစက်၊ ရက်ကန်းစက်၊ ပဲခွဲစက်၊ ရေခဲစက်၊ ဆန်စက်၊ သကြားစက်၊ ပလတ်စတစ်စက်၊ အုတ်ဖုတ်စက်၊ သံရည်ကျိုစက်များကို ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သမဝါယမအသင်းစုပိုင် အနော်ရထာဆီစက်မှ ထုတ်လုပ်သော ပဲဆီသည် အရည်အသွေးပြည့်မီလှသဖြင့် စားသုံးသူများ နှစ်သက်စွာ အားပေးလျက်ရှိပြီး မန္တလေးမြို့၊ မိုးကုတ်မြို့၊ ပြင်ဦးလွင်မြို့၊ ကျောက်ဆည်မြို့၊ ကယား၊ နေပြည်တော်ရှိ သမဝါယမ အသင်းစုများနှင့် ချိတ်ဆက်၍ တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် Door to Door စနစ်ဖြင့် လည်းကောင်း၊ ညောင်ဦးမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းများသို့ သုံးလဆိုင်းကုန် ကြွေးစနစ်ဖြင့် လည်းကောင်း ရောင်းချပေးလျက်ရှိသည်။ ၎င်းဆီစက်မှ နေ့စဉ် မြေပဲဆီ ပိဿာချိန် ၂၂၅ ပိဿာ ထုတ်လုပ်ပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

### ❁ ရှေ့ဖုံးမှ

ပြန်လည်ဝင်ရောက်လာ သူများအနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ဇူလိုင် ၁၂ ရက်အထိ ၉၃၁၉ ဦး ဝင်ရောက်ခဲ့ရာ ယနေ့အထိ စုစုပေါင်း ၄၆၃၃၇ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်လာသူများမှာ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ အမျိုးသား ၃၉၆ ဦး၊ အမျိုးသမီး ၂၃၈ ဦး စုစုပေါင်း ၆၃၄ ဦး ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

### ❑ ရှေ့ဖုံးမှ

အဆိုပါ ကိုဗစ်-၁၉ အထူးချေးငွေများကို တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ကန့်ဘလူတစ်မြို့နယ်လုံးရှိ ရပ်ကွက်/ကျေးရွာ ၉၇ အုပ်စုအတွက် ငွေကျပ် သိန်းပေါင်း ၆၀၀၀၀ ထုတ်ချေးပေးရန်လျာထားပြီး ကန့်ဘလူမြို့နယ်တွင် တောင်သူပေါင်း ၂၀၀၀၀ တို့၏ လယ်/ယာဧကပေါင်း ၁၂၀၀၀၀ အတွက် ယနေ့အထိ (ဇူလိုင် ၁၂ ရက်) ကိုဗစ်-၁၉ အထူးချေးငွေ ငွေကျပ်သိန်း ၅၀၀၀ ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကိုလည်း တစ်မြို့နယ်လုံးရှိ တောင်သူများအတွက် ငွေကျပ်သိန်းပေါင်း ၁၀၀၀၀၀ ကို စက်တင်ဘာလကုန် အပြီး ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ မိုးရာသီချေးငွေကို မေ ၁၈ ရက်က စတင်ထုတ်ချေးပေးခဲ့ရာ ယနေ့အထိ ရပ်ကွက်/ကျေးရွာအုပ်စု ၄၅ အုပ်စုသို့ ချေးငွေကျပ်သိန်းပေါင်း ၄၅၀၀၀ ကို ထုတ်ချေးပေးပြီးဖြစ်ကြောင်း ကန့်ဘလူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာဒေါ်စန်းစန်းမြင့်က ပြောသည်။

**အောင်ဝင်းငြိမ်း (ကန့်ဘလူ)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တနင်္သာရီတိုင်းဒေသကြီးအတွင်း စေတနာ့ဝန်ထမ်းအသိအမှတ်ပြု ဂုဏ်ပြုလွှာများပေးအပ်

နေပြည်တော် ဇူလိုင် ၁၂



**အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့ဝင်များအား အသိအမှတ်ပြုဂုဏ်ပြုလွှာများ ပေးအပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့၌ တနင်္သာရီတိုင်းဒေသကြီးအတွက် ဂုဏ်ပြုလွှာများကို ဦးဆောင်အဖွဲ့ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပေးအပ်သည်။ (ယာပုံ)**

### ပါဝင်ဆောင်ရွက်

ထိုသို့ပေးအပ်ရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ထားဝယ်မြို့ ကွန်ပျူတာ တက္ကသိုလ်နှင့် သာသနာ့ဗိမာန်တို့၌ Quarantine Center များအဖြစ် ဖွင့်လှစ်ထားသည့် နေရာများသို့ ရောက်ရှိကြပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များ အားလုံးအတွက် အသိအမှတ်ပြု ဂုဏ်ပြုလွှာများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ပေးအပ်ပြီး စေတနာ့ဝန်ထမ်းရင်ထိုး တံဆိပ်များ၊ ပါးစပ်နှင့် နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်များကို စေတနာ့ဝန်ထမ်းနှင့် ပရဟိတ ကိုယ်စားလှယ်တို့ထံ ပေးအပ်သည်။

### မေးမြန်းဆွေးနွေး

ထို့အပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း Quarantine Center များရှိ ကိုယ်ဝန်ဆောင် မိခင် ၄၄ ဦး၊ အသက် ငါးနှစ်အောက် ကလေး ၄၁ ဦး၊ အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အို ၁၄ ဦး တို့အတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် သုံးသောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၉၇၀၀၀၀ ကို ပြည်ထောင်စုဝန်ကြီးက စခန်းတာဝန်ခံတို့ထံသို့ ပေးအပ်ခဲ့၍ ပြည်ပမှပြန်လည်ဝင်ရောက်လာကြသူများနှင့်ပတ်သက်၍ ဆောင်ရွက်မှုများ၊ စေတနာ့ဝန်ထမ်းများ၏ အခက်အခဲ၊ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် မေးမြန်းဆွေးနွေးသည်။

ယနေ့ စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့က တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်း ၃၉၂၇ ဦး၊ ပရဟိတအဖွဲ့ ၁၆၀ တို့အတွက် ပေးအပ်ခဲ့သည့် ဂုဏ်ပြုလွှာများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြို့နယ်စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့ တာဝန်ရှိသူများက အဆင့်ဆင့် စိစစ်၍ လက်ဝယ်အရောက် ဆက်လက်ပေးအပ်သွားမည်ဖြစ်သည်။ စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့အနေဖြင့် ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ပြီးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စာရင်းကျန်ရှိခြင်းနှင့် ထပ်တိုးခြင်းများ ရှိပါကလည်း စိစစ်၍ မြို့နယ်စေတနာ့ ဝန်ထမ်းပံ့ပိုးကူညီရေးအဖွဲ့ တာဝန်ရှိသူများမှ တစ်ဆင့် ဂုဏ်ပြုလွှာများ ထပ်မံပေးအပ်လျက်ရှိသည်။

ယနေ့ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဂုဏ်ပြုလွှာများ ပေးအပ်ခြင်းနှင့် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရောဂါပြန့်ပွားမှုမရှိစေရေး လိုက်နာရန် ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြသည်။

### ဆက်ကပ်လှူဒါန်း

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ် ရေးမြို့ လူမှုဝန်ထမ်းဦးစီးဌာန ရေးမြို့ မူလတန်းကြိုကျောင်း နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်လျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး လုပ်ငန်းများ အချိန်မီပြီးစီးရန်နှင့် စံနှုန်းပြည့်မီစေရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေး၍ ရေးမြို့နယ် အစင်စံပြကျေးရွာ စွန်းလွန်းဂူဓမ္မအေးရိပ်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတိလောကအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အဆိုပါကျောင်းတိုက်တွင် ထားရှိသော Quarantine Center ရှိ အသက် ငါးနှစ်အောက် ကလေးငယ်များအတွက် တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်း၊ အာဟာရမုန့်နှင့် ကစားစရာအရုပ်များ ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ဆင်ခြေထောက်ရောဂါကာကွယ်ရေး နေပြည်တော် ဇေယျာသီရိမြို့နယ်၌ သန်ချဆေးပေါင်း တိုက်ကျွေး

**နေပြည်တော် ဇူလိုင် ၁၂**

နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းနှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရှိ ဝန်ထမ်းများအား ဆင်ခြေထောက်ရောဂါကာကွယ်ရေးအတွက် သန်ချဆေးပေါင်း တိုက်ကျွေးခြင်းကို ယနေ့ မွန်းလွဲပိုင်းက ပြုလုပ်သည်။

အဆိုပါ သန်ချဆေးပေါင်း တိုက်ကျွေးခြင်းကို ဇေယျာသီရိမြို့နယ် ကျန်းမာရေးဦးစီးဌာန ပြည်စံအောင်ကျေးလက် ကျန်းမာရေးဌာနမှ လက်ထောက် ကျန်းမာရေးမှူး ဦးကျော်မင်း ဦးဆောင်ပြီး မရင်းကြီးကျေးလက် ကျန်းမာရေးဌာနခွဲမှ ကျန်းမာရေးဝန်ထမ်းများက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း လက်အောက်ရှိ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်၊ နေပြည်တော် သတင်းစာတိုက်နှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များမှ လွဲ၍ ဝန်ထမ်းနှင့်ဝန်ထမ်းမိသားစု ၅၉၀ ကို အိမ်တိုင်ရာရောက် တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ဇော် (မြန်မာ့အလင်း)**

**ဓာတ်ပုံ - ဇော်ဘီ**

# ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နှင့် ပင်လောင်းမြို့နယ်အတွင်း ကျေးလက်လမ်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းသည် ယနေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ Pilot Project အဖြစ် ဆောင်ရွက်လျက်ရှိသော ခေါင်တိုင်-အင်းတိန်-မော့်ဘီလမ်း (အင်းလေးကန်ပတ်လမ်း)ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အင်းတိန်ရွာအနီးရှိ ပေ ၁၀၀ အရှည် သံကူကွန်ကရစ်တံတားလုပ်ငန်းခွင်သို့ ရောက်ရှိခဲ့ပြီး တံတားတည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကာ အင်းလေးကန်ပတ်လမ်းသည် ကိုဗစ်-၁၉ နောက်ပိုင်းကာလများတွင် ပြည်တွင်း ပြည်ပ ခရီးသွားများအတွက် လှေလာကြည့်ရှုစရာ နေရာအသစ်များဖြစ်ရန် အလားအလာကောင်းများရှိသဖြင့် လမ်းတံတားလုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါလမ်းကို ယခု ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်းသစ်ခင်းခြင်း ၄ မိုင် ၇ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၆ မိုင်၊ မြေသားလမ်းချဲ့ခြင်း ၃ မိုင် ၅ ဖာလုံ၊ ကွန်ကရစ်တံတား လေးစင်းနှင့် Box Culvert ၁၇ စင်း တည်ဆောက်ပေးလျက်ရှိသည်။ အဆိုပါလမ်းသည် ၂၆ မိုင်ရှိပြီး ကျေးရွာ ၂၄ ရွာ အိမ်ခြေ ၂၂၄၃ အိမ်နှင့် လူဦးရေ ၁၀၆၉၈ ဦးအား အကျိုးပြုလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပင်လောင်းမြို့နယ်အတွင်း၌ ဂျာမနီနိုင်ငံ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်နေသော လှည်းကုန်း-မိုးနဲသရဖူ-ကျားတွန်-အင်းတိန်လမ်း ၆၁ မိုင် ၇ ဖာလုံလမ်းသို့ ရောက်ရှိရာ ယာယီရှင်းလင်းဆောင်တွင် ရှမ်းပြည်နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ကုမ္ပဏီ သုံးခုမှ အပိုင်းလိုက် တာဝန်ယူပြီး ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း စီမံချက်နှင့် ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက လမ်းခင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး မိုးတွင်းကာလဖြစ်၍ ကတ္တရာလုပ်ငန်းများ အထူးဂရုစိုက် ဆောင်ရွက်သွားရန် မှာကြားသည်။ အဆိုပါလမ်း ပြီးစီးသွားပါက ကျေးရွာ ၁၆ ရွာ၊ အိမ် ၂၂၅၅ အိမ်နှင့် လူဦးရေ ၉၉၈၇ ဦးအား အကျိုးပြုမည်ဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဂျာမနီ KFW ထောက်ပံ့ငွေဖြင့် ဆောင်ရွက်နေသော နောက်ပီး-တီလုံ-မိုးဦး-နမ့်ဖာမူလမ်း တံတားအမှတ် (၁/၃)အနီးရှိ လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဇော်နှင့် ပြည်နယ်ညွှန်ကြားရေးမှူးက မိုင် ၂၀ ၃ ဖာလုံရှိသော အဆိုပါလမ်းကို ကုမ္ပဏီ သုံးခုမှ လုပ်ငန်းဆောင်ရွက်ရန် စီမံထားမှုနှင့် လုပ်ငန်းပြီးစီးမှုကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လမ်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပြီးစီးသွားပါက ကျေးရွာ ၂၁ ရွာ၊ အိမ်ခြေ ၁၆၉၆ အိမ်နှင့် လူဦးရေ ၉၄၂၁ ဦးကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁၂

နေပြည်တော်နှင့်အနီးတစ်ဝိုက်တို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

**မိုး/ဇလ**

# ပြည်သူသာလျှင် အဓိက

## (၇၃)နှစ်မြောက် အာဇာနည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကန်တော်ကြီးသဘာဝဥယျာဉ် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံဖွင့်

**ရန်ကုန် ဇူလိုင် ၁၂**

(၇၃)နှစ်မြောက် အာဇာနည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အဆင့်မြှင့်တင်ခဲ့သော ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်းရှိ သမိုင်းဝင်ကန်တော်ကြီးသဘာဝဥယျာဉ် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံကို ယနေ့ညနေပိုင်းက ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားရာတွင် ယခု ကန်တော်ကြီးသဘာဝဥယျာဉ်တွင်ရှိသော ဗိုလ်ချုပ်အောင်ဆန်းကြေးသွန်းရုပ်တုကို ၁၉၅၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက် ဗိုလ်ချုပ်၏ အနှစ်(၄၀)ပြည့် မွေးနေ့အထိမ်းအမှတ်အနေဖြင့် ဖွင့်လှစ်ပေးခဲ့သော သမိုင်းအမွေအနှစ်တစ်ခုဖြစ်ကြောင်း၊ ထိုသမိုင်းဝင်ဗိုလ်ချုပ်ရုပ်တုနှင့် ဗိုလ်ချုပ်ပန်းခြံကို ယခုအခါတွင် အဆင့်အတန်း မြင့်မားလှပသော ပန်းခြံတစ်ခုဖြစ်စေရန်နှင့် အများပြည်သူများအနေဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ကျယ်ဝန်းစွာ ဂါရဝပြုနိုင်စေရန်၊ လွတ်လပ်ပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်သည့် ပန်းခြံတစ်ခုဖြစ်စေရန်ရည်ရွယ်၍ အဆင့်မြှင့်တင်ကာ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)** ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက အသစ်ပြန်လည်အဆင့်မြှင့်တင်ထားသော သမိုင်းဝင် ဗိုလ်ချုပ်ရုပ်တုနှင့် ဗိုလ်ချုပ်ပန်းခြံတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။



ယခုဖွင့်ပွဲကျင်းပသော ဗိုလ်ချုပ်ကြေးရုပ်တုနှင့် ရင်ပြင်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေယာရှုခင်းနှင့် အားကစားကွင်းများဌာနမှ ၂၀၂၀ ပြည့်နှစ် မတ်လက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထိုလုပ်ငန်းတွင် မြေဖို့ပြုပြင်ခြင်း၊ ကွန်ကရစ်ကြမ်းခင်းလောင်းခြင်း၊ ခြံစည်းရိုးများ ကာရံခြင်း၊ သံပန်းနှင့်မီးများ တပ်ဆင်ခြင်း၊ ရေနုတ်မြောင်းနှင့် လျှောက်လမ်းများတည်ဆောက်ခြင်း၊ ခေတ်မီကြွေပြား တပ်ဆင်ခြင်းလုပ်ငန်းများ ပါဝင်သည့်အပြင် ဗိုလ်ချုပ်အောင်ဆန်း ရုပ်တုအောက်ခံခုံ ပြုပြင်ခြင်းလုပ်ငန်းများလည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါဗိုလ်ချုပ်ကြေးရုပ်တုနှင့် ရင်ပြင်သည် ကန်တော်ကြီး သဘာဝဥယျာဉ်၏ဧရိယာအတွင်း မြောက်အရပ်တွင်တည်ရှိကာ ၁ ဒသမ ၃ ဧက ခန့်ကျယ်ဝန်းကြောင်းသိရသည်။ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုသည် ၁၉၅၅ ခုနှစ်တွင် လန်ဒန်မြို့ အနုပညာသိပ္ပံကျောင်းမှ ကျောင်းအုပ်ဖြစ်သူ အင်္ဂလန်နိုင်ငံသား ကြေးသွန်းပညာရှင် မစ္စတာကော့ပနယ်သည် ဦးစံဖေ၏ ရုပ်တုပုံစံငယ်ကို ရွေးချယ်ကာ ဗိုလ်ချုပ်ကြေးရုပ် သွန်းလောင်းခဲ့ခြင်းဖြစ်သည်။ အမြင့် ၈ ပေ ၄ လက်မရှိပြီး ရုပ်တု၏အောက်ခံတွင် ရေးထိုးထားသောကမ္ပည်းစာသားသည် ဆရာဇော်ဂျီ ၊ ဆရာကြီးမင်းသုဝဏ်၊ ဝန်ကြီးချုပ်ဦးနု ၊ ဦးသန့်နှင့် ဗိုလ်မှူးကြီး ဘရှင်တို့က စိစစ်ရွေးချယ်ထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ – အာကာစိုး**



## လှိုင်မြို့နယ် အ.ထ.က (၃) အခြေခံပညာအထက်တန်း (အိုကေ)ကျောင်းတွင် ကျောင်းဖွင့်ရန် ကြိုတင်ပြင်ဆင်ထားရှိမှု ကွင်းဆင်းကြည့်ရှု

**ရန်ကုန် ဇူလိုင် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်တွင် ယနေ့နံနက် ၉ နာရီက အ.ထ.က (၃) အခြေခံပညာအထက်တန်း (အိုကေ) ကျောင်းကို ဖွင့်လှစ်ရန်စီစဉ်ထားမှုများနှင့် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို ကိုဗစ်-၁၉ ကော်မတီဝင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ရန် သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (ဝဲပုံ)

**ကျောင်းဝန်းကျင် သန့်ရှင်းရေး**

ထို့နောက် ကိုဗစ်-၁၉ အရေးပေါ်ကာကွယ်၊ ထိန်းချုပ်ရေး ကော်မတီအဖွဲ့ဝင်များသည် ကျောင်းဖွင့်လှစ်ပါက တက်ရောက်မည့် စာသင်ခန်းများ၊ ခုံများ၊ စားပွဲများ၊ လူသွားစင်္ကြံများ၊ သင်ထောက်ကူပစ္စည်းများ၊ လက်ဆေးကန်ထားရှိမှုများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်ဆင်ရန် နှာခေါင်းစည်းများ လုံလောက်မှု ရှိ/မရှိ အထက်တန်းဆင့် ကျောင်းအပ်နှံရာတွင် စနစ်တကျ ဆောင်ရွက်သွားကြရန်နှင့် စာသင်ခန်းများတွင် လက်သန့်ဆေးရည်များ ထားရှိပေးရန်၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ဆေးဖျန်းခြင်းများ ဆက်လက်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့ပြင် အထက်တန်းအဆင့် ကျောင်းအပ်နှံခြင်းများကို ဇူလိုင် ၁၃ ရက်က စတင်၍ လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြည်ဇေသော်(ပြန်/ဆက်)**

ပညာရေးဝန်ကြီးဌာန

အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာသိရှိရန်အချက်များ

"၂၀၂၀-၂၀၂၁ ပညာသင်နှစ်"

ကျောင်းအပ်နှံရာတွင်အခမဲ့ထောက်ပံ့မှုများ ကျောင်းအမည်...............................................

| စဉ် | အတန်း | ကျောင်းသုံးပြဋ္ဌာန်းစာအုပ် | | မှတ်ချက် |
|---|---|---|---|---|
| | | ရရှိသည့်အရေအတွက် (သက်ဆိုင်ရာကျောင်းများမှဖြည့်စွက်ရန်) | တစ်စုံနှုန်း | |
| ၁။ | ဒသမတန်း (Grade-10) သင်ရိုးသစ် | (            ) စုံ | STEAMS-1 (၈၀၅၈)ကျပ် (၉၁)ပြား<br>STEAMS-2 (၈၁၄၉)ကျပ် (၄၄)ပြား<br>STAMS-1 (၈၀၇၇)ကျပ်(၈၇)ပြား<br>STAMS-2 (၈၅၄၀)ကျပ် (၉၂)ပြား | ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေးအပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။<br>**ဒသမတန်း(သင်ရိုးသစ်)ပြဋ္ဌာန်းစာအုပ်**<br>**STEAMS-1**<br>၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ရူပဗေဒ ၆။ ဇီဝဗေဒ ၇။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၈။ စာရိတ္တနှင့်ပြည်သူ့နီတိ ၉။ ဘဝတွက်တာ ကျွမ်းကျင်စရာ ၁၀။ ကာယပညာ(သို့မဟုတ်) အနုပညာ(ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ)<br>**STEAMS-2**<br>၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ရူပဗေဒ ၆။ ဘောဂဗေဒ ၇။ ပထဝီဝင် + သမိုင်း ၈။ စာရိတ္တနှင့်ပြည်သူ့နီတိ ၉။ ဘဝတွက်တာ ကျွမ်းကျင်စရာ ၁၀။ ကာယပညာ(သို့မဟုတ်) အနုပညာ(ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ)<br>**STAMS-1**<br>၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ပထဝီဝင် ၅။ သမိုင်း ၆။ ဘောဂဗေဒ ၇။ သိပ္ပံ(ဓာတုဗေဒ + ရူပဗေဒ + ဇီဝဗေဒ) ၈။ စာရိတ္တနှင့်ပြည်သူ့နီတိ ၉။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၀။ ကာယပညာ(သို့မဟုတ်) အနုပညာ(ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ)<br>**STAMS-2**<br>၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ စိတ်ကြိုက်မြန်မာစာ ၅။ ဘောဂဗေဒ ၆။ ပထဝီဝင် + သမိုင်း ၇။ သိပ္ပံ(ဓာတုဗေဒ + ရူပဗေဒ + ဇီဝဗေဒ) ၈။ စာရိတ္တနှင့်ပြည်သူ့နီတိ ၉။ ဘဝတွက်တာ ကျွမ်းကျင်စရာ ၁၀။ ကာယပညာ(သို့မဟုတ်) အနုပညာ(ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ) |
| ၂။ | ဒသမတန်း (Grade-11) သင်ရိုးဟောင်း | (            ) စုံ | တွဲ(၁) (၆၁၁၁)ကျပ်<br>တွဲ(၂)(၅၈၅၂)ကျပ်(၈၀)ပြား<br>တွဲ(၇)(၅၉၄၀)ကျပ်(၆၀)ပြား | |

## ကျွန်းစုမြို့နယ် အောင်ကျော်ဇော ရေငန်ငါးမွေးမြူရေး သမဝါယမအသင်းမှ ငါးသားပေါက်များ ဝယ်ယူမွေးမြူ

**ကျွန်းစု ဇူလိုင် ၁၂**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်ရှိ အောင်ကျော်ဇော ရေငန်ငါးမွေးမြူရေး သမဝါယမအသင်းတွင် ငါးသားပေါက်လိုအပ်ချက်များကို မြိတ်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် ချိတ်ဆက်၍ ကလွင်ကျေးရွာ ငါးသားပေါက်မွေးမြူရေးစခန်းတာဝန်ခံများနှင့် ညှိနှိုင်းပြီး ငါးသားပေါက်လေးလက်မအရွယ် ရေငန် ကကတစ်ငါးတစ်ကောင်လျှင် ငွေကျပ် ၃၀၀ နှုန်းဖြင့် ငါးသားပေါက်အကောင်ရေ ၆၅၀၀ ကို ဝယ်ယူပြီး အောင်ကျော်ဇော ရေငန်ငါးမွေးမြူရေး သမဝါယမအသင်းရှိ ငါးမွေးမြူရေးကန်များတွင် ငါးသားပေါက်များ ထည့်သွင်းမွေးမြူထားသည်။

အဆိုပါငါးသားပေါက်များမှာ ခြောက်လခန့်ကြာသော် သုံးကောင်လျှင် ပျမ်းမျှအလေးချိန် တစ်ပိဿာကျော်ရရှိကြောင်း၊ ဒေသပေါက်ဈေး တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ နှုန်းရှိသော်လည်း စားသုံးသူအသင်းသားပြည်သူများထံသို့ ဈေးလျှော့၍ ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း



**၁၉၀၁ ခုနှစ် ဇွန်လ ၁၁ ရက် အင်္ဂါနေ့တွင် မကွေးခရိုင်၊ နတ်မောက်မြို့ တောင်ရွာကြီး (ယခု အောင်ဆန်းရပ်)၌ ဖွားသည်။ အဖ တောင်သူလယ်သမားမျိုးရိုး တတိယတန်း ရှေ့နေ ဦးဖာ၊ အမိ ဒေါ်စုဖြစ်သည်။ မွေးချင်း ၉ ဦးတွင် တတိယမြောက်။ ငယ်မည် မောင်စန်းတင် ဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏အစ်ကို အကြီးဆုံးဖြစ်သည်။ အသက် ၆ နှစ်တွင် နတ်မောက်မြို့ ဒီပင်္ကရာကျောင်းတိုက် ဘုန်းတော်ကြီး ဦးသောဘိတ၏ မြန်မာစာသင်ကျောင်း၌ စတင်ပညာသင်ယူသည်။ ဦးသောဘိတမှာ မိခင်ဘက်မှ ဘကြီးတော်စပ်သည်။ ၁၃ နှစ်တွင် ဦးသောဘိတ မြန်မာစာသင်ကျောင်းမှ မြန်မာ ၇ တန်းအောင်သည်။ ထို့နောက် တောင်တွင်းကြီးမြို့ ဘုန်းတော်ကြီး ဦးသုန္ဒရ၏ မြန်မာအထက်တန်း ကျောင်း၌ ပညာဆက်လက်သင်ယူသည်။ ၁၉၁၆ ခုနှစ် ၁၅ နှစ်အရွယ်တွင် မြန်မာ ၉ တန်းအောင်သည်။ ၉ တန်းအောင်ပြီး အလယ်တန်း မြန်မာဆရာအဖြစ် သင်တန်းတက်၍ နတ်မောက်မြို့၌ ကျောင်းဆရာအဖြစ် ခေတ္တဆောင်ရွက်သည်။**

### နတ်မောက်မြို့၏ ပထမဆုံးဘွဲ့ရသူ

ခေတ်အခြေအနေအရ အင်္ဂလိပ်စာသင်ယူရန် စိတ်အားထက်သန်၍ အင်္ဂလိပ်စာသင်ယူနိုင်ရန် ရေနံချောင်းမြို့ ဆရာဦးဟံသာ စာသင်ကျောင်း၌ လက်ထောက်ဆရာအဖြစ် ပြောင်းရွှေ့လုပ်ကိုင်သည်။ ညပိုင်းတွင် အင်္ဂလိပ်စာ အလွတ်သင်ယူသည်။ ထို့နောက် ဘီအိုစီရေနံကုမ္ပဏီ၌ စာရေးအဖြစ် အမှုထမ်း၍ ညပိုင်း အင်္ဂလိပ်စာ ဆက်လက်သင်ယူသည်။ လခ ၁၀၀ ကျပ်ရရာ လစာတစ်ဝက်ကို မိဘထံ ပြန်လည်ထောက်ပံ့သည်။

၁၉၂၃ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ၁၀ တန်းစာမေးပွဲ ဖြေဆိုရန် ဘီအိုစီ ရေနံကုမ္ပဏီမှ အလုပ်ထွက်သည်။ ၁၉၂၃-၂၄ တွင် ရေနံချောင်းအမျိုးသား ကျောင်း၌ ၁၀ တန်းပညာသင်ယူသည်။ အမျိုးသားကျောင်းအုပ်ဆရာကြီး ဦးအေးမောင်၏ ထောက်ပံ့မှုဖြင့် ၁၀ တန်း ဖြေဆိုရာ ၃ ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခံရသည်။ စစ်ပြီးတွင် ရေနံချောင်းပြန်၍ အလွတ်ပညာသင်ကျောင်း ဖွင့်လှစ်သည်။ မြန်မာနိုင်ငံအရေး အခြေအနေအရ ဖဆပလအဖွဲ့ကြီး၏ ဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်နေသည့် ညီငယ် ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးတိုက်ပွဲလုပ်ငန်းများကို ကူညီသောအားဖြင့် ရေနံချောင်းဖဆပလဥက္ကဋ္ဌ တာဝန်ယူသည်။ ရေနံချောင်း ဖဆပလအတွင်းရေးမှူးမှာ ပြည်သူ့ရဲဘော် ခေါင်းဆောင်ဗိုလ်ကျား (ရေနံမြေ) ဖြစ်သည်။

၁၉၄၇ ခုနှစ် ဧပြီလ ၉ ရက်တွင် ကျင်းပသော တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲ၌ မကွေးအနောက်မြောက်မဲဆန္ဒနယ် (ရေနံချောင်းနယ်)မှ ဖဆပလအမတ်အဖြစ် ရွေးချယ်ခံရသည်။ ၁၉၄၇ မေလ ၁၂ ရက်တွင် ဗိုလ်ချုပ်ဦးဆောင်သော ကြားဖြတ်ယာယီအမျိုးသားအစိုးရအဖွဲ့၊ ထောက်ပံ့ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန ဝန်ကြီး ဦးဘဘေ(ဘကြီးဘဘေ) ရာထူး



အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း၏ မိသားစုမှတ်တမ်းဓာတ်ပုံ။

၁၀ တန်းအောင်ပြီး ရေနံချောင်းအမျိုးသားကျောင်း၌ သင်္ချာဆရာအဖြစ် ဆောင်ရွက်သည်။ ၁၉၂၅ ခုနှစ်တွင် မန္တလေးမြို့၌ ဥပစာကောလိပ်စတင်ဖွင့်ရာ တက္ကသိုလ် ပညာဆက်လက်ဆည်းပူးရန် ပိုမိုလွယ်ကူသွားသည်။ ၁၉၂၆-၂၈ တွင် မန္တလေး ဥပစာ ကောလိပ်၌ သိပ္ပံဥပစာ တန်း တက်ရောက်သည်။ ၁၉၂၈ ခုနှစ်တွင် သိပ္ပံဥပစာ စာမေးပွဲကို သင်္ချာဂုဏ်ထူးဖြင့်အောင်၍ အစိုးရစကောလားရှစ်ရသည်။ ၁၉၂၈-၃၀ တွင် ရန်ကုန်တက္ကသိုလ်၌ သင်္ချာဂုဏ်ထူးတန်း ဆက်လက်ပညာဆည်းပူးသည်။ ၁၉၃၀ ပြည့်နှစ်တွင် သင်္ချာဂုဏ်ထူးတန်း ဒုတိယတန်းဖြင့် ဘီအက်စ်စီ (သိပ္ပံ)ဘွဲ့ရသည်။ နတ်မောက်မြို့မှ ပထမဦးဆုံး တက္ကသိုလ် ဘွဲ့ရတစ်ဦးအဖြစ် မှတ်တမ်းတင်ခံရသည်။

ငယ်စဉ်ကပင် ပညာလိုလားစိတ် ထက်သန်၍ စာမေးပွဲများတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည်။ ဘီအိုစီ ရေနံကုမ္ပဏီတွင် တာဝန်ထမ်းဆောင်စဉ်နှင့် မန္တလေးဥပစာကောလိပ်တွင် ပညာသင်ကြားနေစဉ် မတရားမှုများ ကြုံလာပါက ခေါင်းငုံ့မခံဘဲ ရင်ဆိုင်ဖြေရှင်းလေ့ရှိသည်။ တည်ကြည်ဖြောင့်မတ်၍ ညီငယ်များ၏ ပညာရေးကို ဦးစားပေးအနစ်နာခံခဲ့သည်။ သိပ္ပံဘွဲ့ရပြီး လခကောင်း၍ တက်လမ်းရှိသော အစိုးရဝန်ထမ်း မလုပ်ဘဲ အမျိုးသားကျောင်းဆရာဘဝကို ခုံခုံမင်မင်ထမ်းဆောင်သည်။ ရေနံချောင်း အမျိုးသားကျောင်းတွင် အထက်တန်းပြဆရာအဖြစ် ဆောင်ရွက်၍ ညီငယ် ကိုအောင်သန်းနှင့် ကိုအောင်ဆန်းတို့ကို ရန်ကုန်တက္ကသိုလ် ဆက်လက် ပညာသင်ရန် ကူညီထောက်ပံ့ခဲ့သည်။

### မြန်မာ့လွတ်လပ်ရေး တိုက်ပွဲလုပ်ငန်းများ၌ ကူညီ

မိခင်ဒေါ်စု၏ စီမံမှုဖြင့် ၁၉၃၆ ခုနှစ်တွင် တောင်တွင်းကြီးမြို့ ရှေ့နေဦးအံ့၊ ဒေါ်ရွှေမေတို့၏သမီး မခင်စောနှင့် လက်ထပ်ခဲ့သည်။ ၁၉၄၁-၄၂ တွင် ဖြူးမြို့ အမျိုးသားကျောင်း၌ ကျောင်းအုပ်ဆရာကြီးအဖြစ် ပြောင်းရွှေ့တာဝန် ထမ်းဆောင်သည်။

ဂျပန်ခေတ် ၁၉၄၂-၄၅ ခုနှစ်တွင် တောင်တွင်းကြီးမြို့၊ ထို့နောက် နတ်မောက်မြို့ ပြောင်းရွှေ့နေထိုင်သည်။ ၁၉၄၃ ခုနှစ်တွင် နတ်မောက်မြို့မှ နုတ်ထွက်သွားသည်။ ဖဆပလအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌသခင်နုသည် ဦးဘဝင်းထံ လစ်လပ်သွားသော ထောက်ပံ့ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးရာထူးလက်ခံဆောင်ရွက်ပေးရန် ကြေးနန်းဖြင့် မေတ္တာရပ်ခံခဲ့သည်။ သခင်နု၏ ကြေးနန်းကို ရေနံချောင်းမြို့နယ် ဖဆပလအတွင်းရေးမှူး ဗိုလ်ကျား (ရေနံမြေ)က လက်ခံဖတ်ရှုပြီး အလုပ်အမှုဆောင်အဖွဲ့ဝင် ကြယ်နီရောင် ကိုမောင်ကိုနှင့် တိုင်ပင်၍ ဦးဘဝင်း၏ သဘောထားကိုမယူဘဲ ဖဆပလအဖွဲ့ချုပ်၏ ဆန္ဒအတိုင်း ဆောင်ရွက်ရန် လွှဲအပ်ကြောင်း ကြေးနန်းပြန်ပို့ခဲ့သည်။ ကြေးနန်းပို့ပြီးမှ ဦးဘဝင်းသိရှိရာ ရာထူးလက်မခံလိုသော်လည်း ရေနံချောင်း ဖဆပလအဖွဲ့၏ ဆန္ဒအရ ဝန်ကြီးရာထူးကို သဘောတူခဲ့ရသည်။

### ဝန်ကြီးတာဝန်ထမ်းဆောင်ရင်း ကွယ်လွန်

၁၉၄၇ ခုနှစ် မေလ ၂၇ ရက်တွင် ဗိုလ်ချုပ်ဦးဆောင်သည့် ကြားဖြတ်ယာယီအမျိုးသား အစိုးရအဖွဲ့၌ ထောက်ပံ့ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ရာထူးလက်ခံ၍ ကျမ်းသစ္စာကျိန်ဆိုသည်။ ၁၉၄၇ ခုနှစ် ဇွန်လ ၁၀ ရက်တွင် ကျင်းပသော ပထမအကြိမ် တိုင်းပြုပြည်ပြုလွှတ်တော်ညီလာခံ တက်ရောက်ခဲ့သည်။ ညီလာခံနောက်ဆုံးနေ့ ဇွန်လ ၁၈ ရက်တွင် အခြေခံ ဥပဒေရေးဆွဲရေး ကော်မတီဝင် ၅၅ ဦးတွင် တစ်ဦး အပါအဝင် ဖြစ်သည်။

ထောက်ပံ့ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ရာထူးလက်ခံပြီး ၁ လနှင့် ၂၂ ရက်အကြာ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ ဗိုလ်ချုပ်ဦးဆောင်၍ ဝန်ကြီးများအစည်းအဝေးကျင်းပနေစဉ် လူသတ်သမားတို့၏ လုပ်ကြံမှုဖြင့် ညီငယ်ဗိုလ်ချုပ်အပါအဝင် လုပ်ဖော်ကိုင်ဖက် ဝန်ကြီးခြောက်ဦး၊ အတွင်းဝန်တစ်ဦး၊ သက်တော်စောင့်တစ်ဦးတို့နှင့်အတူ ကျဆုံးခဲ့ရသည်။

ကျဆုံးချိန် ဇနီး ဒေါ်ခင်စောနှင့် သားသမီး ခြောက်ဦး (မတင်လှဝင်း၊ မောင်စောဝင်း၊ မောင်အေးဝင်း၊ မခင်မြဝင်း၊ မောင်စိန်ဝင်း (ဒေါက်တာစိန်ဝင်း) နှင့် မောင်ထွေးဝင်းတို့ ကျန်ရစ်သည်။ ။

### ဦးဘဝင်း(၁၉၀၁-၁၉၄၇)

ဗိုလ်ချုပ်ဦးဆောင်သော ကြားဖြတ်ယာယီအမျိုးသား အစိုးရအဖွဲ့တွင် ထောက်ပံ့ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး တာဝန်ထမ်းဆောင်နေစဉ် ရန်ကုန်မြို့ အတွင်းဝန်များရုံး ဝန်ကြီးများအစည်းအဝေး၌ ဗိုလ်ချုပ်နှင့်အတူ လုပ်ကြံခံရသည့် အာဇာနည်ခေါင်းဆောင်ကြီး တစ်ဦး ဖြစ်သည်။ ကိုလိုနီခေတ် အင်္ဂလိပ်စာသင်ကျောင်းမရှိသော နတ်မောက်မြို့ကလေးမှ ကိုယ့်ထူးကိုယ်ချွန် စိတ်ဓာတ်ဖြင့် ခေတ်ပညာရှာမှီးခဲ့သူ။ မန္တလေး ဥပစာကောလိပ်နှင့် ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြား၍ ဘီအက်စ်စီ သိပ္ပံဘွဲ့ကို သင်္ချာဂုဏ်ထူး ဒုတိယတန်းဖြင့် အောင်မြင်ခဲ့သည်။ ဘွဲ့ရပြီး အနစ်နာခံ အမျိုးသားကျောင်းဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြုကာ ညီငယ် ကိုအောင်သန်း၊ ကိုအောင်ဆန်းတို့ကို တက္ကသိုလ်ပညာတတ်များ ဖြစ်လာစေရန် လမ်းညွှန်ထိန်းကျောင်းခဲ့သူ။ တည်ကြည်ဖြောင့်မတ်သူ၊ လူတော်လူကောင်းအဖြစ် မိသားစု၊ ရပ်ရွာမြို့နယ်ကို ကျော်လွန်ကာ နိုင်ငံသိ အသိအမှတ်ပြုခံရသည်။ စစ်ပြီးစ ရေနံချောင်းမြို့နယ် ဖဆပလ အဖွဲ့ဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်နေစဉ် ဖဆပလအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ သခင်နုနှင့် အထွေထွေအတွင်းရေးမှူး ဦးကျော်ငြိမ်းတို့၏ မေတ္တာရပ်ခံမှုဖြင့် ဗိုလ်ချုပ်ဦးဆောင်သော ယာယီအမျိုးသားအစိုးရအဖွဲ့တွင် ထောက်ပံ့ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး တာဝန်ထမ်းရွက်ခဲ့ရသည်။ ဝန်ကြီးတာဝန်ယူပြီး ၁ လ နှင့် ၂၂ ရက်ကြာ ၁၉၄၇ ခု၊ ဇူလိုင် ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ညီဖြစ်သူ ဗိုလ်ချုပ်အပါအဝင် လုပ်ဖော်ကိုင်ဖက်ဝန်ကြီး ၆ ဦးနှင့်အတူ မသမာသူ လူသတ်သမားများ၏ လုပ်ကြံမှုဖြင့် တိုင်းပြည်အတွက် အသက်စွန့်ခဲ့ရပါသည်။

“ဂျပန်ခေတ် ၁၉၄၂-၄၅ ခုနှစ်တွင် တောင်တွင်းကြီးမြို့၊ ထို့နောက် နတ်မောက်မြို့ ပြောင်းရွှေ့နေထိုင်သည်။ ၁၉၄၃ ခုနှစ်တွင် နတ်မောက်မြို့ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခံရသည်။ စစ်ပြီးတွင် ရေနံချောင်းပြန်၍ အလွတ်ပညာသင် ကျောင်း ဖွင့်လှစ်သည်။ မြန်မာနိုင်ငံအရေး အခြေအနေအရ ဖဆပလအဖွဲ့ကြီး၏ ဥက္ကဋ္ဌတာဝန်ယူ ဆောင်ရွက်နေသည့် ညီငယ် ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးတိုက်ပွဲ လုပ်ငန်းများကို ကူညီသောအားဖြင့် ရေနံချောင်း ဖဆပလ ဥက္ကဋ္ဌ တာဝန်ယူသည်။ ရေနံချောင်း ဖဆပလအတွင်းရေးမှူးမှာ ပြည်သူ့ရဲဘော် ခေါင်းဆောင် ဗိုလ်ကျား (ရေနံမြေ) ဖြစ်သည်”

# မိုးတွင်းကာလ ရန်ကုန်မြစ်တွင်းသွား စက်တပ်သမ္ဗန်များ စည်းကမ်းလိုက်နာရေးနှင့် ဘေးကင်းလုံခြုံရေး စစ်ဆေး



**ရန်ကုန် ဇူလိုင် ၁၂**

မိုးရာသီကာလအတွင်း ရန်ကုန်မြစ်တွင်းသွား စက်တပ်သမ္ဗန်ကူးတို့ဆိပ်များတွင် သတ်မှတ်ထားသော စည်းကမ်းများ လိုက်နာမှုရှိစေရေး၊ ရေယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ ခရီးသွားပြည်သူများ အန္တရာယ်မဖြစ်ပေါ်စေရေးနှင့် ဘေးကင်းလုံခြုံရေး၊ မိုးကြီးခြင်းနှင့်အတူ လှိုင်းလေပြင်းထန်မှုဖြစ်ပေါ်ပါက ကူးတို့ဆိပ်ကမ်းမှ ခရီးသည်များတင်ဆောင်ပြီး မထွက်ခွာစေရေးအတွက် ယနေ့နံနက်ပိုင်းကစတင်ပြီး ဒလမြို့နယ်အတွင်းရှိ ကူးတို့ဆိပ် ၁၁ ဆိပ်အား မြို့နယ်စက်တပ်ရေယာဉ်ကြီးကြပ်မှုကော်မတီမှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**ကြိုတင်ကာကွယ်**

မိုးရာသီကာလဖြစ်ခြင်းကြောင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် ဒလမြို့နယ် သမဝါယမဦးစီးဌာနမှ ဒလမြို့နယ်အတွင်းရှိ စက်တပ်သမ္ဗန်ကူးတို့ဆိပ်များရှိ စက်တပ်သမ္ဗန်များ ခိုင်ခံ့မှုရှိစေရန်၊ သတ်မှတ်ခရီးသည်ဦးရေသာတင်ဆောင်ရန်၊ အသက်ကယ်အင်္ကျီများကို အဆင်သင့်ထားရှိရန်၊ သတ်မှတ်ထားသည့် ဈေးနှုန်းထက် ပိုမိုကောက်ခံခြင်း မပြုရန်၊ ယာဉ်မောင်းများသည် စက်ချွတ်ယွင်းပါက လက်ခတ်ဖြင့် ကျွမ်းကျင်စွာမောင်းနိုင်သည့် ယာဉ်မောင်းများအား ခန့်ထားစေရန်၊ အရက်သေစာသောက်စားထားပါက ယာဉ်မောင်းခွင့်မပြုစေရန်နှင့် ယာဉ်မောင်းများသည် ရေကြောင်းစီးဆင်းမှုနားလည်စေရန် စသည့် အချက်များကို ကူးတို့သမဝါယမအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့မှ ကြီးကြပ်ဆောင်ရွက်ကြရန် အသိပေး အကြောင်းကြားထားကြောင်း သိရသည်။

မြို့နယ် စက်တပ်ရေယာဉ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းက "ဒီနေ့စစ်ဆေးရေးအဖွဲ့ အနေနဲ့ စက်တပ်သမ္ဗန်တွေ သတ်မှတ်ထားတဲ့ စည်းကမ်းတွေကို လိုက်နာကြဖို့ အမိကတိုက်တွန်းပြောကြားခဲ့ပါတယ်။ အရင်တုန်းက စက်တပ်သမ္ဗန်တစ်စင်းကို တရားဝင်ခရီးသည် ၁၂ ဦးအထိ တင်ဆောင်ပြေးဆွဲခွင့်ရှိပါတယ်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေတဲ့ ကာလအတွင်းမှာ ခရီးသည်ရှစ်ဦးမှ ကိုးဦးအထိ စီးနင်းခ ငွေကျပ် ၁၀၀ သတ်မှတ်ထားတဲ့ ကူးတို့ဆိပ်ဆိုရင် ငွေကျပ် ၅၀ တိုးပြီး စုစုပေါင်း ငွေကျပ် ၁၅၀ ကောက်ခဲ့ရတယ်။ အစိုးရ ရုံးဖွင့်ရက်တွေမှာ နံနက် ၇ နာရီမှ ၉ နာရီနဲ့ ညနေ ၄ နာရီခွဲမှ ည ၆ နာရီအထိ လူစုများလာမှုကြောင့် လူစုလူဝေး မဖြစ်ပေါ်စေဖို့နဲ့ ခရီးသည် အဆင်ပြေစေဖို့အတွက် ရည်ရွယ်ပြီး ကမာကသွယ်၊ စက်မြေ၊ ကမာကဆစ်၊ မှော်စက်ကူးတို့ဆိပ်တွေမှာ ခရီးသည် ကိုးဦးမှ ၁၀ ဦးအထိ ယခင်ငွေကျပ် ၁၀၀ ကောက်ခံခဲ့ရာမှ ငွေကျပ် ၁၅၀ သို့ ကောက်ခံပြေးဆွဲခဲ့ရလို့ ခရီးသည်တွေအနေနဲ့ နားလည်ပေးဖို့ လိုအပ်ပါတယ်" ဟု ပြောကြားခဲ့သည်။

**နေ့စဉ်ပို့ဆောင်ပေး**

ရန်ကုန်မြို့သို့ ကူးသန်းသွားလာရာတွင် ဒလမြို့နယ်မှတစ်ဆင့် အစိုးရဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ပုဂ္ဂလိက ဝန်ထမ်းများနှင့် အထွေထွေလုပ်သားပြည်သူများစွာတို့ကို သမ္ဗတကမ်းခြေ၊ ဈေးဆိပ်၊ ကမာအောင်၊ တံလျှပ်၊ ကမာကသွယ်၊ စက်မြေ၊ ကမာကဆစ်၊ မှော်စက်၊ ဆာပါချောင်၊ ကျောင်းစုနှင့်ကျောင်းစု (ခွဲ)လက်ခပ်မှ စက်တပ်ကူးတို့ဆိပ်တို့မှ ရန်ကုန်မြို့ဘက်ကမ်းရှိ ဗိုလ်တထောင်၊ ပန်းဆိုးတန်း၊ စဉ့်အိုးတန်း၊ မော်တင်လမ်းသစ်၊ မော်တင် (ကိုင်းတန်းအမှတ်-၂)၊ ဆိပ်ကြီးခနောင်တိုကူးတို့ဆိပ်တို့သို့ စက်တပ်သမ္ဗန်များဖြင့် နေ့စဉ် ပို့ဆောင်ပေးလျက်ရှိသည်။

**စုစုပေါင်း ၅၀၄ စင်းရှိ**

ဒလမြို့နယ်၌ ပုဂ္ဂလိကပိုင်ကူးတို့သမ္ဗန်ဆိပ် ခြောက်ဆိပ် ရှိရာ ကမာအောင် ကြီးကြပ်ရေးဆိပ်၌ အစင်းရေ ၁၈၀၊ ရေကန်ကြီးကြပ်ရေးဆိပ်၌ ၂၂ စင်း၊ တံလျှပ်ကြီးကြပ်ရေးဆိပ်၌ ၄၆ စင်း၊ ဆာပါချောင် စက်တပ်ရေယာဉ်ကြီးကြပ်ရေးဆိပ်၌ ၄၁ စင်း၊ ကျောင်းစုစက်တပ်ရေယာဉ် ကြီးကြပ်ရေးဆိပ်၌ ၂၂ စင်း၊ ကျောင်းစု (ခွဲ) လက်ခပ်မှ စက်တပ်ကူးတို့ဆိပ်၌ အစင်း၂၀ ၊ သမဝါယမအသင်းပိုင်ကူးတို့သမ္ဗန်ဆိပ် ငါးဆိပ် ဖြစ်သည့် သမ္ဗတကမ်းခြေကူးတို့ဆိပ်၌ ၃၄ စင်း၊ ကမာကသွယ်ကူးတို့ဆိပ်၌ အစင်း ၃၀ ၊ စက်မြေကူးတို့ဆိပ်၌ ၃၃ စင်း၊ ကမာကဆစ်ကူးတို့ဆိပ်၌ ၄၁ စင်း၊ မှော်စက်ကူးတို့ဆိပ်၌ ၃၅ စင်း စုစုပေါင်း ၅၀၄ စင်းရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**နိုင်လင်းကျော်(ဒလ)**

---

❖ *ကျော့ဖုံးမှ*

မရှိမဖြစ်လိုအပ်နေသော တံတားတစ်စင်းဖြစ်သည်။

ရွှေကျင်ချောင်းကူးတံတားသစ်မှာ ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးသွားပြီ ဖြစ်၍ ယာဉ်များဖြတ်သန်းမောင်းနှင်သွားလာ ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း တံတားအထူးအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်မျိုး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ တံတားသစ်စီမံကိန်း တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၆၄၀၀ ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃) တံတားအထူးအဖွဲ့(၉) ပဲခူးမြို့က ၂၀၁၇ ခုနှစ် ဧပြီလ ပထမပတ်တွင် စတင်တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယင်းတံတားသစ်သည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အရှည် ပေ ၁၆၈၀၊ အကျယ် ပေ ၃၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေ၊ ရေလမ်းကင်းလွတ်အမြင့် ၈ ပေ ၉ လက်မ၊ ရေလမ်းကင်းလွတ်အကျယ် ၈၂ ပေရှိကြောင်း၊ ယာဉ်တစ်စီးချင်းခံနိုင်ဝန် တန် ၆၀ ရှိကြောင်း သိရသည်။

**ပိန်းဇလုပ်သိန်းညွှန့်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

---

# မိုးကြိုးဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပေးနှိုးဆော်

မြန်မာနိုင်ငံတွင် မိုးကြိုးဘေးအန္တရာယ်သည် မိုးကြိုကာလနှင့် မိုးနှောင်းကာလများ၌ ပိုမိုဖြစ်ပွားတတ်ပြီး လေ့လာတွေ့ရှိမှုများအရ တစ်နေ့တာအတွင်း မိုးကြိုးပစ်ခြင်း အဖြစ်အများဆုံးအချိန်မှာ မွန်းတည့် ၁၂ နာရီမှ ညနေ ၆ နာရီအတွင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

မိုးကြိုးပစ်မှုကြောင့် ၂၀၁၉ ခုနှစ်တွင် လူ ၁၃၃ ဦးသေဆုံးခဲ့ပြီး ၅၂ ဦး ဒဏ်ရာရရှိခဲ့ကာ ယခု ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၆ ရက်အထိ လူ ၆၂ ဦးသေဆုံးကာ ၂၆ ဦး ဒဏ်ရာရရှိခဲ့ပါသည်။ မိုးကြိုးပစ်မှုဖြစ်စဉ်များကို ကြည့်ပါက မိုးထစ်ချုန်းရွာသွန်းခြင်း၊ လျှပ်စီးလက်ခြင်း ဖြစ်ပေါ်နေချိန်များတွင် လယ်ကွင်းထဲ၌အလုပ်လုပ်နေစဉ်၊ အိမ်အပြင်ဘက်၌ လူများတစ်စုတစ်စည်းတည်းရှိနေစဉ်၊ လမ်းပေါ်စက်ဘီးတွန်းလာစဉ်၊ မြစ်ကမ်းဘေးတွင်လမ်းလျှောက်လာစဉ်၊ နေအိမ်ခြံဝင်းအတွင်း သစ်ပင်ဘေး၌ထိုင်နေစဉ်၊ ရေမြောင်းတူးနေစဉ်၊ နေအိမ်တံစက်မြိတ်၌ မိုးရေချိုးနေစဉ်၊ နေအိမ်ထဲ၌ရေဒီယိုနားထောင်နေစဉ်၊ အိမ်ထဲ၌ဖုန်းဖြင့်အင်တာနက်အသုံးပြုနေစဉ်၊ ဖုန်းပြောနေစဉ်၊ သစ်ပင်အောက်တွင်မိုးခိုနေစဉ်၊ တောင်ယာတဲအတွင်းရှိနေစဉ်၊ ချောင်းထဲတွင် ငါးဖမ်းနေစဉ်၊ အုန်းပင်အနီးရှိနေစဉ် စသည်ဖြင့် တွေ့ရှိရပါသည်။

သို့ဖြစ်ရာ မိုးကြိုးပစ်မှုများသည် အဆောက်အအုံများအပြင်ဘက်၊ လယ်ကွင်း၊ ကွင်းပြင်များ၌သာမက အိမ်အတွင်း၌ရှိနေစဉ်တွင်ပင် မိုးကြိုးစက်ကွင်းအန္တရာယ်ရှိနိုင်ပြီး သေဆုံးမှုများ၊ ဒဏ်ရာရမှုများ ဖြစ်ပွားတတ်ကြောင်း သတိပြုနိုင်ပါရန်နှင့် မိုးထစ်ချုန်းရွာသွန်းခြင်း၊ လျှပ်စီးလက်ခြင်းများ ဖြစ်ပေါ်နေချိန်တွင် အောက်ပါအချက်များကို အထူးသတိပြု လိုက်နာနေထိုင်ကြပါရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးနှိုးဆော်အပ်ပါသည်-

**(က) အိမ်အပြင်တွင်ရောက်ရှိနေပါက-**

(၁) အိမ်ထဲသို့ ချက်ချင်းပြေးဝင်ပါ။ သံ/သတ္တုပစ္စည်းများကို လက်တွင် ကိုင်မထားပါနှင့်၊ သံ/သတ္တု ပစ္စည်းများသည် လျှပ်စစ် အလွယ်တကူစီးနိုင်သောကြောင့် မိုးကြိုး အလွယ်တကူပစ်နိုင်ပါသည်။

(၂) သစ်ပင်၊ ဓာတ်တိုင်၊ သွပ်ဆူးကြိုးကာထားသည့်ခြံစည်းရိုးနှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်၊

(၃) ရေကူးကန်၊ ရေကန်၊ မြစ်ချောင်း၊ အင်းအိုင် စသည့်နေရာများတွင် ရှိနေခဲ့လျှင် ရေထဲမှချက်ချင်းတက်ပြီး လုံခြုံသည့်နေရာအမိုးအကာရှာ၍နေပါ။

(၄) ကွင်းပြင်ကျယ်တွင် လူစုလူဝေးဖြစ်နေပါက အမြန်ဆုံးလူစုခွဲပါ။

(၅) ကွင်းပြင်တွင် ထီးထီးကြီးမနေပါနှင့်။ မလွှဲသာမရှောင်သာဘဲ ကွင်းပြင်နှင့် လွင်တီးခေါင်အလယ်တွင်ရောက်နေပါက လျှပ်စီးလက်၍ မိုးထစ်ချုန်းသံများ ကြားလျှင် ရပ်မနေဘဲ နီးစပ်ရာ နိမ့်သောနေရာများနှင့် ချိုင့်ဝှမ်းများအတွင်း၌ ဝပ်နေပါ။

(၆) စက်ဘီး၊ ဆိုင်ကယ်ပေါ်ရောက်ရှိနေပါက အမြန်ဆုံးဆင်းပါ။

(၇) ဆံပင်များထောင်လာသည်ဟု ခံစားရပါက မိုးကြိုးပစ်တော့မည့် လက္ခဏာဖြစ်သည်။ ထိုသို့ဖြစ်ပွားပါက ဒူးထောက်ချလိုက်ပြီး လက်နှစ်ဖက်ကို ဒူးပေါ်သို့ ယှက်တင်၍ ခန္ဓာကိုယ်ကို ကွေးညွတ်ထားပါ၊ မြေပြင်ပေါ်တွင် ပြားပြားဝပ်မှောက်မနေပါနှင့်။ ထိုသို့မှောက်နေပါက သင့်ခန္ဓာကိုယ်သည် ပိုကြီးမားသော မိုးကြိုးပစ်မှတ် ဖြစ်သွားနိုင်ပါသည်။

(၈) လှေသမားများ၊ ရေကူးသမားများအနေဖြင့် ဖြစ်နိုင်သမျှ ကမ်းသို့ကပ်ပါ။

**( ခ ) အိမ်အတွင်းတွင်ရှိနေပါက-**

(၁) ဖြစ်နိုင်ပါက အဆောက်အဦ၏ အလယ်တွင်နေပါ။ ပြတင်းပေါက်များနှင့် ဝေးကွာသော နေရာတွင်နေပါ။

(၂) ရေဒီယိုနားထောင်ခြင်း၊ တီဗွီများကြည့်ခြင်းများ မပြုလုပ်သင့်ပါ။

(၃) ဖုန်းပြောခြင်း၊ ဖုန်းဖြင့် အင်တာနက်သုံးခြင်းများ မပြုလုပ်သင့်ပါ။

(၄) လျှပ်စစ်နှင့် ဆိုင်သောပစ္စည်းများကို ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

(၅) လျှပ်စီးများလက်နေသည့်အခါ ရေသုံးစွဲခြင်း၊ ရေချိုးခြင်း မပြုလုပ်သင့်ပါ။ အိမ်အတွင်းရှိ သံ/သတ္တုနှင့်ဆက်စပ်သော ပစ္စည်းများတွင် လျှပ်စစ်စီးဝင်နိုင်သည်ကို သတိပြုပါ။ မည်သည့် သံ/သတ္တုပစ္စည်းကိုမှ မကိုင်ပါနှင့်။ လျှပ်စစ် စီးကူးလွယ်သည့် ပစ္စည်းများနှင့် ဝေးရာတွင် နေထိုင်သင့်ပါသည်။

(၆) မိုးကြိုးအပစ်ရပ်ပြီး နာရီဝက်ကျော်ကြာမှ အိမ်ပြင်သို့ထွက်ပါ။

**( ဂ ) ကားမောင်းနေပါက-**

(၁) အရှိန်ကိုလျှော့ပါ။ လမ်းဘေးသို့ချရပ်ပါ။ ကားထဲတွင်သာ ဆက်နေပါ။

(၂) ကားရပ်ထားစဉ် အရေးပေါ်အချက်ပြမီးကို ဖွင့်ထားပါ။

(၃) သစ်ပင်ကဲ့သို့ ရှည်လျားမြင့်မားသည့်အရာများနှင့် ဝေးရာတွင်နေပါ။ ၎င်းအရာများသည် လေပြင်းဒဏ်ကြောင့်သော်လည်းကောင်း၊ မိုးကြိုးပစ်သည့် ဒဏ်ကြောင့်သော်လည်းကောင်း လဲကျနိုင်၍ဖြစ်သည်။

(၄) ကားထဲတွင်မည်သည့်သံ/သတ္တုပစ္စည်းကိုမှ မကိုင်ပါနှင့်။

(၅) ရေလွှမ်းနေသော လမ်းပေါ်တွင် ကားမမောင်းပါနှင့်။

ပြည်သူလူထုအနေဖြင့် မိုးကြိုးဘေးအန္တရာယ်ဆိုင်ရာ လိုက်နာဆောင်ရွက်ရန် နည်းလမ်းများကို လေ့လာမှတ်သားထားကြပါရန်၊ ကိုယ်တိုင်လိုက်နာဆောင်ရွက်ခြင်း၊ မိမိပတ်ဝန်းကျင်တွင်လည်း အသိပညာမျှဝေခြင်းများဖြင့် မိုးကြိုးဘေးအန္တရာယ်ကင်းဝေးရေး ပါဝင်ဆောင်ရွက်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်သတင်းရယူအကူအညီ တောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

*၂၀၁၇ ခုနှစ် ဇူလိုင်လတွင် ဗန်းမော်စာပေတိုက်မှ ထုတ်ဝေသော ဆရာ ဝမ်းအိုဝမ်းကျော်ဝင်းမောင်၏ မြန်မာ့အာဇာနည်ခေါင်းဆောင် ဆရာကြီး ဦးရာဇတ် စာအုပ်မှ အခန်း (၁၀) ပါ ပါဠိနှင့် အင်္ဂလိပ်စာ စွယ်စုံတော်သည့် ဆရာကြီး ကို ဆရာဝမ်းအိုဝမ်းကျော်ဝင်းမောင်၏ မိသားစုထံမှ ခွင့်ပြုချက်ဖြင့် ပြန်လည်ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။*

# ပါဠိနှင့် အင်္ဂလိပ်စာ စွယ်စုံတော်သည့် ဆရာကြီး

## ဝမ်းအိုဝမ်းကျော်ဝင်းမောင်

ဒီပါဠိတက္ကသိုလ်ကြီး တည်ဆောက်ရေးဟာလည်း ဆရာကြီး ကျဆုံးသွားတာနဲ့အတူ တိမ်မြုပ်ပျောက်ကွယ်သွားပါသတဲ့။

ပါဠိမတတ်ရင် မြန်မာစာ မတတ်ဘူးဆိုတဲ့ သဘောပဲလို့ အဆိုရှိတယ်။ ဗုဒ္ဓဘာသာဘက်က ကြည့်မယ်ဆိုရင်လည်း ပါဠိတတ်မြောက်ဖို့ အရေးကြီးတယ်။ အဲဒီအမြင် ဆရာကြီးမှာ ရှိတယ်။

ဆရာကြီးဟာ စွယ်စုံတော်သူပါ။ မြန်မာစာနဲ့ ပါဠိတော်တဲ့ ကျောင်းသားဟာ အင်္ဂလိပ်စာ ညံ့တတ်ပါတယ်။ အင်္ဂလိပ်စာတော်တဲ့ ကျောင်းသားဟာ မြန်မာစာ ညံ့တတ်ပါတယ်။ ဆရာကြီးကျတော့ မြန်မာစာနဲ့ ပါဠိ၊ ပြီးတော့ အင်္ဂလိပ်စာကိုပါ တော်သူဖြစ်ပါသတဲ့။

၁၉၁၇ ခုနှစ်၊ အိုင်-အေ၊ အထက်တန်းမှာ ပညာသင်ကြားနေချိန် မစ္စတာဘိုင်မီယားရဲ့ အင်္ဂလိပ်စာ-စာစီစာကုံး ပြိုင်ပွဲ ဝင်ရောက်ပြိုင်ပါတယ်။ အစ္စလာမ်ဘာသာရေး အကြောင်း ရေးသားပြိုင်ပွဲဝင်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲမှာ ဆရာကြီး ပထမဆုရခဲ့ပါတယ်။

ဆရာကြီးဟာ ကျောင်းမှာတုန်းက အင်္ဂလိပ်စာ အရေးအသားတော်လွန်းလို့ ပါမောက္ခတွေရဲ့ ချီးကျူးခြင်း မကြာခဏ ခံရတတ်ပါတယ်။

ဆရာကြီးနဲ့ အလွန်ရင်းနှီးတဲ့ ငယ်ပေါင်းသူငယ်ချင်းက ရေနံချောင်း တွင်းစားသူဌေးသား၊ ကုန်စည်ဖြန့်ဖြူးရေး မင်းကြီး ဦးခင်မောင်လတ်က သူ့လက်ထပ်မင်္ဂလာ အခမ်းအနား တက်ရောက်ဖို့ ဆရာကြီးကို ဖိတ်ကြားလိုက်တယ်။ ဒါပေမယ့် သူက မန္တလေးကနေ လက်ထပ် မင်္ဂလာ အခမ်းအနားကို သွားရောက် တက်ရောက်နိုင်ခြင်း မရှိတဲ့အတွက် မင်္ဂလာရတုပိုဒ်စုံကို ရေးသား ပေးပို့လိုက်တယ်။

ဒီရတုပိုဒ်စုံကို မင်္ဂလာအခမ်းအနားမှာ ဖတ်ကြားလိုက်ရာ ကြွရောက်တဲ့ မင်းပရိသတ်များက အထူးသဘောကျ ချီးကျူးကြပါတယ်။ အဲဒီ ရတုပိုဒ်စုံကို သူတို့ရဲ့ မင်္ဂလာလက်ဖွဲ့အဖြစ် အထူးတလည် တရိုတသေ သိမ်းဆည်းထားကြပါသတဲ့။

သူရေးတဲ့ ဒီမင်္ဂလာရတုပိုဒ်စုံရဲ့ အင်္ဂါရပ်သမြောက်ပုံကို စာရေးဆရာကြီး သခ္ခါက ၁၄-၇-၆၉ နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာမှာ "ဤ ရတုပိုဒ်စုံ" ခေါင်းစဉ်နဲ့ ဆောင်းပါးရေးခဲ့ပါတယ်။ ဆရာကြီးသခ္ခါက သူ့ဆောင်းပါးထဲမှာ ဆရာကြီးရဲ့ ရတုစပ်ပုံစပ်နည်း ဘယ်လောက် ပြောင်မြောက်သလဲဆိုတာ အောက်ပါအတိုင်း ချီးကျူးရေးသားထားတာက -

> "ရုတ်တရက်ဖတ်ရလျှင် ဤရတုစာကိုယ်စာကို ရှေးစာဆိုများရဲ့ စာဟောင်းများဟု ထင်ကောင်းထင်ဖွယ် ရှိလိမ့်မည်။ အမှန်တော့လည်း ဤရတုပိုဒ်စုံမှာ ရှေးနှစ်ပေါင်း ၃၀ ကျော်လောက်က ရေးစပ်ခဲ့သော ရတုဟောင်းများ ဖြစ်သည်ကားမှန်၏။ သို့သော် ရှေးခေတ် စာဆိုတော်ကြီး၏ ရတု စာဟောင်းများကား မဟုတ်ပေ။
>
> "သို့ မဟုတ်သော်ငြားလည်း ကာရန်အစပ် အဟပ်နှင့် လေယူလေသိမ်း အဖွဲ့အနွဲ့တို့မှာကား သာမည ပုဂ္ဂိုလ်တစ်ဦး၏ လက်ရာ မဟုတ်ဘဲ အတော်အတန် ကဗျာဉာဏ် ရသ ဂုဏ်နှင့် ပြည့်စုံအောင် နိုင်နိုင်နင်းနင်းဖွဲ့နိုင်သူ တစ်ဦးဖြစ်ကြောင်းကိုမူ သုတေသီများ ခန့်မှန်းနိုင်လောက်ပေသည်"
>
> "ထိုထက် ယင်းကဗျာရှင် မည်သူဖြစ်သည်လို့ သိက ပို၍ အံ့ဩသွားပေလိမ့်မည်။ ထိုရတုပိုဒ်စုံ သုံးပုဒ်၏ စာဆိုရှင်ကား အခြားသူ မဟုတ်ဘဲ ကျွန်ုပ်တို့၏ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်တို့နှင့်အတူ ၁၉ ဇူလိုင် မမေ့နိုင်သော နေ့တွင် ကျဆုံးကွယ်လွန်ခဲ့ရသူတစ်ဦး အပါအဝင် ဖြစ်သည့် ဆရာကြီး ဦးရာဇတ်ပင် ဖြစ်သည်။ ဆရာကြီး ဦးရာဇတ်၏ နာမည်နှင့် ရုပ်လက္ခဏာ အဝတ်အစား အဆင်အပြင်တို့ကို သာမန်တွေ့မြင်ရသူ တစ်ဦးအဖို့မှာကား ထိုကဗျာသည် ဆရာကြီး၏ လက်ရာဖြစ်သည်ဟုဆိုလျှင် အမှန် သံသယစိတ်ခါတ်ဖြင့် အံ့ဩသွားမည် မုချဖြစ်သည်။ သို့သော် ဤရတုပိုဒ်စုံသုံးပုဒ်ကား ဆရာကြီးဦးရာဇတ်၏ လက်ရာစစ်များ သာတည်း။




ပါဠိကို နှိုက်နှိုက်ချွတ်ချွတ် လေ့လာတတ်မြောက်ထားသူ၊ မြန်မာစာ ရတုပိုဒ်စုံကို ပြောင်မြောက်အောင် ဖွဲ့နွဲ့ ရေးသားထားသူဟာ အစ္စလာမ်နာမည် မစ္စတာရာဇတ်နဲ့ လားလားမှ ပန်မစားပါတဲ့။

ဆရာကြီးဟာ မြန်မာမွတ်စလင်တစ်ယောက်၊ ကြည့်ရင် အိန္ဒိယသားကြီးတစ်ယောက်အသွင်၊ ဝတ်တော့လည်း အနောက်တိုင်းဝတ်စုံ၊ အဲဒီပုဂ္ဂိုလ် တစ်ဦးက ဒီလောက် ထည်ဝါခံ့ညားပြောင်မြောက်လှတဲ့ ရတုပိုဒ်စုံကို ရေးသူဟာ ဆရာကြီး ဦးရာဇတ်လို့ဆိုရင် ဟုတ်မှဟုတ်ပါ လေစလို့ နောင် မျိုးဆက်တွေမှာ အငြင်းပွားနိုင်၊ မပွားနိုင်ဆိုတဲ့ ပြဿနာကို အသာထား၊ အခု မျက်မှောက်ခေတ်မှာတောင် စာရေးဆရာကြီး ဆရာသခ္ခါရဲ့ "ဤရတုပိုဒ်စုံ" ဆိုတဲ့ ဆောင်းပါးမျိုး၊ ဗဟိုအမျိုးသား အထက်တန်း ကျောင်းက ဘော်ဒါကျောင်းဆရာကြီး ဆရာဦးထွန်းမောင်ရဲ့ "ခေတ်ပညာတတ် စာဆိုတော် ဆရာကြီးအကြောင်း" စတဲ့ ဆောင်းပါးမျိုးတွေ အခိုင်အမာ ရှိနေလို့ပေါ့။ နို့မို့ရင် အငြင်းပွားနိုင်စရာတွေပါပဲ။

စာရေးဆရာ တက္ကသိုလ် ဘုန်းနိုင်က "သူငယ်ချင်းလို့ပဲ ဆက်၍ ခေါ်မည်ခိုင်" ဆိုတဲ့ ကျော်ကြားလှတဲ့ သူ့ဝတ္ထုစာအုပ်မှာ ဆရာကြီးအပေါ် သူ့အမြင်ကို ဒီလိုရေးသားထားပါတယ်။

> "ဆရာကြီးမှာ အိန္ဒိယလူမျိုး တစ်ဦး အသွင် ပေါ်သည်။ ဆံပင်ဖြူစ ဖြစ်သော်လည်း သွက်လက် ဖျတ်လတ်သည်။ မျက်နှာသည် ခံ့ညားမွန်ရည်၍ တည်ငြိမ်အေးချမ်းသော အပြုံးကို ထာဝစဉ် ဆောင်ထားတတ်သည်။''
>
> "နောင်သောအခါ ဆရာကြီးနာမည်ကို ကျွန်တော် သိရသည်။ ဦးရာဇတ်ဟူသတည်း"
>
> "ဆရာကြီး ဦးရာဇတ်သည် ယခင်က မန္တလေးမြို့မ ကျောင်းအုပ်ကြီး ဖြစ်သည်။ မျိုးချစ်စိတ် ပြင်းထန်သူ တစ်ဦးဟု ကျော်ကြားသည်။''

စာရေးဆရာ-ဆရာနှင်းဦးကလည်း သူ့ရဲ့ "ကျွန်တော့်ဆရာကြီး မစ္စတာရာဇတ်" မှာ အမျိုးသားကျောင်း တစ်ကျောင်းမှာ မွတ်စလင်အမျိုးသားတစ်ဦး ဖြစ်တဲ့ ဆရာကြီးက ကျောင်းအုပ်ကြီး ဖြစ်နေတာဟာလည်း အံ့ဩဖွယ်ရာ ကောင်းတယ်လို့လည်း ရေးသားခဲ့တယ်။

ဒေါက်တာခင်မောင်ညွှန့် အမ်အေ-ပီအိပ်ချ်ဒီဘွဲ့ရ၊ ရန်ကုန်ပညာရေး တက္ကသိုလ် သမိုင်းဌာန၊ ဌာနမှူးကလည်း ဘုန်းကြီးလွှမ်းမိုးတဲ့မြို့မှာ ဗုဒ္ဓဘာသာဝင် မဟုတ်သူ ဆရာကြီးဦးရာဇတ်က ဝင်ဆံ့နေတာဟာလည်း ဆန်းကြယ်နေတယ်လို့ ကျမ်းပြုသူကျွန်တော့်ကို ပြောပြခဲ့ပါတယ်။

ပြီးတော့ ဆရာကြီးရဲ့ အပါးတော်မြဲ ဦးချစ်ဆွေကလည်း ၁၈-၇-၇၀ နေ့ ဟံသာဝတီသတင်းစာမှာ "ဆရာကြီး ဝန်ကြီးဖြစ်ဖို့ မန္တလေးမြို့ လေးပြင်လေးရပ်က ဆရာတော်ကြီး ၁၀ ပါးက ဖ-ဆ-ပ-လ အဖွဲ့ချုပ်မှာ တောင်းဆိုခဲ့တာဟာလည်း မယုံရင် ပုံပြင်မှတ် ဆိုရမလား မသိ" ဆိုပြီးလည်း ရေးခဲ့တယ်။

ဆရာကြီးရဲ့ သမိုင်းမှာ ဆောင်ရွက်ခဲ့တာတွေဟာ ဘုန်းကြီးနဲ့ ဘီးလို ဆက်စပ်မရနိုင်သလို အဖြစ်မျိုးပါ။ သမိုင်းမှာ ယုံတမ်းစကားအဖြစ် မကျန်ရစ်အောင် အထောက်အထားရှိဖို့ လိုအပ်တဲ့အတွက်ကြောင့် ဒီကျမ်းမှာ ပြုစုရေးသားထားရခြင်းပါ။

မြန်မာမွတ်စလင် အမျိုးသား၊ အိန္ဒိယနွယ်ဖွား ရုပ်ပေါက်နေသူက ဒီဂုဏ်မြောက်တဲ့ ရတုပိုဒ်စုံ ရေးတာတို့၊ အမျိုးသားကျောင်းဆရာကြီး လုပ်ခဲ့တာတို့၊ ဖဆပလ-ဥက္ကဋ္ဌအဖြစ် အရွေးချယ်ခံရတာတို့၊ ဗုဒ္ဓဘာသာ သာသနာထွန်းကားနေတဲ့မြို့တော်၊ မြန်မာဘုရင်ရဲ့ နောက်ဆုံး မင်းနေပြည်တော်မှာ ကျောင်းထိုင်ဆရာတော်ကြီးများကိုယ်တိုင် ပြိုင်ဘက်မရှိ တစ်ဦးတည်းသော ပုဂ္ဂိုလ်အဖြစ် ဝန်ကြီးခန့်ဖို့ တစ်သွေးတစ်သံတစ်မိန့်နဲ့ တောင်းဆိုလို့ ဆရာကြီး ဦးရာဇတ် ဝန်ကြီးဖြစ်လာရတာတို့ဟာ ဆရာကြီးရဲ့ ဘဝဖြစ်စဉ် သမိုင်းမှာ အင်မတန် ခိုင်မာတဲ့ မှတ်တမ်းတွေပါ။

တစ်နည်းပြောရရင် မြန်မာ့သမိုင်းမှာ ပြောစမှတ်ဖြစ်လောက်အောင် ဆန်းကိုဆန်းကြယ်နေသူပါ။ ဆရာကြီးကတော့ မလှုပ်လိုက်နဲ့ လှုပ်လိုက်သမျှတော့ အဆန်းချည်းပဲ။ သူများထက်ထူးတဲ့ အပြောအဆို၊ အရေးအသား၊ လုပ်ပုံကိုင်ပုံ၊ ခံယူပုံ၊ မြင်ပုံမြင်နည်း၊ ဆောင်ရွက်ပုံတွေဟာ စာဖွဲ့ကျန်ရစ်လောက်အောင်ဖြစ်ခဲ့လို့ သမိုင်းမှာ မှတ်တမ်းတင်လောက်စရာချည်း ဖြစ်ခဲ့တာပေါ့။

အင်္ဂလိပ်စာကျပြန်တော့လည်း အင်မတန် အရေးအသားကောင်းသူပါ။ ဆရာကြီးရဲ့ ဘော်ဒါဆရာ-ဆရာဦးထွန်းမောင် ပြောပြတာက ဆရာကြီးဟာ အင်္ဂလိပ်စာမှာ စကားပြောထက် စာအရေးအသားက ပိုတော်သတဲ့။

ဆရာကြီးနဲ့ သူ့သူငယ်ချင်း ဦးခင်မောင်လတ်တို့ ကောလိပ်ကျောင်းသားတစ်ဦးရဲ့ စာမေးပွဲမေးခွန်းကို ကျောင်းခန်းမ အပြင်ဘက်ကနေ ဖြေဆိုပေးတဲ့အတွက် သက်ဆိုင်ရာ ကျောင်းအာဏာပိုင်များက သိရှိသွားလို့ သူတို့ နှစ်ဦးကို ကျောင်းက နှစ်နှစ် အပယ်ခံလိုက်ရတယ်။

ဒီတော့ ဆရာကြီးဟာ အိမ်မှာပဲ စာဖတ်၊ စာရေး၊ ညီငယ်တွေစာပြ၊ ဖခင်ရုံးအလုပ်တွေ ကူညီလုပ်ပေး၊ အဲဒီလိုနဲ့ အချိန်ကုန်စေခဲ့ပါတယ်။ တစ်နေ့မှာ ဆရာကြီးရဲ့ ဖခင် မအားတဲ့အတွက် ကင်တိုမင်တပ်မြေဆိုင်ရာ ရာဇဝတ်ဘက်ဆိုင်ရာ အစီရင်ခံစာများကို ကူညီရေးပေးလိုက်တယ်။

ဆရာကြီးရဲ့ ဖခင် ပုလိပ်အင်စပက်တော် မစ္စတာရာမန်ဟာ ကင်တိုမင်တပ်နယ်မြေကိုလည်း ကိုင်ထားရသူပါ။ နယ်ဘက်စစ်ဘက်ဆိုင်ရာ မှုခင်းကို ကိုင်ရပါတယ်။ ရာဇဝတ်ဘက်ဆိုင်ရာမှာက မျက်နှာဖြူများက အကြီးအကဲ ဖြစ်ပါတယ်။ ရာဇဝတ်ဝန်ကြီးက မစ္စတာရှားမင်းတဲ့။

မစ္စတာရှားမင်း ရုံးရောက်လို့ မစ္စတာရာမန် တင်ပြတဲ့ မှုခင်းဆိုင်ရာ အစီရင်ခံစာကို ကောက်ဖတ်ပါတယ်။ အင်္ဂလိပ်လို အရေးအသားအထူးကောင်းနေတော့ သဘောကျနှစ်သက်သွားတယ်။ ချက်ချင်း တယ်လီဖုန်းနဲ့ ဆက်သွယ်ပြီး ခေါ်ယူတွေ့ဆုံတယ်။

*စာမျက်နှာ ၉ သို့*

> **"ဆရာကြီး ဦးရာဇတ်သည် ယခင်က မန္တလေးမြို့မ ကျောင်းအုပ်ကြီး ဖြစ်သည်။ မျိုးချစ်စိတ် ပြင်းထန်သူတစ်ဦးဟု ကျော်ကြား"**

*စာမျက်နှာ ၈ မှ*

မစ္စတာရာမန်ရောက်တော့ "ခရီးရောက်မဆိုက် အစီရင်ခံစာဟာ မင်းလက်ရာ မဟုတ်ပါဘူး။ ပညာတတ် အင်္ဂလိပ်လူမျိုးတစ်ဦးရေးထားတာ ဖြစ်ရမယ်၊ ဘယ်သူ ရေးတာလဲ" လို့ မေးပါတယ်။ "ကျွန်တော့်သားရေးတာ ပါ"လို့ မထိမ်မဝှက် ဘွင်းဘွင်းပဲ ဟုတ်တိုင်းမှန်ရာကိုဖြေလိုက် တယ်။ ရာဇဝတ်ဝန်ကြီးက တအံ့တသြ ဖြစ်သွားတယ်။

"မင်းသား ဒီလောက် အင်္ဂလိပ်စာတော်ကြောင်း ငါမသိဘူး၊ ဒီလိုဆိုရင် မင်းသားကို ရာဇဝတ်ဘက်မှာ ဝင်အမှုထမ်းစေပါလား၊ ဒါရိုက်ပုလိပ်အင်စပက်တော် ရာထူးခန့်လိုက်မယ်။ ငါသူ့ကို တွေ့ချင်တယ်။ မနက်ဖြန် မနက် မင်းသားကို ငါ့အိမ်လွှတ်လိုက်" လို့ အမိန့်ပေး လိုက်တယ်။

ချိန်းထားတဲ့အချိန် ဆရာကြီးတစ်ယောက်တည်း မစ္စတာရှားမင်းအိမ်ကို သွားပါတယ်။ မစ္စတာရှားမင်းက အင်္ဂလန်ကရောက်ခါစ သူ့ဇနီးနဲ့ ဆရာကြီးကို မိတ်ဆက် ပေးတယ်။ မစ္စတာရှားမင်းတို့ ဇနီးမောင်နှံ နှစ်ဦးနဲ့ အာလာပသလ္လာပ စကားပြောကြတယ်။ ဆရာကြီးဟာ အင်္ဂလိပ်စကားကို လေယူလေသိမ်း အသံထွက်ကအစ အင်္ဂလိပ်နီးပါး ပြောတတ်ပုံကို သူတို့ ဇနီးမောင်နှံနှစ်ဦးက ချီးကျူးကြတယ်။ ပြီးတော့ သူတို့ဇနီးမောင်နှံနှစ်ဦး စလုံးကပဲ ဆရာကြီးကို ပုလိပ်ဘက်မှာ ဝင်ရောက် အမှုထမ်းဖို့ တိုက်တွန်းတယ်။ ပုလိပ်အင်စပက်တော်အဖြစ် ချက်ချင်းခန့်ပေးမယ်တဲ့။

ဆရာကြီးက သူ့ကို ရာဇဝတ်ဝန်ကလေးရာထူး ခုချက်ချင်းပေးမယ်ဆိုရင် ပုလိပ်ဘက်မှာ ဝင်အမှုထမ်း ပါမယ်လို့ အေးအေးဆေးဆေးလေး အဖြေပေးခဲ့သတဲ့။

ရာဇဝတ်ဝန်ကြီးက ဒီလောက်မြင့်တဲ့အဆင့်ကိုတော့ သူ့အနေနဲ့ ဘယ်လိုမှ ခန့်မပေးနိုင်ကြောင်း၊ ဒါပေမယ့် ဒီအဆင့်က စလုပ်ရင်းကနေ မကြာခင် ရာထူးတိုးမြှင့်သွား အောင် သူထောက်ခံကူညီ ဆောင်ရွက်ပေးနိုင်ကြောင်း ရှင်းပြပါတယ်။

ဆရာကြီးက လက်မခံဘဲ အေးအေးဆေးဆေး နှုတ်ဆက်ပြန်လာတယ်။ ဆရာကြီးရဲ့ မိဘများကတော့ ဒီအခွင့်အရေးကို လက်မလွှတ်စေချင်ပါဘူး။ အလုပ်ဝင် လုပ်စေချင်ကြတယ်။ ဒါပေမယ့် ဆရာကြီးကတော့ အစိုးရ အမှုထမ်း ဝင်မလုပ်ချင်ဘူး၊ ဒီတော့ မိဘစိတ်ချမ်းသာအောင် လှည့်ပြီး သူ့ကို ပုလိပ် ရာဇဝတ်ဝန်ကလေး ဒါရိုက်ပေးရင် တော့ ဝင်လုပ်မှာပဲတဲ့၊ အခုတော့ ဒီလောက် ပညာတွေသင် ထားပြီးမှ ပုလိပ်အင်စပက်တော် တိုက်ပိုင်လောက်နဲ့တော့ ရောင့်ရဲ တင်းတိမ်မနေချင်ဘူး၊ ကိုယ့်ပညာနဲ့ တန်ရာ တန်ရာဆိုရင် တော်သေးတယ်ဆိုပြီး မိဘကို နှစ်သိမ့်ပါ တယ်၊ မိဘစိတ်ချမ်းသာအောင် စကားတွေ လှည့်ပတ် ပြောပြီး ပုလိပ်အင်စပက်တော်ရာထူးကို ရှောင်ခဲ့တယ်။

ဆရာကြီးဟာ ကျောင်းက နှစ်နှစ် ပယ်ခံရပြီး ကျောင်းပြန်နေခွင့်ရတော့ ရန်ကုန်တက္ကသိုလ် ပြန်တက်ပါတယ်။ ၁၉၂၀ ပြည့်နှစ် တက္ကသိုလ် ကျောင်းသား သပိတ်ကြီးမပေါ်ခင် သီတင်းကျွတ် ကျောင်းပိတ်ရက်မို့ ဆရာကြီး မန္တလေးအိမ်ကို ပြန်လာ ခဲ့ပါတယ်။ တစ်ခါက အဖြစ်အပျက် တစ်ခုလည်း ရှိတယ်။ မန္တလေးနန်းတွင်း စစ်ဆေးရုံက ဆရာဝန် ဦးထွန်းဖေ (အလ်အမ်ပ်)ဟာ ဆရာကြီးရဲ့ မိတ်ဆွေတစ်ဦးပေါ့။ သူက နန်းတွင်းနဲ့ အရှေ့ပြင်ရှိ ရပ်သူ ရပ်သားများကို ဆေးကုသပေးရပါတယ်။ သူ့ကို ထားဝယ်မြို့ ဆေးရုံသို့ ပြောင်းရွှေ့တာဝန်ယူဖို့ အမိန့်ရောက်လာတယ်။

ဒီတော့ သူက မန္တလေးရှိ ဆွေမျိုးမိတ်ဆွေတွေကို ခွဲခွာပြီး မပြောင်းချင်ဘူး ပြောင်းရမှာကို စိတ်မချမ်းမသာ ဖြစ်နေတယ်။ ဒီတော့ သူ့အတွက် မပြောင်းရအောင် အသနားခံစာတစ်စောင် ရေးပေးပါလို့ ဆရာကြီးဆီ မေတ္တာ ရပ်ခံတယ်။ အမြဲတမ်း သူတစ်ပါးရဲ့ အခက်အခဲ ကို ဖြေရှင်းပေးလေ့ရှိတဲ့ သူ့ပင်ကိုစရိုက်အတိုင်းပဲ ဆရာကြီးဟာ အသနားခံလွှာ စာတစ်စောင်ကို တစ်ထိုင် တည်းနဲ့ ကောက်ကာငင်ကာ ရေးပေးလိုက်ပါတယ်။

ဆရာဝန်ကြီးက ကပ္ပတိန်ဖူးလား (အိုင်အမ်အက်စ်) တဲ့။ သူက ဦးထွန်းဖေရဲ့ စာကို ဖတ်ကြည့်ရင်း စိတ်ထိ ခိုက်လာတယ်။ မျက်ရည်များပင် လည်လာသတဲ့။ ဒီလောက် အင်္ဂလိပ်လူမျိုးတစ်ယောက်ကို ထိထိမိမိနဲ့ စိတ်ထိခိုက်ကာ မျက်ရည်ကျလောက်အောင် ရေးနိုင်တဲ့ ကလောင်ရှင်ဟာ ဘယ်သူလဲ၊ မင်းကိုယ်တိုင်ပဲ ရေးတာ လား မှန်မှန်ပြောပါလို့ ခေါ်ပြီး မေးပါသတဲ့။

ဆရာဝန် ဦးထွန်းဖေလည်း မှန်ရာကို ပြောပြလိုက် တယ်။ ဆရာဝန်ကြီး ကပ္ပတိန်ဖူးလားက "မြန်မာလူမျိုး ထဲမှာ ဒီလောက် အင်္ဂလိပ်စာတော်တဲ့လူ ရှိလိမ့်မယ်လို့ မထင်ကြောင်း ရိုးရိုးသားသား ဝန်ခံလိုက်သတဲ့။ အင်္ဂလိပ် လူမျိုးတစ်ယောက်ကို မျက်ရည်လည် လောက်အောင် ကလောင်ကွန့်နိုင်တဲ့အတွက်လည်း ချီးကျူးကြောင်း၊ ဒီလောက် အင်္ဂလိပ်စာတော်တဲ့ ပုဂ္ဂိုလ် နဲ့ တွေ့ပေးစေလိုကြောင်းပြောပြီး ဆရာဝန် ဦးထွန်းဖေ ကိုလည်း ပြောင်းရွှေ့အမိန့်ကို ပြန်ရုပ်သိမ်းလိုက်ကာ အခြားတစ်ဦးကို အစားထိုး ပြောင်းရွှေ့စေသတဲ့။

ဆရာဝန်ကြီး ဦးထွန်းဖေလည်း ဆရာကြီးနဲ့ ဆရာဝန်ကြီး ကပ္ပတိန်ဖူးလားကို တွေ့ဆုံမိတ်ဆက် ပေးလိုက်ပါတယ်။ ဆရာဝန်ကြီးကလည်း ရာဇဝတ် ဝန်ကြီး မစ္စတာ ရှားမင်းလိုပဲ အင်္ဂလိပ်စာ အရေးအသား ကောင်းတဲ့အတွက် ချီးကျူးစကားပြောကြားပြန်ပါ သတဲ့။ *(ဆက်လက်ဖော်ပြပါမည်)*

## မင်္ဂလာရတုပိုဒ်စုံ

ငယ်ပေါင်းချစ်ဆွေ၊ မန်းရပ်မြေက၊ စေ့ရေတွေးဆ၊ ချီအချဖြင့်၊ ညီမျှစေမှု၊ စုံရတုဟု၊ ယခုရေးစီ၊ စာပလီကို၊ နာရီဖင့်လား၊ ခွင့်မအားလည်း၊ ရပ်ခြားဝေးကြူ၊ စာပေးသူအား၊ ရေးယူကြောင်း ဟိတ်၊ ချစ်ကြည်စိတ်ဖြင့်၊ တဆိတ်လောက်ပင်၊ ရှုစေချင်၏။ ဟိုစဉ်ငယ်သော်၊ သက်ဆယ်ကျော်က၊ နှစ်ဖော်တူကွ၊ မေတ္တာမျှ၍၊ ဒေသကွာဝေး၊ ရှိလေသေး လည်း၊ အေးလျှင်အတူ၊ ပူလျှင်မကွဲ၊ ရှိစမြဲဟု၊ ဝမ်းထဲပိုက်ခါ၊ ဆင်မိပါ၏။ ခုမှာတကြောင်း၊ တဇာတ်ပြောင်း၍၊ ငယ်ပေါင်း မျိုးမြတ်၊ ခင်မောင်လတ်၏၊ စုတ်သပ်ချင်ဖွယ်၊ ချစ်ကြိုးနွယ်သည်၊ ပျက်ပြယ်ထင်ရ ပြန်တော့သည်။

သွယ်ပြောင်းလှစ်ခွေ၊ မှာလိုက်ပေ၏။ ရက်ရေမကွာ၊ ဟိုစဉ်ခါက၊ စာလာစာပြန်၊ စာတမန်သည်၊ ဖန်ဖန်သွယ်ဆက်၊ ရှိပါလျက်နှင့်၊ ဖြစ်ပျက်ရပုံ၊ ကြောင်းဥသုံကို၊ စေ့ငုသေချာ၊ မသိပါငဲ့၊ ထင်ရာ ထင်မှား၊ ကြံစဉ်းစားသော်၊ ရပ်ခြားနယ်ဝေး၊ မြို့ မကွေးက၊ စာပေးလေတိုင်း၊ ရေလှိုင်းမြစ်ကြော၊ စာသဘော်သည် ဝဲသြဃစုပ်၊ နစ်ခါမြုပ်၍၊ ငုပ်လေ သလော၊ ကြံစိတ်စောလျက်၊ တွေးတောစဉ်တွင်၊ ယခင်မိတ်ဦး၊ သူတထူး၏၊ အိမ်မှူးထံမှောက်၊ ပို့ရောက်စေလာ၊ လတ်၏ စာကို၊ သေချာသိမှ၊ သတိရ၍၊ ဖြစ်ရလေတယ်၊ ညိုစိတ်ငယ်သည်။ ရှက်ဖွယ်မြင်ရ ပြန်တော့သည်။

ဘယ်ကြောင်းဖြစ်ထွေ၊ မြင်မိချေ၏။ ရွှေငွေ စုပေါင်း၊ ရေနံချောင်းဟု၊ မြစ်စောင်းမို့မို့၊ မှိုင်းရည်သို့တဲ့၊ မြို့နဂရာတွင်၊ သပြာစန်းငွေ၊ သန်းကုဋေ ဖြိုး၊ မှန်းခြေကိုး၍၊ အကျိုးခွင့်ပေး၊ တွင်းသူဌေး၏၊ ရင်သွေးပိုက်ဖြား၊ ပျိုနုထွားနှင့် စုလျားပတ်ရစ်၊ လွတ်ပေါင်းကျစ်၍၊ အချစ်ခတ်ငွေ့၊ သူ့ရင်ငွေ့ကြောင့်၊ မေ့လေသလား၊ စဉ်းစားတတ်ပေါင်၊ တို့မောင်မောင်သည်၊ ယခေါင်ပြကတော့၊ စိတ်မှ ရွှေ့လျက်၊ လိပ်မေ့ ဖွတ်ချေ၊ ပတတ်မေ့နှင့်၊ မေ့အမျိုးမျိုး၊ မေ့ပင် ပျိုးလည်း၊ မညှိုးမေတ္တာ၊ ရှိလျက်ပါဟု၊ ထက်ညာမန်းပျော်၊ အဆွေတော်က၊ ထုတ်ဖော် ရှုဖွယ်၊ စီကုံးခြယ်သည်၊ ဆက်သွယ်ခင်ရ ပြန်တော့သည်။

**ဦးရာဇတ်**

**" မြန်မာမွတ်စလင် အမျိုးသား၊ အိန္ဒိယနွယ်ဖွား ရုပ်ပေါက်နေသူက ဒီဂုဏ်မြောက်တဲ့ ရတုပိုဒ်စုံ ရေးတာတို့၊ အမျိုးသားကျောင်းဆရာကြီး လုပ်ခဲ့တာတို့၊ ဖဆပလ-ဥက္ကဋ္ဌအဖြစ် အရွေးချယ်ခံရတာတို့၊ ဗုဒ္ဓဘာသာ သာသနာထွန်းကားနေတဲ့မြို့တော်၊ မြန်မာဘုရင်ရဲ့ နောက်ဆုံး မင်းနေပြည်တော်မှာ ကျောင်းထိုင် ဆရာတော်ကြီးများကိုယ်တိုင် ပြိုင်ဘက်မရှိ တစ်ဦးတည်းသော ပုဂ္ဂိုလ်အဖြစ် ဝန်ကြီးခန့်ဖို့ တစ်သွေးတစ်သံတစ်မိန့်နဲ့ တောင်းဆိုလို့ ဆရာကြီး ဦးရာဇတ် ဝန်ကြီးဖြစ်လာရတာတို့ဟာ ဆရာကြီးရဲ့ ဘဝဖြစ်စဉ် သမိုင်းမှာ အင်မတန်ခိုင်မာတဲ့ မှတ်တမ်းတွေပါ"**

# ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့တို့၌ ဇူလိုင် ၁၁ ရက် ညနေပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှု ကြောင့် ဧရာဝတီမြစ်ရေမြင့်တက်ခဲ့ပြီး မြေနိမ့်ပိုင်းရပ်ကွက် များသို့ မြစ်ရေစတင်ဝင်ရောက်ခဲ့ရာ ဇူလိုင် ၁၂ ရက် မွန်းလွဲ ၃ နာရီအထိ မြစ်ကြီးနားမြို့ ရမ်ပူ၊ ကြက်ပေါင်ခြံ၊ လယ်ကုန်း နှင့် မြို့သစ်ကြီးရပ်ကွက်တို့မှ အိမ်ထောင်စု ၁၃၆ စု၊ လူဦးရေ ၅၇၉ ဦးတို့ သည် ရေဘေးကယ်ဆယ်ရေး စခန်း ကိုးခုသို့ လည်းကောင်း၊ ဝိုင်းမော်မြို့ အမှတ်(၁) နှင့် သပြေကုန်းရပ်ကွက်တို့မှ အိမ်ထောင်စု ခြောက်စု၊ လူဦးရေ ၂၂ ဦးသည် အထက(၂) ရေဘေး ကယ်ဆယ်ရေးစခန်းသို့ လည်းကောင်း ခေတ္တပြောင်းရွှေ့ခိုလှုံလျက်ရှိသည်။

ရေကြီးရေလျှံမှုများဖြစ်ပွားသည့် နေရာများသို့ ကချင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်နှင့်အတူ သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ကချင်ပြည်နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ယနေ့ တွင် သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်း စီမံဆောင်ရွက်ပေးခဲ့သည်။ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ကယ်ဆယ်ရေးစခန်းများရှိ ရေဘေး ရှောင်ပြည်သူများအား ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၏ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက် ကြရန် အသိပညာပေး၍ အဝတ်နှာခေါင်းစည်း ၅၇၉ ခုနှင့် ဆပ်ပြာ ၁၃၆ တောင့်တို့အား ထောက်ပံ့ခဲ့ကာ ဆန်ရိက္ခာဖိုး များကို ဆက်လက်ထောက်ပံ့သွားနိုင်ရေး ဌာနဆိုင်ရာများ နှင့် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

**သတင်းစဉ်**



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ရေကြီးရေလျှံမှုဖြစ်သည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

## ပေါင်မြို့နယ်တွင် ၂၀၁၉ ခုနှစ်အတွင်း ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ကေများအတွက် ဒုတိယအကြိမ်ထောက်ပံ့

**ပေါင် ဇူလိုင် ၁၂**

ပေါင်မြို့နယ်တွင် ၂၀၁၉ ခုနှစ်အတွင်း မိုးစပါးစိုက်ပျိုးရာသီ၌ ရေကြီးနစ်မြုပ်ပျက်စီးသွား သည့် မိုးစပါးစိုက်ကေများအတွက် ဒုတိယအကြိမ် ထောက်ပံ့ငွေပေးအပ်ပွဲကို ဇူလိုင် ၁၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

အခမ်းအနားတွင် ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်၊ မြို့နယ်မြေစာရင်း ဦးစီးမှူး ဦးကျော်အောင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်စွာလှိုင်တို့က အမှာစကား ပြောကြားခဲ့ပြီး ပျက်စီးမိုးစပါးစိုက်ကေများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ရာ သက်ဆိုင်ရာရပ်/ကျေးလယ်ယာမြေ စီမံခန့်ခွဲရေးဥက္ကဋ္ဌများက ကိုယ်စားလက်ခံရယူ ကြသည်။

ပေါင်မြို့နယ်တွင် ပြီးခဲ့သည့်နှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ပျက်စီးသွားသည့်မိုးစပါး စိုက်ကေ စုစုပေါင်း ၄၄၀၃ ဧကရှိပြီး ယင်းထဲမှ ၃၄၇၂ ဧကကို ဖေဖော်ဝါရီလ ပထမပတ်တွင် ထောက်ပံ့ပေးခဲ့ကာ ယခုကျန်ရှိသည့် ၉၃၁ ဧကအတွက် ဒုတိယအကြိမ် ဆက်လက် ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။

ထိုသို့ထောက်ပံ့ငွေပေးအပ်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏အရေးပေါ်ရန်ပုံငွေမှ ပျက်စီးမိုးစပါးစိုက်ကေ တစ်ကေလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ထောက်ပံ့ပေးခဲ့ခြင်း ဖြစ်သည်။

**ဝင်းမင်းသန်း (ပြန်/ဆက်)**

# ရွှေကူမြို့၌ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် လူနေအိမ်အချို့ ပြောင်းရွှေ့နေရာချထားခြင်းများဆောင်ရွက်

**ရွှေကူ ဇူလိုင် ၁၂**

ကချင်ပြည်နယ် ရွှေကူမြို့တွင် ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် အမှတ်(၄) ရပ်ကွက်ရှိ လူနေအိမ်အချို့ ဧရာဝတီမြစ်ရေဝင်သဖြင့် ယနေ့ မွန်းလွဲ ၁ နာရီခွဲခန့်က ရွှေကူမြို့နယ် မီးသတ်ဦးစီးဌာနမှ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ (ယာပုံ)



ယင်းသို့ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရွှေကူမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်သန်းနှင့် တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်တစ်စီးဖြင့် ဧရာဝတီ မြစ်ရေဝင်သော အိမ်ထောင်စုလေးစုအား ရေဘေးလွတ်ရာသို့ ပစ္စည်းများ ထုပ်ပိုးသယ်ယူပို့ဆောင်ခြင်းများ ဆောင်ရွက်သည်။

အဆိုပါရေဘေးကျရောက်သော အိမ်ထောင်စု လေးစုအား မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရွှေကူမြို့ အမှတ်(၄)ရပ်ကွက်ရှိ မြဝတီ ဘုန်းတော်ကြီး ကျောင်းတိုက်တွင် ပြောင်းရွှေ့နေရာချထားခြင်း လုပ်ငန်း များ ဆောင်ရွက်ထားရှိကြောင်း သိရသည်။ **ကျော်မျိုးအောင်(ပြန်/ဆက်)**

●*ကျောဖုံးမှ*

အနိုင်ယူပြီး ၂၀၁၃ ခုနှစ်တွင် ဖာဂူဆန်တင်ထားခဲ့သည့် ၁၈ ပွဲ ရှုံးပွဲမရှိ စံချိန်ကို လိုက်မီသွားမလား စောင့်ကြည့်ရမည်ဖြစ်သည်။

ဆောက်သမ်တန်အသင်းသည် ပရီမီယာလိဂ် ၃၄ ပွဲ ကစားပြီးချိန်တွင် ရမှတ် ၄၄ မှတ်ဖြင့် အဆင့် ၁၂ နေရာတွင် ရပ်တည်နေသည့်အသင်းဖြစ်ပြီး တန်းဆင်းရမည်အခွင့်အရေးမရှိသောကြောင့် မန်ယူအသင်းကို ဖိအားကင်းကင်းနှင့် ရင်ဆိုင်သွားဖွယ်ရှိနေသည်။ ဆောက်သမ်တန်အသင်းသည် မန်ယူအသင်းနှင့် ပွဲစဉ်ပြီးလျှင် ဘရိုက်တန်၊ ဘုန်းမောက်၊ ရှက်ဖီးအသင်းတို့နှင့် ယှဉ်ပြိုင်ကစားသွားရန် ကျန်ရှိနေသေးသည်။

မန်ယူနှင့် ဆောက်သမ်တန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံး ရှစ်ကြိမ်တွင် မန်ယူအသင်း ရှုံးပွဲကြုံတွေ့ထားခြင်းမရှိဘဲ မန်ယူအသင်းက လေးပွဲနိုင်၊ လေးပွဲ သရေကျထားသည်။ ထို့အပြင် မန်ယူအသင်းသည် နောက်ဆုံး အိမ်ကွင်းငါးပွဲတွင်လည်း ပြိုင်ဘက်အသင်းတိုင်းကို ဂိုးသွင်းယူထားနိုင်သည်။ မန်ယူအသင်း၏ တိုက်စစ်ပိုင်းတွင် ပွဲထွက်ခွင့်ရရှိလာသည့် ဂရင်းဝုဒ်သည် ပြီးခဲ့သည့်အက်စ်တွန်ဗီလာအသင်းနှင့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်မှုကြောင့် ဝိန်းရွန်းနေပြီးနောက် ဒုတိယမြောက် အသက်အငယ်ဆုံးကစားသမားအဖြစ် လိဂ်သုံးပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့သည့် မှတ်တမ်းပိုင်ဆိုင်ခဲ့သည်။ ဝိန်းရွန်းနေသည် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် လိဂ်သုံးပွဲဆက်ဂိုးသွင်းယူနိုင်ခဲ့သည့်အချိန်တွင် ၁၉ နှစ်နှင့် ၁၂၅ ရက်သာ ရှိသည်။ ဂရင်းဝုဒ်၏ လိဂ်သုံးပွဲဆက် ဂိုးသွင်းယူနိုင်သည့် အသက်မှာ ၁၈ နှစ်နှင့် ၂၈၂ ရက်သာရှိကြောင်း သိရသည်။ ထို့ကြောင့် ဂရင်းဝုဒ် အနေဖြင့် ဆိုးလ်ရှား၏ ယုံကြည်မှုကို ရရှိလာပြီးနောက် ယခုဆောက်သမ်တန်နှင့်ပွဲစဉ်တွင် ပွဲထွက်ခွင့်ရရှိလာသည်။ **အောင်ဇော်**

## ပရီမီယာလိဂ် ပွဲစဉ် (၃၅) အနိုင်အရှုံး

၁၂-၇-၂၀၂၀

| | | |
|---|---|---|
| ဝုလ်ဖ် | ၃ - ၀ | အဲဗာတန် |
| ဗီလာ | ၂ - ၀ | ပဲလေ့စ် |
| စပါး | ၂ - ၁ | အာဆင်နယ် |

# AFC Cup ပြိုင်ပွဲ အာဆီယံဇုန် အုပ်စုလက်ကျန်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် မြန်မာကလပ်အသင်းများ ဆန္ဒရှိနေ

**နေပြည်တော် ဇူလိုင် ၁၂**

မြန်မာကလပ်အသင်းများဖြစ်သည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့သည် ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားထားသည့် ၂၀၂၀ ရာသီ AFC Cup ပြိုင်ပွဲ အာဆီယံဇုန် အုပ်စုလက်ကျန်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် ဆန္ဒရှိနေကြောင်း သိရသည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် AFC Cup ပြိုင်ပွဲ အုပ်စုပွဲများကို အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ကျင်းပ လျက်ရှိသော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ပြိုင်ပွဲကျင်းပသည့်ပုံစံ ပြောင်းလဲကာ ပြိုင်ပွဲဝင်အသင်းများ ခရီးသွားလာမှုနည်းပါးစေရန် အုပ်စု တစ်ခုကို အိမ်ရှင်တစ်နိုင်ငံ ရွေးချယ်၍ ကျင်းပရန် စီစဉ်နေခြင်းဖြစ်သည်။ ထို့ကြောင့် အာရှဘောလုံးအဖွဲ့ချုပ် သည် အာဆီယံဇုန်တွင် ပါဝင်သည့် နိုင်ငံခုနစ်နိုင်ငံမှ ကလပ်အသင်းများ၏ ဆန္ဒသဘောထားကို မေးမြန်းထား ခြင်းဖြစ်ပြီး ယခုနှစ် ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရထားသော မြန်မာကလပ်အသင်းများဖြစ်သည့် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်တို့ နှစ်သင်းစလုံး အိမ်ရှင်အဖြစ် လက်ခံ ကျင်းပခွင့်ရရန် ဆန္ဒရှိနေခြင်းဖြစ် သည်။



၂၀၂၀ ရာသီ AFC Cup ပြိုင်ပွဲတွင် ရန်ကုန်အသင်းနှင့် ဟောင်အန်အသင်း ယှဉ်ပြိုင်နေစဉ်။ ဖိုးသော်ဇင်

အာရှဘောလုံးအဖွဲ့ချုပ်သည် အိမ်ရှင်နိုင်ငံ အဆိုပြုမှုကို ဇူလိုင် ၁၀ ရက် နောက်ဆုံးထား သတ်မှတ်ထား သော်လည်း မြန်မာနိုင်ငံတွင် ဘောလုံး ပြိုင်ပွဲများ ကျင်းပခွင့်ရရန် ခွင့်ပြုချက် မရသေးသောကြောင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ရက်ထပ်တိုးပေး ရန် အာရှဘောလုံးအဖွဲ့ချုပ်ထံ တင်ပြ ထားကြောင်း သိရသည်။ AFC Cup ပြိုင်ပွဲ အာဆီယံဇုန်တွင် အုပ်စုသုံးခု ပါဝင်ပြီး ရန်ကုန်အသင်းသည် ပထမ အကျော့တွင် ဗီယက်နမ်ကလပ် ဟိုချီမင်းစီးတီးအသင်း၏ တောင်းဆိုမှုကြောင့် အိမ်ကွင်းပြောင်းလဲကစား ပေးခဲ့ရ၍ ပထမအကျော့သုံးပွဲစလုံး အိမ်ကွင်းကစားခဲ့ရပြီး ဒုတိယအကျော့ ကိုလည်း အိမ်ရှင်လက်ခံကျင်းပခွင့် ရပါက အုပ်စုခြောက်ပွဲစလုံးကို အိမ်ကွင်း၌ ကစားခွင့်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းမှာမူ ပထမ အကျော့တွင် အဝေးကွင်းနှစ်ပွဲ ကစား ခဲ့ရပြီး ဒုတိယအကျော့ကို အိမ်ရှင် အဖြစ် လက်ခံကျင်းပခွင့်ရရန် ကြိုးပမ်း နေခြင်းဖြစ်သည်။

အာဆီယံဇုန် အုပ်စုလက်ကျန်ပွဲများကို စက်တင်ဘာ ၂၃၊ ၂၆၊ ၂၉ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် အသင်းများသည် အိမ်ရှင်လက်ခံ ကျင်းပခွင့်မရပါက ပြည်ပနိုင်ငံများသို့ သွားရောက်ကစားရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် အုပ်စု (F) တွင် ဟိုချီမင်းစီးတီး (ဗီယက်နမ်)၊ ဟောင်အန်ယူနိုက်တက် (စင်ကာပူ)၊ လာအိုတိုယိုတာ (လာအို)၊ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စု (H) တွင် တမ်ပနိစ်ရိုဗာ (စင်ကာပူ)၊ ကာယာ (ဖိလစ်ပိုင်)၊ မာကာဆာ (အင်ဒိုနီးရှား) တို့နှင့်အတူ ပါဝင်နေသည်။ အုပ်စု(F)တွင် ဟိုချီမင်းစီးတီးနှင့် ရန်ကုန်အသင်းတို့က ခုနစ်မှတ်စီ၊ ဟောင်အန်အသင်းက သုံးမှတ် ရထားပြီး လာအိုတိုယိုတာအသင်းက အမှတ်မရသေးပေ။ အုပ်စု (H) တွင် တမ်ပနိစ်ရိုဗာအသင်းက ခုနစ်မှတ်၊ ကာယာအသင်းက ငါးမှတ်၊ မာကာဆာအသင်းက လေးမှတ်ရထားပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ အမှတ်မရသေးပေ။ **ညီမြတ်သော်တာ**

## အာဖရိက ဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဗိုင်းရပ်စ်ကြောင့်ဖြစ်သော ဝက်ရောဂါဖြစ်၍ ဝက်များတွင်ကူးစက်ခံရပါက (၁၀၀ %) သေဆုံးနိုင်ပြီး စီးပွားရေးအရ ထိခိုက်ဆုံးရှုံးမှု များသောကြောင့် ရောဂါကြိုတင်ကာကွယ်ရေးအတွက်အောက်ပါအချက်များအား လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့လုံးဝ(လုံးဝ) ကူးစက် ခြင်းမရှိပါ၊
(ခ) ဝက်မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊
(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်း ပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊
(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင် အထွက် ထိန်းချုပ်ရန်၊
(စ) အသက်အရွယ်တူဝက်များကိုသာ အတူတူ မွေးမြူရန်၊
(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(ဈ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိ ဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(ည) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့်ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ် ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

❑ *ကျောဖုံးမှ*

ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်များသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန် ပြည်သူများမှာ မေ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၂၇၁ ဦးနှင့် အမျိုးသမီး ၅၈၅၃ ဦးတို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၃၁၂၄ ဦး တို့ကို စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်**
**(ပြန်/ဆက်)**

ပညာရေးဝန်ကြီးဌာန

ပညာ

၂၀၂၀-၂၀၂၁ ပညာသင်နှစ်

“ မည်သည့်ခွဲခြားမှုမျှမရှိဘဲ ကျောင်းနေအရွယ်ကလေးအားလုံး အရည်အသွေးရှိသော ပညာသင်ယူခွင့်ရရှိဖို့ မိဘပြည်သူအားလုံး ဝိုင်းဝန်းကူညီစို့ ”

အထက်တန်းဆင့် ကျောင်းအပ်နှံရေးသီတင်းပတ်

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၊ (၁၃)မှ (၁၇)ရက်

# လှိုင်ကော်မြို့နယ် ပီကင်းကောခူကျေးရွာရှိ ဝက်များ အာဖရိကဝက်အပြင်းဖျားရောဂါကြောင့် သေဆုံးခြင်းဖြစ်ကြောင်း အတည်ပြု

**လှိုင်ကော် ဇူလိုင် ၁၂**

ကယားပြည်နယ် လှိုင်ကော်မြို့ ပီကင်းကောခူကျေးရွာနေ ဦးမောင်ချို့နှင့် ဦးဖိလစ်မျိုးအောင်တို့နှစ်ဦးစပ် မွေးမြူထားသော ကျေးရွာအနီးလယ်ကွင်းတွင် မွေးမြူထားသည့် ဝက်များသေဆုံးခြင်းမှာ အာဖရိကဝက်အပြင်းဖျားရောဂါဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ စစ်ဆေးအတည်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ ဝက်ခြံတွင် မွေးမြူထားသည့် DYN အမျိုးအစား ဝက် ၁၅၀ ကျော်အနက် ဇွန် ၂၈ ရက်မှ ဇူလိုင် ၄ ရက် ညနေ ၃ နာရီအတွင်း ဝက် ၅၄ ကောင်မှာ သေဆုံးခဲ့သဖြင့် ဇူလိုင် ၄ ရက် နံနက် ၉ နာရီခွဲတွင် ကယားပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးသန်းအေးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါသေဆုံးသည့် ဝက်များအား ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ဝက်ခြံအနီးတွင် မြေကျင်း အနက် ၁၀ ပေခန့်တွင် မြှုပ်နှံခဲ့ပြီး ရောဂါအတည်ပြုနိုင်ရေးအတွက် သေဆုံးဝက်၏ သွေးနမူနာအား ဓာတ်ခွဲစစ်ဆေးခဲ့ရာ ဇူလိုင် ၉ ရက်တွင် အာဖရိကဝက်အပြင်းဖျားရောဂါဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အတည်ပြုခဲ့ခြင်းဖြစ်သည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါက်တာသန်းအေးက "သေဆုံးဝက်တွေကို ကျန်းမာရေးနဲ့အညီ မြှုပ်နှံခဲ့ပြီး တစ်ကီလိုမီတာကို အထူးထိန်းချုပ်နယ်မြေအဖြစ် အဝင်အထွက်မလုပ်ရဆိုတာကို ဆောင်ရွက်နေပါပြီ။ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ကလည်း တားမြစ်မှာဖြစ်ပါတယ်။ အလားတူ နောက်ထပ် သုံးကီလိုမီတာမှာလည်း ကျွန်တော်တို့ ထိန်းချုပ်နယ်မြေအဖြစ် ဒီရွာတွေထဲကို ဝက်အဝင်အထွက်မလုပ်ဖို့ စီစဉ်ထားပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးတွေကို အသိပေးထားပြီးသားပါ။ ဝက်သေရင် ကျွန်တော်တို့ကိုဆက်သွယ်ပါ၊ ချက်ချင်းလာမယ်။ လိုအပ်ရင်ကျွန်တော်တို့ ခွဲစိတ်ပါမယ်။ မြေမြှုပ်ဖို့စီစဉ်ပါမယ်။ လိုအပ်ရင် ဓာတ်ခွဲခန်းအဖြေ ဆက်လက်ယူသွားပါမယ်"ဟု ပြောကြားသည်။

ဦးမောင်မိုင်(ခ)ဖိလစ်မျိုးအောင်နှင့် ဦးမောင်ချို့တို့၏ ဝက်ခြံမှ ဝက်ကောင်ရေ ၁၅၀ ကျော် ဖြစ်ကြောင်း၊ ထို့အပြင် ဇူလိုင် ၆ ရက်မှ ဇူလိုင် ၁၁ ရက်အထိ ကျေးရွာအတွင်းရှိ တစ်ပိုင်တစ်နိုင် ဝက်မွေးမြူရေးခြံငါးခုမှ ဝက် ၂၄ ကောင် သေဆုံးခဲ့ရာ ပီကင်းကောခူကျေးရွာတွင် ဇူလိုင် ၁၁ ရက်အထိ စုစုပေါင်း ဝက် ၁၈၅ ကောင် ဆုံးရှုံးခဲ့ကြောင်း ပီကင်းကောခူကျေးရွာ ရာအိမ်မှူး ဦးအောင်ကျော်ဌေးက ပြောသည်။

ယခုအခါ လှိုင်ကော်မြို့နယ် ကုန်းသာကျေးရွာအုပ်စု ပီကင်းကောခူကျေးရွာရှိ ဝက်မွေးမြူရေးခြံတွင် ဖြစ်ပွားနေသော ဝက်နာရောဂါအမျိုးအစားမှာ အာဖရိကဝက်အပြင်းဖျားရောဂါဖြစ်ကြောင်းနှင့် ရောဂါကူးစက်ပြန့်ပွားမှုမရှိသေးသည့် ဒေသများသို့ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ရှောင်ကြဉ်လိုက်နာရမည့် နည်းလမ်းများကို သက်ဆိုင်ရာက အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)
ကိုစိုင်း(လှိုင်ကော်)

# မိုးညှင်း၊ ဟုမ္မလင်းနှင့် သီပေါမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



နန္ဒသန်းနိုင်(ခ)ဖိုးတရုတ်အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၁၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၁ ရက် မွန်းလွဲ ၁ နာရီ ၄၅မိနစ်က မိုးညှင်းမြို့နယ် မိုးညှင်း-ဘီလူးသွားကားလမ်း မြို့ရှောင်လမ်းထိပ်တွင် မထုလွန် (ခ)မထု မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၂၀ သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ဇူလိုင် ၁၁ ရက် နံနက် ၁၀နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဟုမ္မလင်းမြို့နယ် နန့်ချောကျေးရွာအုပ်စု အိုက်ခွဲကျေးရွာတံတားအနီးတွင် ဝင်းဗိုလ် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၁၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀ တို့ကိုလည်းကောင်း၊ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သီပေါမြို့နယ် ခိုလုံကျေးရွာ နမ့်လန်-သီပေါသွားလမ်း ၉ မိုင်လမ်းခွဲ ခိုလုံတံတားအနီးတွင် နန္ဒသန်းနိုင်(ခ)ဖိုးတရုတ် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၅၀၊ ငွေကျပ် ၅၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ရေနံမရွာနှင့် လေးမိုင်အကွာ တောထဲ၌ တရားမဝင်ရေနံချက်ဖိုတစ်လုံး သိမ်းဆည်းရမိ

**မင်းလှ ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ရေနံမကျေးရွာနှင့် လေးမိုင်ခန့်အကွာ ကန်တုတ် - စစ္စနို့ကားလမ်း မိုင်တိုင်အမှတ် (၁၃)မြောက်ဘက်ရှိ ဝါးရုံတောထဲ၌ တရားမဝင်ချက်လုပ်နေသည့် ရေနံချက်ဖိုတစ်လုံးကို ဇူလိုင် ၁၁ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း ရေနံမနယ်မြေရဲစခန်းမှ သိရသည်။

"ရေနံမနယ်မြေရဲစခန်းရဲ့ အနောက်မြောက်ဘက် လေးမိုင်အကွာမှာရှိတဲ့ တောထဲကနေ တရားမဝင် ရေနံချက်ဖိုတစ်လုံး၊ ဆိုင်ကယ်သုံးစီးနဲ့ ရေနံချက်လုပ်ရာမှာ အသုံးပြုတဲ့ဆက်စပ်ပစ္စည်းတွေ သိမ်းဆည်းရမိခဲ့တာပါ"ဟု ရေနံမနယ်မြေစခန်းမှူး ရဲအုပ်အောင်မင်းဦးက ပြောသည်။

တရားမဝင် ရေနံချက်လုပ်သူများကို စုံစမ်းဖော်ထုတ်၍ ဥပဒေအရ အရေးယူနိုင်ရန် လုပ်ဆောင်ဆဲဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် မတ် ၅ ရက်ကလည်း မကွေးတိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော် ဦးဆောင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မင်းလှမြို့နယ်အတွင်း သတင်းအရ ရှာဖွေမှုများလုပ်ဆောင်ခဲ့ရာ တရားမဝင် ရေနံချက်ဖိုငါးလုံး၊ ဆိုင်ကယ်သုံးစီးနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည့်ဖြစ်စဉ်တစ်ခု ရှိခဲ့သည်။

လတ်တလော သိမ်းဆည်းရမိသည့် တရားမဝင်ရေနံချက်ဖိုနှင့် ပတ်သက်၍ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေပုဒ်မ ၃၇ ဖြင့် အမှုဖွင့် စုံစမ်းစစ်ဆေးနေကြောင်း ရေနံမနယ်မြေရဲစခန်းမှ သိရသည်။ **ဇေယျာတု(မကွေး)**

# YBS ယာဉ်ပေါ်ပါ ခရီးသည်ထံမှ စိန်ထည်ပစ္စည်းများ ခါးပိုက်နှိုက်မှု ကျူးလွန်သူနှစ်ဦးကို ဖမ်းဆီးရမိ

**ရန်ကုန် ဇူလိုင် ၁၂**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၆) ရပ်ကွက် ၂၉ လမ်း အမှတ် ၇၇ နေ တရားလို ဦး----(စိန်ပွဲစား) သည် ဇွန် ၁၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ အောင်မင်္ဂလာကားဝင်းမှ YBS ယာဉ်လိုင်းဖြင့် နေအိမ်သို့ပြန်လာခဲ့ကြောင်း၊ နေအိမ်သို့ရောက်သောအခါ အိတ်ဖြင့်ထည့်ထားသော စိန်ထည်ပစ္စည်း ၁၇ မျိုး စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၁၅၇၀ ကျော်မှာ ပျောက်ဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရ၍ အဆိုပါ စိန်ထည်ပစ္စည်းများ ခိုးယူသွားသူကို စုံစမ်းဖော်ထုတ် အရေးယူပေးပါရန် မြောက်ဥက္ကလာပ မြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူအား အမြန်ဖော်ထုတ် ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူများမှာ ဆန်းမြင့်အောင်နှင့် ကုလားချေ(ခ) အငယ်တို့ နှစ်ဦးဖြစ်ကြောင်း စုံစမ်းသိရှိသဖြင့် လိုက်လံစုံစမ်းဖမ်းဆီးခဲ့ရာ ဇွန် ၁၁ ရက် ညပိုင်းတွင် ၎င်းတို့၏ နေအိမ်အသီးသီး၌ ဖမ်းဆီးရမိခဲ့သည်။ အဆိုပါ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ၎င်းတို့နှစ်ဦးကို ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**



ပြစ်မှုကျူးလွန်သူ ဆန်းမြင့်အောင်၊ ကုလားချေ(ခ)အငယ်နှင့် သက်သေခံပစ္စည်းများ။

# လဝါးကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီး အင်ဂျင်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်

**ကာမိုင်း ဇူလိုင် ၁၂**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့ လဝါးကျေးရွာအနီး မြစ်ကြီးနား-တနိုင်းသို့သွားသည့် လီဒိုကတ္တရာကားလမ်းမကြီးပေါ်၌ ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက မော်တော်ယာဉ်တစ်စီး အင်ဂျင်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ခဲ့သည်။

မြစ်ကြီးနားမှ တနိုင်းဘက်သို့သွားသည့် ယာဉ်မောင်း ဦးရန်နိုင်ဦး (၃၀နှစ်)၏ ယာဉ်အမှတ် 9M/----- တိုယိုတာဟိုက်လတ် မှန်လုံကားသေးတစ်စီးသည် အာလူး ၂၅ ပိဿာပါ ၁၀ အိတ်နှင့် စားပွဲတင်ပန်ကာ ၁၀ လုံးတို့ တင်ဆောင်၍ မောင်းနှင်လာပြီး လဝါးကျေးရွာအနီး မိုင်တိုင်အမှတ် ၃၁ ဒသမ ၅ အနီးတွင် ကားအင်ဂျင်စက်ခန်းမှ မီးခိုးများထွက်လာကာ ရှေ့အဖုံးကို ဖွင့်ကြည့်စဉ် မီးလောင်နေကြောင်း သိရသဖြင့် ယင်းနေရာသို့ ကာမိုင်းနယ်မြေ မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးမျိုးမြတ်အောင် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်၍ မီးငြိမ်းသတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကာမိုင်းနယ်မြေရဲစခန်းက ယာဉ်မောင်း ဦးရန်နိုင်ဦးအား ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခွဲသူရအောင်(ကာမိုင်း)**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ပန်းတနော်မြို့နယ် ရေဝတီမြစ်အတွင်း အလျား လေးပေ ခြောက်လက်မ အရွယ်အစားရှိ မိကျောင်းပေါက်တစ်ကောင် ဖမ်းဆီးရမိ

**ပန်းတနော် ဇူလိုင် ၁၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ရေပေါ်ကြီးအုပ်စု အထက် ကဇင်းတောကျေးရွာ ရေဝတီမြစ်အတွင်း ဇူလိုင် ၁၁ ရက်က အလျား လေးပေ ခြောက်လက်မ အရွယ်အစားရှိ မိကျောင်းတစ်ကောင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပန်းတနော်မြို့နယ် အထက်ကဇင်းတောကျေးရွာနေ ရေလုပ်သား ဦးဘဲလေးသည် ရေဝတီမြစ်အတွင်း၌ တုပ်မြုံးထောင်ပြီးနောက် သွားရောက်ဖော်ဆောင်စဉ် မြုံးအတွင်း အလျား လေးပေ ခြောက်လက်မ အရွယ်အစားရှိ မိကျောင်းပေါက် အသေတစ်ကောင်အား ဖမ်းဆီးရမိခဲ့ရာ ရေပေါ်ကြီးကျေးရွာအုပ်ချုပ်ရေးမှူးမှ သတင်းပေးပို့တင်ပြလာမှုအပေါ် မြို့နယ်အုပ်ချုပ်ရေးမှူးက ပန်းတနော်မြို့နယ်အတွင်းရှိ မြစ်ချောင်းများနှင့် ဆက်စပ်လျက်ရှိသည့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား မိမိတို့ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများအနေဖြင့် မိကျောင်းအန္တရာယ် သတိပြုနိုင်ရေး ကျယ်ကျယ်ပြန့်ပြန့် အသိပေးဆောင်ရွက်သွားရန် အကြောင်းကြားထားကြောင်း သိရသည်။ **ပြည့်ဖြိုးကျော်(ပြန်/ဆက်)**



# ဟောင်ကောင်တွင် ကိုဗစ် – ၁၉ ကူးစက်မှု ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်

ဟောင်ကောင် ဇူလိုင် ၁၂

**ဟောင်ကောင်တွင် ကိုဗစ် –၁၉ ကူးစက်မှု နောက်ထပ် လှိုင်းလုံးရိုက်ခတ်ပြီး ကူးစက်မှုများ လျင်လျင်မြန်မြန်နှင့် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လျက်ရှိရာ အချို့သောကူးစက်မှုများကိုခြေရာခံ၍ မရနိုင်ကြောင်း ကျန်းမာရေးဌာန အရာရှိတစ်ဦးက ဇူလိုင် ၁၀ ရက်တွင် ပြောကြားခဲ့သည်။**


ဟောင်ကောင်ရှိ ပြိုင်မြင်းကွင်းဝင်ပေါက်၌ ဝင်ထွက်သွားလာနေကြသူများကို တွေ့ရစဉ်။

နောက်ထပ်ကူးစက်ခံရသူ ၃၈ ဦးတွင် ၃၂ ဦးမှာ ပြည်တွင်းကူးစက်ခံရမှုများဖြစ်သည်။ ကူးစက်ခံရသူများတွင် ပြည်သူ့အိမ်ရာတွင် နေထိုင်သူ ၁၁ ဦး၊ စားသောက်ဆိုင်နှစ်ဆိုင်နှင့်ဆက်စပ်ပြီး ကူးစက်ခံရသူ ၁၀ ဦးရှိကာ ကိုးဦးမှာမူ မည်သည့်နေရာမှ ကူးစက်ခံရခြင်းခြေရာခံ၍ မရပေ။

ပြီးခဲ့သည့်ရက်အနည်းငယ်အတွင်း ကူးစက်မှုမြန်ဆန်လာခြင်းဖြစ်ပြီး ရောဂါပိုးရှိသူနှင့် ထိတွေ့သူများအားလုံးတွင်လည်း ကိုဗစ် – ၁၉ ရောဂါလက္ခဏာများ ဖြစ်ပေါ်ကြောင်း ကျန်းမာရေးကာကွယ်ရေးစင်တာမှ ကူးစက်ပျံ့နှံ့တတ်သော ရောဂါဆိုင်ရာအကြီးအကဲဖြစ်သူ ချောင်ရွှတ်ဝမ်က ပြောသည်။ နောက်ထပ်ကူးစက်မှုများ ထပ်မံပေါ်ပေါက်လာနိုင်ပြီး အသိုင်းအဝိုင်းအတွင်းကူးစက်မှု ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မတ်လအတွင်းက ရောဂါကူးစက်မှုမြင့်မားစဉ် ကာလနှင့်နှိုင်းယှဉ်လျှင် မတ်လအတွင်းက ကူးစက်မှုများမှာ သိသာထင်ရှားသည့် ဆက်နွှယ်မှုများကို တွေ့မြင်ရကြောင်း၊ ယခုတစ်ဖန်ဖြစ်ပေါ်နေသည့် ကူးစက်မှုများမှာ အသက်ကြီးပိုင်းများ၊ အငှားယာဉ်မောင်းများနှင့် အချို့သော စားသောက်ဆိုင်များတွင် လာရောက်စားသောက်ကြသူများတွင် အများဆုံးကူးစက်နေသည့်အတွက် ကူးစက်မှုပိုမိုကျယ်ပြန့်နိုင်ကြောင်းနှင့် ကူးစက်မှုကိုတားဆီးရန်လည်း အခက်တွေ့နိုင်လိမ့်မည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကူးစက်မှုများ ပြန်လည်ပေါ်ပေါက်လာသည့်အတွက် လူအချင်းချင်းခပ်ခွာခွာနေရမည့် စည်းမျဉ်းစည်းကမ်းများကို စောစီးစွာဖြေလျှော့ပေးခြင်းနှင့် ဇွန်လလယ်တွင် ဖျော်ဖြေရေးလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ခွင့်ပြုလိုက်မှုများကို သိပ္ပံပညာရှင်များက အပြစ်တင်နေကြသည်။ စားသောက်ဆိုင်များတွင် ညှော်သည်လက်ခံနိုင်အား၏ ၆၀ ရာခိုင်နှုန်းကိုသာ လက်ခံသွားရန်အပါအဝင် အချို့သော စည်းကမ်းများကို အစိုးရက ပြန်လည်တင်းကျပ်ခဲ့သည်။ ဟောင်ကောင်တွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၁၄၃၂ ဦးရှိပြီး ခုနစ်ဦးသေဆုံးခဲ့ရသည်။ **ကျိုးဒို**

## အိုကီနာဝါရှိ အမေရိကန် စစ်အခြေစိုက်စခန်းနှစ်ခုတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၆၁ ဦးအထိရှိ

**တိုကျို ဇူလိုင် ၁၂**

အိုကီနာဝါရှိ အမေရိကန်ရေတပ်စစ်အခြေစိုက်စခန်းနှစ်ခုတွင် ယခုသီတင်းပတ် အတွင်း ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၆၁ ဦး တွေ့ရှိခဲ့ရသည့်အတွက် ယင်း စခန်းနှစ်ခုစလုံးကို အသွားအလာ ပိတ်ဆို့ကန့်သတ်ထားကြောင်း ခရိုင်အစိုးရက ပြောသည်။

အမေရိကန်တပ်ဖွဲ့နှင့် ဆက်စပ်ရသော လူများကြားတွင် ကိုဗစ် –၁၉ ကူးစက်ခံရမှု တွေ့ရှိရပြီး ကူးစက်ခံရသူ ၆၁ ဦးရှိကြောင်း အိုကီနာဝါခရိုင်အစိုးရက ပြောသည်။ အမေရိကန်လေတပ်အခြေစိုက်စခန်း ဖူတန်မာစခန်းမှ ၃၈ ဦးတွင် ကိုဗစ်–၁၉ တွေ့ရှိခဲ့ပြီး ဟန်ဆန်စခန်း၌လည်း တပ်ဖွဲ့ဝင် ၂၃ ဦးတွင် ကိုဗစ်–၁၉ စမ်းသပ်တွေ့ရှိခဲ့သည်။


အိုကီနာဝါရှိ အမေရိကန်စစ်ခြေစိုက်စခန်းသို့ရောက်ရှိလာသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

ပြီးခဲ့သည့်အချိန်တုန်းကလည်း အဆိုပါစခန်းနှစ်ခုစလုံးမှ ကူးစက်ခံရသူ ၁၆ ဦးတွေ့ရှိခဲ့သည်။ စခန်းနှစ်ခုစလုံးတွင် အစုလိုက်ကူးစက်မှုများ ပေါ်ပေါက်နေသည်ဟု အမေရိကန်ရေတပ်၏ ဖေ့စ်ဘွတ်စာမျက်နှာပေါ်တွင် ရေးသားခဲ့သည်။ အိုကီနာဝါတွင် ကိုဗစ် – ၁၉ ထိန်းချုပ်ရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ်အတွင်း အစုလိုက် ကူးစက်ခံရသူများတွင် အမေရိကန်တပ်ဖွဲ့နှင့် ဆက်စပ်မှုရှိသူများပါဝင်နေသည့်အတွက် စိတ်ပျက်မိကြောင်း အိုကီနာဝါအုပ်ချုပ်ရေးမှူး တာမာကီဒန်နီက ပြောသည်။

အမေရိကန်တပ်ဖွဲ့ ၏ ကိုဗစ် –၁၉ ကာကွယ်ရေး စွမ်းဆောင်ရေးကို သံသယဝင်မိကြောင်း အုပ်ချုပ်ရေးမှူးကပြောကြားခဲ့သည်။ ခရိုင်အတွင်း နောက်ထပ် ကူးစက်မှုနှစ်ခု တွေ့ရှိခဲ့ကြောင်းကိုလည်း ဇူလိုင် ၁၁ ရက်တွင် အုပ်ချုပ်ရေးမှူးက အတည်ပြုပြောကြားခဲ့သည်။

အိုကီနာဝါသို့ အလည်လာရောက်သူနှစ်ဦးတွင် ရောဂါတွေ့ရှိခဲ့ခြင်းဖြစ်ပြီး အဆိုပါခရီးသွားအုပ်စုရှိ အခြားသောလူများတွင်မူ ရောဂါကူးစက်ခံရခြင်းမရှိပေ။ ကူးစက်ခံရသည့် ခရီးသွားနှစ်ဦးတွင်လည်း ကိုဗစ် – ၁၉ ရောဂါလက္ခဏာများ ပြသခြင်းမရှိဟုသိရသည်။

အိုကီနာဝါတွင် ကူးစက်မှုများ လေးရက် ဆက်တိုက် တွေ့ရှိခဲ့ရာ စုစုပေါင်း ကူးစက်ခံရသူ ၁၄၈ ဦး ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အာဖဂန်အစိုးရက အရှေ့ပိုင်းနန်ဂါဟာပြည်နယ်တွင် လေယာဉ်ကွင်းတည်ဆောက်မည်

ဂျာလာလာဘတ် ဇူလိုင် ၁၂

ဂျာလာလာဘတ်မြို့ အပြင်ဘက်တွင် အရပ်သားများအတွက် လေယာဉ်ကွင်းတည်ဆောက်ရန် အာဖဂန်အစိုးရက ဆုံးဖြတ်ခဲ့ကြောင်း ပြည်သူ့လေကြောင်းအာဏာပိုင်အဖွဲ့မှ အဆင့်မြင့်အရာရှိကြီးတစ်ဦးဖြစ်သူ ကာဆမ်ဝါဖာဇီဒါက ပြောသည်။ လေဆိပ်အသစ်ကို ဧက ၃၅၀၀ ကျယ်ဝန်းသည့် ကော့ဇ်ကူနာဒေသတွင် နှစ်နှစ်အတွင်း တည်ဆောက်မည်ဖြစ်ပြီး အမေရိကန်ဒေါ်လာသန်း ၄၀ ကုန်ကျမည်ဟု အာဏာပိုင်များက ပြောသည်။ လေယာဉ်ကွင်းအတွက် မြေယာရှင်းလင်းခြင်းအခမ်းအနားကို ဇူလိုင် ၁၀ ရက်က ပြည်နယ်အရာရှိကြီးများနှင့် ကျင်းပခဲ့ပြီး လေယာဉ်ကွင်းတည်ဆောက်ရန် ရည်ရွယ်ထားသည့် မြေနေရာတွင် အာဏာပိုင်များက အုတ်မြစ်ချခြင်းဆောင်ရွက်ခဲ့ကြသည်။ နန်ဂါဟာပြည်နယ်တွင် စစ်ဘက်လေယာဉ်ကွင်းတစ်ခု အစောပိုင်းကတည်းက ရှိနှင့်ပြီးဖြစ်သော်လည်း အထူးအရေးပေါ်ကိစ္စရပ်များတွင် အရပ်သားလေယာဉ်များသည် အဆိုပါစစ်လေယာဉ်ကွင်းကိုသာ အသုံးပြုနေရသည်။ **ဆင်ဟွာ**

## အိန္ဒိယနိုင်ငံတွင် တစ်နေ့တည်း၌ ကူးစက်ခံရသူ ၂၈၆၃၇ ဦးအထိ ရှိလာ

နယူးဒေလီ ဇူလိုင် ၁၂

အိန္ဒိယ၌ ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် ကိုဗစ် –၁၉ ကြောင့် သေဆုံးသူ ၅၅၁ ဦးရှိပြီး ဇူလိုင် ၁၁ ရက်အတွင်း ကူးစက်ခံရသူ ၂၈၆၃၇ ဦးအထိ ခုန်တက်သွားရာ စုစုပေါင်း ကူးစက်ခံရသူအရေအတွက်မှာ ၈၄၉၅၅၃ ဦးအထိ ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ ယင်းပမာဏမှာ တစ်နေ့အတွင်း ကူးစက်မှုပမာဏအမြင့်ဆုံးပင်ဖြစ် ကြောင်း ကျန်းမာရေးအရာရှိများက ပြောသည်။ ရောဂါအခြေအနေမှ သက်သာသွားသည့်အတွက် ဆေးရုံမှဆင်းသွားရသူ အရေအတွက်မှာလည်း ၅၃၄၆၂၁ ဦး ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## အများပြည်သူများ၏ရှေ့တွင် ပထမဆုံးအကြိမ်အဖြစ် အမေရိကန်သမ္မတ ထရမ့် နှာခေါင်းစည်းဝတ်ဆင်

**ဝါရှင်တန် ဇူလိုင် ၁၂**

အမေရိကန်သမ္မတ ထရမ့်သည် အများပြည်သူများ၏ ရှေ့တွင် ပထမဆုံးအကြိမ်အဖြစ် ပါးစပ်နှာခေါင်းစည်း ဝတ်ဆင်ကာ ထွက်ပေါ်လာကြောင်း သိရသည်။

သမ္မတထရမ့်သည် ဇူလိုင် ၁၁ ရက်က ဝါရှင်တန် အပြင်ဘက် ဝေါလ်တာရိဒ်စစ်ဆေးရုံရှိ ဒဏ်ရာရစစ်သည်များနှင့် ကျန်းမာရေးလုပ်သားများထံ အလည်အပတ် သွားရောက်ခဲ့သည်။ ထိုသို့ သွားရောက်ရာတွင် သမ္မတ ထရမ့်က သမ္မတရုံးတံဆိပ်ပါသည့် နက်ပြာရောင် နှာခေါင်းစည်းဝတ်ဆင်ထားသည်ကို တွေ့ရသည်။ အမေရိကန် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာက ဧပြီလမှစတင်ကာ ပြည်သူများအားလုံး ပါးစပ်နှာခေါင်းစည်း ဝတ်ဆင်ကြရန် အကြံပြုခဲ့သော်လည်း အမေရိကန် သမ္မတ ထရမ့်ကမူ ပါးစပ်နှာခေါင်းစည်းကို ဝတ်ဆင်လိုစိတ်မရှိကြောင်း ပြောကြားခဲ့သည်။

ဆေးရုံသို့မသွားရောက်မီ သတင်းထောက်များနှင့် တွေ့ဆုံရာ၌ ပါးစပ်နှာခေါင်းစည်း ဝတ်ဆင်ရန်မှာ အရေးကြီးသည့် အချက်ဖြစ်ကြောင်း သမ္မတ ထရမ့်က ပြောကြားခဲ့သည်။ ကိုဗစ် – ၁၉မှာ အမေရိကန်တစ်လွှား ပျံ့နှံ့နေစဉ်အတွင်း ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ရန် နှောင့်နှေးမှုကြောင့် အမေရိကန်သမ္မတထရမ့်မှာ ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**


ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ပြီး ဝေါလ်တာရိဒ်စစ်ဆေးရုံသို့လာရောက်သော အမေရိကန်သမ္မတထရမ့်ကို ဇူလိုင် ၁၁ ရက်က တွေ့ရစဉ်။

# ဖလော်ရီဒါရှိ ဒစ္စနေးဥယျာဉ်ကို ပြန်လည်ဖွင့်လှစ်

**ဖလော်ရီဒါ ဇူလိုင် ၁၂**

အမေရိကန်ရှိ အဓိကဖျော်ဖြေရေး ကုမ္ပဏီဖြစ်သည့် ဒစ္စနေးကုမ္ပဏီသည် ဖလော်ရီဒါရှိ အပန်းဖြေဥယျာဉ်ကို ပြန်လည် ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

အဆိုပါ အပန်းဖြေဥယျာဉ်ကို ကိုဗစ် – ၁၉ ကူးစက်မှု အန္တရာယ်ကြောင့် လေးလနီးပါးပိတ်ထားခဲ့ရပြီးနောက် ပြန်လည်ဖွင့်လှစ်ခြင်းလည်း ဖြစ်သည်။ အော်လန်ဒိုရှိ ဝေါ့ဒစ္စနေး ဥယျာဉ်မှ ဝန်ထမ်းများသည် ဇူလိုင် ၁၁ ရက်က လက်ခုပ်တီးကာ လာရောက် လည်ပတ်သူများကို ကြိုဆိုခဲ့ကြသည်။ ဒစ္စနေးဥယျာဉ် လေးခုအနက် နှစ်ခုကို ပြန်လည် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ကိုဗစ် –၁၉ ကူးစက်ပျံ့နှံ့မည်ကိုစိုးရိမ်သည့်အတွက် မတ်လအတွင်းမှ စတင်ကာ ဥယျာဉ်များအားလုံးကို ပိတ်ထားခဲ့သည်။ ယခု ပြန်လည် ဖွင့်လှစ်လိုက်သော်လည်း ဧည့်သည် ဝင်ရောက်မှုနှုန်းကိုမူ ကန့်သတ်ထားဆဲဖြစ်သည်။ လာရောက်လည်ပတ်သူများသည် ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ရန် လိုအပ်သလို အပူချိန်တိုင်းတာမှုလည်း ခံယူရမည်ဖြစ်သည်။ ချီတက်လမ်းလျှောက်ပွဲနှင့် မီးရှူးမီးပန်းပစ်ဖောက်မှုကဲ့သို့သော လူစုလူဝေးများသည့် ပွဲများကိုမူ ဆက်လက် ပိတ်ထားဆဲဖြစ်သည်။



ဒစ္စနေးဥယျာဉ်အတွင်း လာရောက်လည်ပတ်ကြသူများကို ဇူလိုင် ၁၁ ရက်က တွေ့ရစဉ်။

လာရောက် လည်ပတ်သူများသည် ဒစ္စနေးရုပ်ရှင်ဇာတ်ကောင်များအတိုင်း ဝတ်ဆင်နိုင်ပြီး ဥယျာဉ်အတွင်း အပျော်စီးယာဉ်များစီးလျှင် လူအချင်းချင်း ခပ်ခွာခွာနေသည့် စည်းမျဉ်းအတိုင်း ကျင့်သုံးရမည် ဖြစ်သည်။

ကိုဗစ် – ၁၉ သည် အမေရိကန် ပြည်ထောင်စုတွင် ဆက်လက်ပျံ့နှံ့နေဆဲဖြစ်ပြီး ဖလော်ရီဒါတွင် လူပေါင်း ၂၅၀၀၀၀ ထက်မနည်း ကူးစက်ခံထားရသည်။ ဒစ္စနေးဥယျာဉ်အတွင်း အလုပ်လုပ်ကိုင်ကြသည့် အလုပ်သမားများနှင့် မြို့သူမြို့သားအချို့ကမူ ဥယျာဉ်ဖွင့်လှစ်မှုကိုရွှေ့ဆိုင်းပေးရန် တောင်းဆိုခဲ့ကြသည်။ ရှန်ဟိုင်း၊ ဟောင်ကောင်နှင့် ဂျပန်နိုင်ငံတို့ရှိ ဒစ္စနေးဥယျာဉ်များကို မေလအတွင်းမှစတင်ကာ ဖွင့်လှစ်ခဲ့ကြပြီး ကယ်လီဖိုးနီးယားတွင်မူ ပြန်လည်ဖွင့်လှစ်မည့်ရက်ကို ရွှေ့ဆိုင်းထားသည်။

**အင်န်အိတ်ချ်ကေ**

# BMW ကားကုမ္ပဏီက တရုတ်ဈေးကွက်အတွင်းရှိ ကား ၃၅၆ စီးကို ပြန်လည်သိမ်းယူမည်

**ပေကျင်း ဇူလိုင် ၁၂**

တရုတ်နိုင်ငံရှိ BMW မော်တော်ကားကုမ္ပဏီသည် တရုတ်ဈေးကွက်အတွင်းရှိ ကားအစီးရေ ၃၅၆ စီးကို ပြန်လည်သိမ်းယူသွားမည်ဟု သိရသည်။ ကားစတီယာတိုင်တွင် ချွတ်ယွင်းချက်ရှိနေသည့်အတွက် ပြန်လည်သိမ်းယူခြင်းဖြစ်ကြောင်း တိုင်းပြည်၏ထိပ်တန်း အရည်အသွေးစောင့်ကြည့်ရေးအဖွဲ့၏ ပြောကြားချက်အရ သိရသည်။

ဇူလိုင် ၂၄ ရက်မှစတင်ကာ ပြန်လည်သိမ်းယူမည်ဖြစ်ပြီး ၂၀၁၈ ဒီဇင်ဘာ ၁၁ ရက်မှ ၂၀၁၉ မေ ၁၄ ရက်အတွင်း ထုတ်လုပ်ထားသော X3M ၊ X4M နှင့် Z4 မော်ဒယ် ဆီဒင် ကားများကို ပြန်လည်သိမ်းယူမည်ဟု ဈေးကွက်စည်းမျဉ်းစည်းကမ်းထိန်းသိမ်းရေး အုပ်ချုပ်ရေးအဖွဲ့၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ တုန်ခါမှုများ ဖြစ်ပေါ်လာသည့်အခါ ကားတွင်တပ်ဆင်ထားသည့်စတီယာတိုင်တွင် ကျိုးပဲ့မှုများဖြစ်လာနိုင်သည်။

ဥပမာအားဖြင့် လမ်းကြမ်းသည့်နေရာများတွင် မောင်းနှင်သည့်အခါ မတော်တဆဖြစ်ပွားနိုင်မှု အန္တရာယ်များသည့်အတွက် ပြန်လည်သိမ်းယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်ရေးအတွက် ကုမ္ပဏီဘက်မှ ပစ္စည်းအခမဲ့ အစားထိုးလဲလှယ်ပေးမည်ဟုလည်း ဖော်ပြချက်တွင် ပါဝင်သည်။

**ဆင်ဟွာ**

# အိန္ဒိယရုပ်ရှင် မင်းသားကြီး အမီတာဘဂျမ်း ကိုဗစ်– ၁၉ ကူးစက်ခံရ



အမီတာဘဂျမ်းနှင့် သားဖြစ်သူ အဘီရှက်ခ် ဘဂျမ်း

**မွမ်ဘိုင်း ဇူလိုင် ၁၂**

အိန္ဒိယနိုင်ငံ၏ ဘောလိဝုဒ်အကျော်အမော် ရုပ်ရှင်မင်းသားကြီး အမီတာ ဘဂျမ်းသည် ဇူလိုင် ၁၁ ရက်က ကိုဗစ်– ၁၉ ကူးစက်ခံရကြောင်း အတည်ပြုမှုနှင့်အတူ မွမ်ဘိုင်း ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူနေကြောင်း သိရသည်။

ထို့အတူ ၎င်း၏သားဖြစ်သူ သရုပ်ဆောင် အဘီရှက်ခ်သည်လည်း ကိုဗစ်– ၁၉ ကူးစက်ခံထားရကြောင်း ကြေညာခဲ့သည်။ ၎င်းတို့နှစ်ဦးစလုံးတွင် ရောဂါလက္ခဏာမပြဘဲ ကူးစက်ခံလိုက်ရခြင်းဖြစ်သည်။

“ကျွန်တော့်မှာ ကိုဗစ်– ၁၉ စစ်ဆေးတွေ့ရှိခဲ့တယ်။ ဆေးရုံကို ရွှေ့ပြောင်းခဲ့တယ်လို့ တွစ်တာ ပရိသတ် ၄၃ သန်းကို ပြောကြားလိုပါတယ်။ အနည်းဆုံး ၁၀ ရက်အတွင်း ကျွန်တော်နဲ့ အနီးကပ်ထိတွေ့ခဲ့သူအားလုံး ကိုဗစ် – ၁၉ ရောဂါ ရှိ မရှိ စမ်းသပ်ဖို့လိုပါတယ်”ဟု အမီတာဘဂျမ်းက တိုက်တွန်း ပြောကြားထားသည်။

သားဖြစ်သူ သရုပ်ဆောင်အဘီရှက်ခ်ကလည်း မိမိတို့နှစ်ဦးစလုံးတွင် ကိုဗစ် –၁၉ လက္ခဏာများမပြဘဲ ကူးစက်ခံရခြင်းဖြစ်ကြောင်း၊ ဆေးရုံတက်ရောက်၍ ကုသမှုခံယူနေကြောင်းနှင့် ပရိသတ်များအားလုံး အေးအေးချမ်းချမ်း နေထိုင်ကြရန်နှင့် အကြောက်မလွန်ရန်လိုကြောင်း သတိပေးပြောကြားလိုက်သည်။ အိန္ဒိယပြည်သူ သန်းပေါင်းများစွာသည် အမီတာဘဂျမ်း၏ မွေးနေ့ရောက်တိုင်း ၎င်းကို ဆုတောင်းမေတ္တာများ ပို့ပေးလေ့ရှိကြသည်။ အမီတာဘဂျမ်းသည် အိန္ဒိယရုပ်ရှင်လောကတွင် အလွန်ထင်ပေါ်ကျော်ကြားသူတစ်ဦး ဖြစ်သည်။

**အေအက်ဖ်ပီ**

# ကမ္ဘောဒီးယားတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၁၅ ဦး ထပ်မံတွေ့ရှိ

**ဖနောင်ပင် ဇူလိုင် ၁၂**

ကမ္ဘောဒီးယားနိုင်ငံတွင် ဇူလိုင် ၁၂ ရက်က ပြည်ပမှ ကိုဗစ် – ၁၉ ကူးစက်လာသူ ၁၅ ဦး ထပ်မံတွေ့ရှိခဲ့ရာ တိုင်းပြည်အတွင်း စုစုပေါင်း ကူးစက်ခံရသူ အရေအတွက်မှာ ၁၅၆ ဦး ရှိလာပြီဟု ကမ္ဘောဒီးယား ကျန်းမာရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ ကူးစက်ခံရသူများမှာ အသက် ၂၁ နှစ်မှ ၃၃ နှစ်ကြား ဖြစ်ကြပြီး ဆော်ဒီအာရေဗျမှ ကမ္ဘောဒီးယားသို့ ပြန်လာကြသူများဖြစ်ကြသည်။

၎င်းတို့တွင် ကိုဗစ် – ၁၉ ကူးစက်ခံထားရကြောင်း ဇူလိုင် ၁၂ ရက်က စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် ဖနောင်ပင် တောင်ပိုင်းရှိ ချက်အန်ဂရီ ကျန်းမာရေးစင်တာတွင် ဆေးကုသမှုပေးနေကြောင်း ကျန်းမာရေး ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အော်ဗန်ဒိုင်းက ပြောကြားခဲ့သည်။

ထို့ပြင် ပြည်ပမှပြန်လာသည့် ကမ္ဘောဒီးယားနိုင်ငံသား ၇၈ ဦးနှင့် မလေးရှားနိုင်ငံသား တစ်ဦးတို့ကိုလည်း ကန့်သတ်စောင့်ကြည့်ရေးစင်တာများတွင် ၁၄ ရက်ထားရှိ စောင့်ကြည့်နေကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်ခံရသူ စုစုပေါင်း ၁၅၆ ဦးရှိပြီး ရောဂါပိုး ကင်းစင်သွားသူ ၁၃၃ ဦးရှိကာ ၂၃ ဦးမှာ ဆေးရုံ၌ ဆေးကုသမှု ခံယူဆဲဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# တိုကျိုတွင် ကူးစက်ခံရသူ ၂၀၀ ကျော် ဆက်တိုက်တွေ့ရှိနေရသည်မှာ လေးရက်ဆက်တိုက်ရှိလာပြီဖြစ်

**တိုကျို ဇူလိုင် ၁၂**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဇူလိုင် ၁၂ ရက်က ကိုဗစ်–၁၉ ကူးစက်ခံရသူ ၂၀၆ဦး ထပ်မံတွေ့ရှိခဲ့ရာ နေ့စဉ်ကူးစက်မှု ၂၀၀ ကျော် တွေ့နေရသည်မှာ လေးရက်ဆက်တိုက် ရှိနေပြီဖြစ်သည်။ ထို့ကြောင့် တိုကျိုမြို့တော်တွင် ကိုဗစ် – ၁၉ ဒုတိယလှိုင်း ထပ်မံဖြစ်ပွားမည်ကို အစိုးရနှင့် ပြည်သူများကြား စိုးရိမ်မှု မြင့်တက်လျက်ရှိသည်။

**တစ်စတစ်စများပြားလာ**

တိုကျိုမြို့တွင် လူဦးရေ ၁၄ သန်း မီတင်းနေထိုင်လျက်ရှိသည်။ တိုကျိုမြို့တွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူများ တစ်စနှင့်တစ်စ များပြားလာရာ တိုကျိုမြို့တစ်ခုတည်းတွင်ပင် ကူးစက်ခံရသူပေါင်း ၇၉၂၉ ဦးရှိခဲ့သည်။ ယင်းပမာဏသည် ဂျပန်နိုင်ငံရှိ ကိုဗစ် – ၁၉ ကူးစက်ခံရမှုပေါင်း၏ သုံးပုံပုံတစ်ပုံရှိသည်။ ကူးစက်ခံရမှုမြင့်တက်နေသော်လည်း ယခုကူးစက်ခံရသူများတွင် အခြေအနေစိုးရိမ်ရသည့်သူ မပါဝင်ကြောင်း ၈၀ ရာခိုင်နှုန်းခန့်မှာ အသက် ၃၀ ဝန်းကျင်နှင့် ၃၀ အောက် လူငယ်များဖြစ်ကြသည်။

**ကူးစက်မှုပျံ့နှံ့**

မေလနှောင်းပိုင်းတွင် တစ်နိုင်ငံလုံးအနှံ့ ကြေညာထားသည့် အရေးပေါ်အခြေအနေထုတ်ပြန်ကြေညာမှုကို ရုပ်သိမ်းပြီးနောက် တိုကျိုမြို့တွင် ကူးစက်မှု တဖြည်းဖြည်းများလာပြီး အနီးအနားရှိ ခရိုင်များသို့ပါ ကူးစက်မှုပျံ့နှံ့သွားသည်။

**ဘန်ကောက်ပို့စ်**




ဘေ့စ်ဘောအားကစားပြိုင်ပွဲကြည့်ရှုရန် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

# ငတ်မွတ်ခေါင်းပါးခြင်းဘေး သို့မဟုတ် ရောဂါကပ်ဘေးရင်ဆိုင်ရတော့မယ့် ဆီးရီးယား ဒုက္ခသည်တွေရဲ့ဘဝ

**ထွန်းသစ်စ**

နယ်စပ်ဖြတ်ကျော်ခွင့်ရက်ကို ထပ်မံသက်တမ်းတိုးမြှင့်ပေးရေးမှာ သဘောထားကွဲလွဲမှုတွေဖြစ်နေတဲ့ ကုလသမဂ္ဂအဖွဲ့ဟာ လက်နက်ကိုင်တွေထိန်းချုပ်ထားရာ ဆီးရီးယားနိုင်ငံမြောက်ပိုင်းကို နယ်စပ်ဖြတ်ကျော်လူသားချင်းဆိုင်ရာ အကူအညီပေးမှုများမလုပ်တော့ဘဲ ရပ်ဆိုင်းလိုက်ရတဲ့အတွက် ဖုံးကြတိုက်ခိုက်မှုကို လအတော်ကြာခံစားခဲ့ရပြီး ခဲရာခဲဆစ်အသက်ရှင်သန်ခဲ့ရတဲ့ နာဆော်လ်တန်ဟာ အခုအခါမှာတော့ သူ့ရဲ့ ကလေး ၁၀ ယောက် ငတ်သေမလား ဒါမှမဟုတ် ကိုဗစ်-၁၉ ကူးစက်ခံရမလားဆိုပြီး စိုးရိမ်စိတ်တွေဖြစ်ပေါ်နေပါတယ်။

## အသက်ရှင်ဖို့ ခက်ခဲ

ရုရှားနိုင်ငံနဲ့ တရုတ်နိုင်ငံတို့က သက်တမ်းတိုးမြှင့်ဖို့ကို ဗီတိုအာဏာနဲ့ ပယ်ချလိုက်တဲ့အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ဖြစ်တဲ့ တူရကီနယ်စပ်ကိုဖြတ်ပြီး အကူအညီပေးရေးဆိုင်ရာ ခွင့်ပြုချက်ဟာ ဇူလိုင် ၁၁ ရက်က ကုန်ဆုံးခဲ့ပြီဖြစ်ပါတယ်။

ကုလသမဂ္ဂက အပြန်အလှန်စေ့စပ်ညှိနှိုင်းမှုမှာ မအောင်မြင်ခဲ့တဲ့အတွက် လူသားချင်းဆိုင်ရာ အကူအညီပေးရေးကို မျှော်လင့်စောင့်ဆိုင်းနေရတဲ့ လူသားပေါင်း ၂ ဒသမ ၈ သန်းအတွက် အသက်ရှင်သန်ဖို့ အခြေအနေတွေဟာ ခက်ခဲနေပါတယ်။

## ငတ်မွတ်ခြင်းဘေးတွေ ဆိုက်ရောက်တော့မယ်

ဂျာမနီနဲ့ ဘယ်လ်ဂျီယံတို့ဟာ ထောက်ခံမှုတွေရရှိအောင်ဆိုတဲ့ မျှော်လင့်ချက်လေးနဲ့ အဲဒီအခြေအနေကို အကောင်းဆုံးဖြစ်အောင် ၂၀၁၄ ခုနှစ်ကတည်းက ကြိုးစားခဲ့ကြပါတယ်။ သို့သော်လည်း ဆီးရီးယား မဟာမိတ် ရုရှားကတော့ ယခုသီတင်းပတ်မှာ ပထမဆုံး ကိုဗစ်-၁၉ တွေ့ရှိခဲ့ပြီး အခြေအနေတွေ ရှုပ်ထွေးနေတဲ့ နိုင်ငံမြောက်ပိုင်း အီဒလစ်ပြည်နယ်မှာ ပိုပြီးရှုပ်ထွေးမှုတွေ ဖြစ်လာမှာကို မလိုလားပါဘူး။

လူဦးရေထူထပ်တဲ့ အီဒလစ်ရဲ့ရွှေ့ပြောင်းစခန်းမှာ ရှိတဲ့ အသက် ၄၅ နှစ်အရွယ် နာဆော်လ်တန်က အကူအညီမရတဲ့ဘဝဟာ ငတ်မွတ်မှုတွေကို ကြုံတွေ့ရတော့မယ်လို့ပြောလိုက်သလို ရွှေ့ပြောင်းစခန်းမှာရှိတဲ့ သူအများစုဟာ ကိုးနှစ်ကြာ ဆီးရီးယားစစ်ပွဲကြောင့် သူတို့ရဲ့အိမ်တွေလည်း ဆုံးရှုံးခဲ့ရပါတယ်။

ကျွန်တော်တို့လည်း အိမ်တွေဆုံးရှုံးခဲ့ရတယ်။ ထို့အတူ ကျွန်တော်တို့ မြေတွေ အသက်အိုးအိမ်တွေလည်း ဆုံးရှုံးခဲ့ရတယ်။ သူတို့ပေးမယ့်အကူအညီဟာ ကျွန်တော်တို့အလိုရှိတဲ့ အရာပဲဖြစ်တယ်လို့ မာရက်စ်မက်စ်ရင်မြို့အနီးမှာရှိတဲ့ ရွှေ့ပြောင်းစခန်းမှာနေတဲ့ နာဆော်လ်တန်က ပြောလိုက်ပါတယ်။

အကယ်၍များ အကူအညီမရဘူးဆိုပါက ကျွန်တော်တို့တွေ ငတ်မွတ်ခြင်းဘေးတွေ ဆိုက်ရောက်နိုင်တယ်လို့ သူက ဆက်လက်ပြောကြားလိုက်ပါတယ်။

## ကျန်းမာရေးဆိုးကျိုးတွေ ခံစားရတော့မယ်

အီဒလစ်ဒေသဟာ ဆီးရီးယားနိုင်ငံရဲ့ အတိုက်အခံအင်အားစုတွေနေထိုင်ရာ နောက်ဆုံးနေရာတစ်ခုဖြစ်ပါတယ်။ အဲဒီနေရာမှာပဲ ဒေသခံတွေကလည်း သုံးသန်းလောက်နေထိုင်နေကြပါတယ်။ သူတို့ထဲက ထက်ဝက်လောက်ဟာ တခြားဒေသတွေကို ပြောင်းရွှေ့ခဲ့ကြပါတယ်။

နာဆော်လ်တန်မိသားစုဟာ တောင်ပိုင်းအီဒလစ်မှာရှိတဲ့ သူတို့မြို့ကနေပြီးတော့ တူရကီနယ်စပ်နားက ပိုပြီး ဘေးအန္တရာယ်ကင်းတဲ့နေရာကို ထွက်ပြေးလာ



ဆီးရီးယားရွှေ့ပြောင်း ဒုက္ခသည်စခန်းကို တွေ့ရစဉ်။

ကြတာဖြစ်ပါတယ်။ ဒီဇင်ဘာနဲ့ မတ်လကြားမှာ အစိုးရထိုးစစ် ဆင်နွှဲခဲ့တာကြောင့် အခုလို လူတစ်သန်းနီးပါးလောက်ရဲ့ ရွှေ့ပြောင်းမှုတွေကိုဖြစ်ပေါ်စေခဲ့တာဖြစ်ပါတယ်။

အပစ်ရပ်စဲရေးဟာ အီဒလစ်ရုရှားထောက်ခံလှုပ်ရှားမှုကို ရပ်တန့်စေခဲ့ပါတယ်။ အီဒလစ်ကို ဟာရက်တာရာ အယ်လ်ရှမ် (အိတ်ချ်တီအက်စ်) လို့ခေါ်တဲ့ ဂျီဟတ်အဖွဲ့က လွှမ်းမိုးထားပါတယ်။ အဲဒီဂျီဟတ်အဖွဲ့ကို ဆီးရီးယားရဲ့ ယခင်အယ်လ်ကိုင်ဒါအဖွဲ့ဟောင်းနဲ့ သူ့ရဲ့အပေါင်းအပါတွေက ဦးဆောင်ထားပါတယ်။

အစားအစာလုံခြုံမှုမရှိသလို အီဒလစ်မှာ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း သုံးဦးထက်မနည်း ရှိလာပြီဖြစ်ကြောင်း၊ အကယ်၍များ ကိုဗစ်-၁၉ ကပ်ရောဂါဟာ ရွှေ့ပြောင်းအခြေချသူတွေရဲ့ စခန်းတွေမှာသာ ဖြစ်ပွားခဲ့မယ်ဆိုပါက တစ်ပူပေါ်နှစ်ပူဆင့်သလို ကျန်းမာရေးဆိုးကျိုးတွေပါ ရင်ဆိုင်ခံစားရတော့မှာပဲ ဖြစ်ပါတယ်။

## ကျွန်တော်တို့အားလုံးသွားပြီ

ကိုဗစ်-၁၉ အတည်ပြုလူနာတွေ အားလုံးဟာ တူရကီနယ်စပ်အနီး ဆေးရုံတွေမှာ အလုပ်လုပ်နေတဲ့ ဆေးဝန်ထမ်းတွေ ဖြစ်ကြပါတယ်။ အကယ်၍များ ဆေးဘက်ဆိုင်ရာ အကူအညီတွေသာ ရွှေ့ပြောင်းကယ်ဆယ်ရေးစခန်းတွေကိုသာ မပေးနိုင်ခဲ့ဘူးဆိုပါက ကျွန်တော်တို့အားလုံး သွားပြီလို့ နာဆော်လ်တန်က ပြောလိုက်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်က ကျွန်တော်တို့ကို အတုံးအရုံးဖြစ်စေတော့မှာပဲလို့ သူက ဆက်ပြောလိုက်ပါတယ်။

ရွှေ့ပြောင်းကယ်ဆယ်ရေးစခန်းမှ ဘဝတူနောက်တစ်ဦးဖြစ်သူ အယ်လ်ဆယ်လ်မန် ယူဆက်ဖ်က အကယ်၍ အကူအညီထောက်ပံ့နေမှုတွေကိုသာ ရပ်တန့်လိုက်မယ်ဆိုပါက စခန်းမှာနေတဲ့သူတွေဟာ ကိုဗစ်-၁၉ ကို ခုခံနိုင်စွမ်းအားရှိတော့မှာ မဟုတ်တော့ဘူးလို့ ပြောလိုက်ပါတယ်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီမရှိဘဲ လူတွေဟာ သူတို့ရဲ့ တစ်နေ့တာအခြေခံလိုအပ်ချက်တွေမရတော့ဘူးဆိုရင် ကျွန်တော်တို့တွေဟာ ဒီရွှေ့ပြောင်းကယ်ဆယ်ရေးစခန်းတွေမှာ ဘယ်လိုများဆက်ပြီးနေထိုင်ရမလဲလို့ ပြောလိုက်ပါတယ်။

## စားရမဲ့ သောက်ရမဲ့ဘဝတွေဖြစ်သွားမယ်

ရွှေ့ပြောင်းစခန်းမှာ နေထိုင်သူအများစုဟာ လစဉ်အစားအစာ ထောက်ပံ့ရေးအစီအစဉ်လေးတွေပေါ် အားကိုးနေထိုင်ကြရတာ ဖြစ်ပါတယ်လို့ ယူဆက်ဖ်က ပြောပါတယ်။

ဒမတ်စကတ်ကို မဖြတ်သန်းဘဲ ရွှေ့ပြောင်းဒုက္ခသည်တွေကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးဆိုင်ရာ အစီအစဉ်ကို ထပ်မံရက်တိုးသတ်မှတ်ပေးဖို့ ကုလသမဂ္ဂရဲ့ အစီအစဉ်မအောင်မြင်ခဲ့တဲ့အပေါ် Save the children အဖွဲ့က စိတ်မကောင်းဖြစ်ခဲ့ပါတယ်။

မြောက်ပိုင်းဆီးရီးယားမှာရှိတဲ့ ဒုက္ခသည်တွေဆီကို ရောက်ရှိဖို့ အရေးကြီးဆုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအတွက် အဓိပ္ပာယ်အရှိဆုံးနည်းလမ်းကတော့ နယ်စပ်ဖြတ်ကျော်ရေးပဲ ဖြစ်ပါတယ်လို့ အဲဒီအဖွဲ့က သူ့ရဲ့ထုတ်ပြန်ချက်မှာဖော်ပြခဲ့ပါတယ်။ အကယ်၍ နယ်စပ်ဖြတ်ကျော်မှုကို မပံ့ပိုးပေးဘူးဆိုရင် ဒုက္ခသည်မိသားစုပေါင်းများစွာ စားရမဲ့၊ သောက်ရမဲ့ဘဝရောက်သွားမှာဖြစ်သလို ကျန်းမာရေးစောင့်ရှောက်မှုတွေလည်း ရရှိမှာမဟုတ်ဘူး၊ နားခိုရာနေရာတွေလည်း ရရှိမှာမဟုတ်ဘူးလို့ အဲဒီအဖွဲ့ရဲ့ အရာရှိတစ်ဦးဖြစ်သူ အင်ဂါအက်ရှင်က ပြောကြားလိုက်ပါတယ်။

## ဆီးရီးယားပြည်သူတွေ ဒုက္ခတွေနဲ့ ရင်ဆိုင်ရမယ်

အီးယူနိုင်ငံများနဲ့ အမေရိကန်ပြည်ထောင်စုက တူရကီနယ်စပ်ရဲ့ နယ်စပ်ဖြတ်ကျော်နေရာနှစ်ခုကို ထားရှိစေချင်တယ်။ အဲဒီနေရာနှစ်ခုမှာ တစ်ခုကတော့ ဘက်အယ်လ်ဆာလာမန် နေရာဖြစ်ပြီး အဲဒီလမ်းကြောင်းက အလက်ပိုကို ရောက်စေပါတယ်။ နောက်တစ်ခုကတော့ ဘက်အယ်လ်ဟာဝါလမ်းကြောင်းဖြစ်ပြီး အဲဒါကတော့ အီဒလစ်ကို ရောက်စေပါတယ်။ ရုရှားကတင်သွင်းလိုက်တဲ့ အဆိုပြုလွှာမှာတော့ အီဒလစ်ကို သွားတဲ့လမ်းကြောင်း တစ်ခုဖြစ်တဲ့ ဘက်အယ်လ်ဟာဝါလမ်းကြောင်းကိုပဲ တစ်နှစ်ကြာ ဖွင့်လှစ်ပေးမယ်လို့ သိရပါတယ်။ ရုရှားနိုင်ငံက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ ၈၅ ရာခိုင်နှုန်းကျော်ကို ဘက်အယ်လ်ဟာဝါလမ်းကြောင်းမှတစ်ဆင့် ခွင့်ပြုပေးပြီး ဘက်အယ်လ်ဆာလာမန်လမ်းကြောင်းကို ပိတ်ထားမယ်လို့ပြောပါတယ်။ ဇန်နဝါရီလမှာ ရုရှားနိုင်ငံဟာ နယ်စပ်ဖြတ်ကျော်နေရာကို လေးခုမှ နှစ်ခုအထိလျှော့ချနိုင်ခဲ့သလို ကန့်သတ်ချက်ကိုလည်း ခြောက်လအထိ လျှော့ချခဲ့ပါတယ်။

မာရက်စ်မက်စ်ရင်မြို့ ရွှေ့ပြောင်းအခြေချစခန်းမှာရှိတဲ့ သူ့ရဲ့ တဲအိမ်လေးအပြင်ကိုထွက်ပြီး အယ်လ်ဆယ်လ်မန်က အနာဂတ်ကို ကြောက်ရွံ့နေမိတယ်လို့ ပြောကြားလိုက်ပါတယ်။ ဆီးရီးယားပြည်သူသန်းပေါင်းများစွာ ကမ္ဘာကြီးရဲ့ရှေ့မှာပဲ ဒုက္ခကပ်ဆိုးတွေနဲ့ ရင်ဆိုင်ရဦးမယ်လို့ သူက ဆက်ပြီး ပြောလိုက်ပါတော့တယ်။ ။

**အေအက်ဖ်ပီ**

> “နယ်စပ်ဖြတ်ကျော်မှုကို မပံ့ပိုးပေးဘူးဆိုရင် ဒုက္ခသည်မိသားစုပေါင်းများစွာ စားရမဲ့၊ သောက်ရမဲ့ဘဝ ရောက်သွားမှာဖြစ်သလို ကျန်းမာရေးစောင့်ရှောက်မှုတွေလည်း ရရှိမှာမဟုတ်ဘူး၊ နားခိုရာနေရာတွေလည်း ရရှိမှာမဟုတ်ဘူးလို့ အဲဒီအဖွဲ့ရဲ့ အရာရှိတစ်ဦးဖြစ်သူ အင်ဂါအက်ရှင်က ပြောကြားလိုက်ပါတယ်”

# နိုင်ငံတကာသတင်းတိုထွာ

## ဂျပန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ်ပေါင်း ၁၂၀၀၀ ပျက်စီး

**တိုကျို ဇူလိုင် ၁၂**

ဂျပန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျူရှူဒေသနှင့် အခြားဒေသတို့တွင် နေအိမ်ပေါင်း ၁၂၀၀၀ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။ ခရိုင်ပေါင်း ၁၉ ခုမှ နေအိမ်စုစုပေါင်း ၁၂၆၁၀ မှာ ပျက်စီးဆုံးရှုံးမည့် ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအေဂျင်စီက ပြောသည်။

ကူမာမိုတိုခရိုင်ရှိ နေအိမ် ၂၃ လုံး အပါအဝင် နေအိမ်ပေါင်း ၄၁ လုံးမှာ လုံးဝပျက်စီးသွားခဲ့ပြီဖြစ်သည်။ ကူမာမိုတိုခရိုင်မှ နေအိမ် ၄၅၈၀ အပါအဝင် နေအိမ်ပေါင်း ၆၃၆၀မှာမူ ရေလွှမ်းခံထားရကြောင်း သိရသည်။ အခုအချိန်အထိ ပျက်စီးဆုံးရှုံးမှုစာရင်းအရေအတွက် အတိအကျ မရသေးသည့်အတွက်ကြောင့် နောက်ထပ်ပျက်စီးဆုံးရှုံးမှုများ တိုးလာနိုင်သေးကြောင်း အရာရှိများက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နီပေါနိုင်ငံတွင် ၂၇ ဦးသေဆုံး

**ခတ္တမန္ဒူ ဇူလိုင် ၁၂**

နီပေါနိုင်ငံအနောက်ပိုင်း မြာဒီခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရွှံ့သဲကျောက်မြေစီးဆင်းမှုများဖြစ်ပွားခဲ့သဖြင့် လူ ၂၇ဦးသေဆုံးပြီး လေးဦးပျောက်ဆုံးလျက်ရှိကြောင်း နီပေါနိုင်ငံ ရဲတပ်ဖွဲ့က ဇူလိုင် ၁၁ ရက်တွင် ပြောကြားလိုက်သည်။ ဇူလိုင် ၁၀ ရက်က မြာဒီခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေရာအမြောက်အမြားတွင် ရွှံ့သဲကျောက်မြေစီးဆင်းမှုများဖြစ်ပွားခဲ့ရာ ၃၄ ဦး ပျောက်ဆုံးနေပြီး လူနေအိမ်ခြေပေါင်း ၄၀ ကျော် ပျက်စီးခဲ့ကြောင်း ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်မှုအရ သိရသည်။

ဇူလိုင် ၁၁ ရက်အထိ သုံးဦးကို ကယ်တင်နိုင်ခဲ့ပြီး သေဆုံးသူ ရုပ်အလောင်း ၂၇ လောင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်းနှင့် လေးဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ရဲတပ်ဖွဲ့နှင့် စစ်ဘက်ဆိုင်ရာမှ တပ်ဖွဲ့ဝင်များသည် ကူညီကယ်ဆယ်ရေးများလုပ်ဆောင်နေသော်လည်း ရာသီဥတုအခြေအနေဆိုးရွားသောကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးနေကြောင်း သိရသည်။

**ဆင်ဟွာ**

# မိမိကိုယ်ကို ကာကွယ်



အမြဲကြောက်နေခြင်းမှာလည်း မကောင်းပါကြောင်း၊ ကြောက်ခိုင်းခြင်း မဟုတ်ပါကြောင်း၊ သတိရှိရန် ပြောခြင်းဖြစ်ပါကြောင်း၊ သတိရှိခြင်းနှင့် ကြောက်ခြင်း မတူညီပါကြောင်း၊ အပြင်သွားသည့်အခါ မျက်နှာဖုံးတပ်လိုက်ခြင်းသည် သတိဖြစ်ပါကြောင်း၊ လက်ကို မှန်မှန်သေသေချာချာဆေးခြင်း၊ အိမ်ပြန်လာသည့်အခါတွင် ချက်ချင်းလက်ဆေးခြင်း၊ မျက်နှာဖုံးများချွတ်ပြီး အဝတ်များချက်ချင်းလဲခြင်း စသည့်ကိစ္စရပ်များသည် များစွာအပန်းမကြီးပါကြောင်း၊ ယင်းခြေလှမ်းများ လှမ်းခြင်းအားဖြင့် ယခုထက် အပန်းကြီးသည့် အခြေအနေကို မရောက်သွားနိုင်အောင် မိမိကိုယ်ကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တစ်ချိန်လုံး သတိပေးနေရခြင်းဖြစ်ပါကြောင်း။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၃၀-၆-၂၀၂၀ ရက်နေ့တွင် COVID –19 ကူးစက်ဖြစ်ပွားမှုအခြေအနေများနှင့်စပ်လျဉ်း၍ ကာကွယ်ထိန်းချုပ်ကုသရေးတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန် ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)**

## ဒလမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ငွေလှူဒါန်းခြင်းနှင့် စာရေးဆရာအသင်းဝင်များအား ငွေ၊ ဆန်၊ ဆီများထောက်ပံ့ပေးအပ်

ဒလ ဇူလိုင် ၁၂

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် မြန်မာနိုင်ငံစာရေးဆရာ (ဒလမြို့နယ်)အသင်းမှ "မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီအဖွဲ့နှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ကို ငွေလှူဒါန်းခြင်းနှင့် မြို့နယ်စာရေးဆရာ အသင်းဝင်များအား ငွေ၊ ဆန်၊ ဆီများ ထောက်ပံ့ပေးအပ်ပွဲ" အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြန်/ဆက်ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦး (ဦးစီးမှူး) က "ကိုဗစ်–၁၉ ရောဂါဟာ ယနေ့အထိ ဖြစ်ပွားနေဆဲဖြစ်တယ်။ ဒီရောဂါ စတင်ဖြစ်ပွားချိန်ကဆို ပြည်သူလူထုတွေ အလွန်စိုးရိမ်ပြီး ထိန်းသိမ်းလိုက်နာ နေထိုင်ကြတယ်။ အခုဆို ခရီးသွားပြည်သူတွေ ဈေးဝယ်၊ ဆိုင်ထိုင်သူတွေမှာ စည်းကမ်းလိုက်နာမှု အားနည်းပြီး သွားလာနေထိုင်ကြတယ်။ အဲဒီလို ပေါ့ဆမနေထိုင်ကြဖို့ လိုပါတယ်" ပြောကြားသည်။

ထို့နောက် ဒလမြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူး ဦးစောလင်းဦးက အသင်းဝင်တစ်ဦးလျှင် ဆန် ၆ ပြည်ဝင်အိတ် တစ်အိတ်၊ ပဲဆီသန့် တစ်လီတာဝင် တစ်ဘူးနှင့် ငွေကျပ် တစ်သောင်းခွဲစီနှုန်းဖြင့် အသင်းဝင် ၂၅ ဦးအတွက် ပေးအပ်ခဲ့ရာ ဦးကျော်ဦးက အသင်းသားများကိုယ်စား လက်ခံယူခဲ့သည်။

ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်း ဘဏ္ဍာရေးမှူး ဦးသန်းထွန်းက မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီသို့ အလှူငွေကျပ် တစ်သိန်းကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ လည်းကောင်း၊ ဦးမင်းဌေးက အလှူငွေကျပ် ငါးသောင်းကို မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးကိုကိုနိုင် ထံသို့လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**




**သန်းဌေး (ဒလ)**

## မကြာမီဖွင့်လှစ်တော့မည့် အခြေခံပညာကျောင်းများတွင် ရောဂါများ ကြိုတင်ကာကွယ်ရေးသန့်ရှင်းရေးဆောင်ရွက်

သီပေါ ဇူလိုင် ၁၂

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဖြိုးဝေ ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ ရဲမေများနှင့် မိသားစုဝင်များသည် ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်စဉ် ကာလအတွင်း မိုးရာသီ၌ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက် ဝမ်းလျှောရောဂါများ ကြိုတင်ကာကွယ်ရေးအတွက် ယနေ့နံနက် ၇ နာရီတွင် သာသနာ့ ၂၅၀၀ ဘုန်းတော်ကြီးကျောင်းတိုက် အတွင်း၊ အပြင်နှင့် မန္တလေး၊ သီပေါ၊ လားရှိုး၊ မူဆယ်ပြည်ထောင်စုလမ်းမကြီး အခြေခံပညာကျောင်းဝန်းကျင်တို့၌ ခြင်၊ ယင်များ မခိုအောင်းနိုင်ရန် ချုံနွယ်များ ရှင်းလင်းခြင်း၊ လမ်းချိုင့်များ မြေဖို့ခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းဆယ်ခြင်း စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

မကြာမီ ဖွင့်လှစ်တော့မည့် အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ပညာသင်ကြားရန် ရောက်ရှိကြမည့် ရင်သွေးငယ်ကျောင်းသား လူငယ်မောင်မယ်လေးများ ရာသီအလိုက် အဖြစ်များတတ်သော ရောဂါများ ကြိုတင်ကာကွယ်ရေးအတွက်လည်းကောင်း၊ မြို့သန့်ရှင်းသာယာလှပရေးအတွက်လည်းကောင်း၊ ယခုကဲ့သို့ လုပ်အားဒါနအဖြစ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဖြိုးဝေက ပြောသည်။

အများပြည်သူတို့နှင့် ဆက်နွယ်ပတ်သက်သည့် နေရာ၊ ဌာနများကိုလည်း အပတ်စဉ်အလိုက် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်

ပင်းတယ ဇူလိုင် ၁၂

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ရပ်ကွက်/ ကျေးရွာနေ ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ အန္တရာယ်မှ ကင်းဝေးစေရန် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဖြစ်သည့် အသိပညာပေးလုပ်ငန်းများအဖြစ် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဖုံး သွန် စစ် လဲခြင်း စသည့်လုပ်ငန်းများကို ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်မျိုးနွယ်**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၂-၇-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ**

၁။ (၁၁-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၅၉၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၂၇၅) ခု၊ စုစုပေါင်းဓာတ်ခွဲနမူနာ (၈၆၇) ခုတွင် -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ သို့ဖြစ်ရာ (၁၁-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၁,၀၅၉) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၁၀၄) ခု၊
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၇၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၂၈၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၇၅) ခု၊ စုစုပေါင်း (၁,၈၉၅) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦးတွေ့ရှိကြောင်းကို (၁၁-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၃။ (၁၂-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၃၀)ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၁၂-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၁၁-၇-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၅၉၂) ခု |
| (၁၁-၇-၂၀၂၀) ရက်နေ့အတွက် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၂၇၅) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၂-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

၁။ (၁၂-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၇၄၇)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၀၉) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၄၃) ခု၊ စုစုပေါင်း (၁,၁၀၉၉)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရပါသည်။

၂။ (၁၂-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၃၁) ဦး ရှိပြီဖြစ်ပါသည်။

၃။ (၁၂-၇-၂၀၂၀)ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)၏ သတင်းထုတ်ပြန်ချက်အရ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတက်ရောက်မည့် လွှတ်တော်ကိုယ်စားလှယ် (၄၅၂) ဦးနှင့် အထောက်အကူပြု အဖွဲ့ဝင် (၁၀) ဦး၊ စုစုပေါင်း (၄၆၂) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုး မတွေ့ရှိကြောင်း သိရှိရပါသည်။

၄။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၁)ဦး (Case-248) တွေ့ရှိရသဖြင့် စုစုပေါင်း (၂၆၁) ဦးရှိပြီး ၎င်းတို့အနက် (၂၄၈) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၅။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆) ဦး ရှိပါသည်။

၆။ (၁၁-၇-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၂-၇-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၃၀) ဦး ရှိပါသည်။

(ယနေ့အတွက် ထပ်မံထုတ်ပြန်ရန် ဓာတ်ခွဲစစ်ဆေးမှုအဖြေများ မရှိတော့ပါ။)

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၂-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၂-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၄၇) ခု |
| (၁၂-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၀၉) ခု |
| (၁၂-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၄၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၁) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၂-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁) ဦး | (၃၃၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၁) ဦး | (၂၆၁) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၁၂-၇-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု ည (၈:၀၀) နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 331 | ၄၀ နှစ် | ကျား | မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အမေရိကန်) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မင်္ဂလာဒုံမြို့နယ်) |

## ဆွမ်ပရာဘွမ်မြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား ထောက်ပံ့

**ဆွမ်ပရာဘွမ် ဇူလိုင် ၁၂**

ကချင်ပြည်နယ် ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် ဖြန့်ဝေရန် ကျန်ရှိသည့် အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက ခဂရန်းယန် ကျေးရွာ အလကကျောင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ကချင်ပြည်နယ် လီဆူတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးအားတီယောဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်တိုး၊ ခဂရန်းယန်အုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ အကြောင်းအမျိုးမျိုးကြောင့် ဖြန့်ဝေရန်ကျန်ရှိသည့် အိမ်ထောင်စုများ တက်ရောက်ခဲ့သည်။ (ယာပုံ)

ဆွမ်ပရာဘွမ်မြို့နယ် ခဂရန်းယန်အုပ်စုအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အကြောင်းအမျိုးမျိုးကြောင့် ဖြန့်ဝေရန်ကျန်ရှိသည့် အိမ်ထောင်စု ကိုးစုအား အိမ်ထောင်စု တစ်စုလျှင် ထောက်ပံ့ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၃၅၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကုဌေး (ပြန်/ဆက်)



# ကိုဗစ် -၁၉ ရောဂါပိုးရှိသူ တစ်ဦး ထပ်မံတွေ့ရှိ စုစုပေါင်း ၃၃၁ ဦး ရှိသွားပြီ

နေပြည်တော် ဇူလိုင် ၁၂

ယနေ့တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ တစ်ဦး ထပ်မံတွေ့ရှိသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်း ၃၃၁ ဦးရှိပြီ ဖြစ်ကြောင်း၊ ပိုးတွေ့ရှိသူတစ်ဦးမှာ အမေရိကန်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူဖြစ်ကြောင်း၊ ရောဂါပိုး တွေ့ရှိသူ ၃၃၁ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၂၆၁ ဦးရှိပြီး ဆေးရုံမှ ဆင်းခွင့် ပြုခဲ့သူ ၂၄၈ ဦးရှိကြောင်းနှင့် ဇူလိုင် ၁၁ ရက် မွန်းတည့် ၁၂ နာရီမှ ဇူလိုင် ၁၂ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၃၀ ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရှိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၉၃၁၇၆ | ၃၃၁ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၂၆၁ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၆၃၁၉

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၄၈ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၅၆ | ၅ |
| ၂ | ရခိုင် | ၁၄ | |
| ၃ | ချင်း | ၁၁ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၃ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ကရင် | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၃၃၁ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၂-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၁၂-၇-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၅၇၁၃၀ | ၁၄၉၀၇၀၂ | ၁၃၇၄၁၈ |
| ၂။ | ဘရာဇီး | ၁၈၄၀၈၁၂ | ၁၂၁၃၅၁၂ | ၇၁၄၉၂ |
| ၃။ | အိန္ဒိယ | ၈၅၆၀၆၂ | ၅၄၁၂၂၇ | ၂၂၇၆၂ |
| ၄။ | ရုရှား | ၇၂၇၁၆၂ | ၅၀၁၀၆၁ | ၁၁၃၃၅ |
| ၅။ | ပီရူး | ၃၂၂၇၁၀ | ၂၁၄၁၅၂ | ၁၁၆၈၂ |
| ၆။ | ချီလီ | ၃၁၂၀၂၉ | ၂၈၁၁၁၄ | ၆၈၈၁ |
| ၇။ | စပိန် | ၃၀၀၉၈၈ | စိစစ်ဆဲ | ၂၈၄၀၃ |
| ၈။ | မက္ကဆီကို | ၂၉၅၂၆၈ | ၁၈၀၈၅၂ | ၃၄၇၃၀ |
| ၉။ | ဗြိတိန် | ၂၈၈၉၅၃ | စိစစ်ဆဲ | ၄၄၇၉၈ |
| ၁၀။ | တောင်အာဖရိက | ၂၆၄၁၈၄ | ၁၂၇၇၁၅ | ၃၉၇၁ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၂- ၇ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၇၅၆၉၉ | ၃၅၆၃၈ | ၃၆၀၆ |
| ဖိလစ်ပိုင် | ၅၄၂၂၂ | ၁၄၀၃၇ | ၁၃၈၃ |
| စင်ကာပူ | ၄၅၉၆၁ | ၄၂၂၈၅ | ၂၆ |
| မလေးရှား | ၈၇၁၈ | ၈၅၁၉ | ၁၂၂ |
| ထိုင်း | ၃၂၁၇ | ၃၀၈၈ | ၅၈ |
| ဗီယက်နမ် | ၃၇၂ | ၃၅၀ | ၀ |
| မြန်မာ | ၃၃၁ | ၂၆၁ | ၆ |
| ကမ္ဘောဒီးယား | ၁၅၆ | ၁၃၃ | ၀ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| လာအို | ၁၉ | ၁၉ | ၀ |

## နိုင်ငံတော်၏ရိက္ခာဆန် စားသုံးသူပြည်သူထံ လက်လီအရောင်းဆိုင်များမှတစ်ဆင့် ဖြန့်ဖြူးရောင်းချမည်

ရန်ကုန် ဇူလိုင် ၁၂

နိုင်ငံတော်၏ ရိက္ခာဆန်အဖြစ် ဝယ်ယူထားသည့် လုံးရှည် / ဧည့်မထ ၂၅ ရာခိုင်နှုန်းအမျိုးအစား ဆန်အိတ်များကို စားသုံးသူပြည်သူများထံသို့ လက်လီဆန်အရောင်းဆိုင်များမှတစ်ဆင့် သက်သာသည့်ဈေးဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ ဆန်စပါးကုန်စည်ဒိုင်များနှင့် ဆန်လက်လီ အရောင်းဆိုင်များပူးပေါင်းလျက် စီမံဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှ သိရသည်။

ထိုသို့ရောင်းချနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေတို့တွင် ဆန်အိတ် စုစုပေါင်း ၅၂၅၀၀၀ ရောင်းချနိုင်ရန် လျာထားသည်။ ဆန်လက်လီအရောင်းဆိုင်များကို ၁၀၈ ပေါင်ဆန်တစ်အိတ်လျှင် ငွေကျပ် ၂၂၈၀၀ နှုန်းဖြင့် ရောင်းချပေးမည်ဖြစ်သည်။ လက်လီအရောင်းဆိုင်များမှ ဒေသအလိုက် ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၀၀၀ မှ ၁၁၀၀ ထက်မပိုသောနှုန်းဖြင့် စားသုံးသူပြည်သူများသို့ ပြန်လည်ရောင်းချပေးရန်ဖြစ်သည်။ စက်မှုဇုန်ရှိ အလုပ်သမားမိသားစုများအတွက် ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

ဆန်လက်လီ အရောင်းဆိုင်များအနေဖြင့် လက်လီအရောင်းဆိုင်မှတ်ပုံတင်ခြင်း အဆိုပြုလွှာပုံစံကို ဖြည့်စွက်ပြီး အီးမေးလ် eo @ mrf. com. mm သို့ ပေးပို့ရမည်ဖြစ်သည်။

အောင်သူရ

## မာန်အောင်မြို့နယ်ရှိ စားသောက်ဆိုင်များကို ကိုဗစ်-၁၉ ရောဂါ ညွှန်ကြားချက်များနှင့်အညီ ရောင်းချခြင်း ရှိ မရှိ စစ်ဆေး

မာန်အောင် ဇူလိုင် ၁၂

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်တွင် စားသောက်ဆိုင်များကို ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ရောင်းချခြင်း ရှိ မရှိကို ယမန်နေ့က သွားရောက်စစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျန်အေးနှင့် မြို့နယ် ကိုဗစ်-၁၉ အသိပညာပေးရေးနှင့် သတင်းစုဆောင်းထုတ်ပြန်ရေး လုပ်ငန်းကော်မတီတို့က စားသောက်ဆိုင်ဖွင့်လှစ်ရောင်းချရာတွင် လိုက်နာရမည့် အချက်များ၊ ဆိုင်မှတာဝန်ရှိသူများ၊ ဆိုင်ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ စားသုံးသူများ လိုက်နာရမည့် စည်းကမ်းချက်များနှင့်အညီ ရောင်းချခြင်း ရှိ မရှိ စစ်ဆေးခဲ့ကာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ သိမ္ဘာလကျေးရွာ ပင်လယ်ကမ်းခြေ လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် အသိပေးဗီနိုင်းပိုစတာ စိုက်ထူပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သိန်းဖေ (ပြန်/ဆက်)

## COVID-19 Call Center အချိန် ပြောင်းလဲဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၁၂

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID–19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID–19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

# ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် ဖော ငမြှောင်တောင် ကာကွယ်နှိမ်နင်းရန် ထောက်ပံ့ပစ္စည်းများပေးအပ်



ပင်းတယ ဇူလိုင် ၁၂

ကိုဗစ်-၁၉ စီးပွားရေးကုစားမှု (CERP) အစီအစဉ်အရ (KOICA) မှ အထောက်အပံ့ဖြင့် (SAEM) စီမံကိန်းမှ ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်းနှင့် ဖော ငမြှောင်တောင် (FAW) ကာကွယ်နှိမ်နင်းရန် ထောက်ပံ့ပစ္စည်း ပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက မြို့နယ်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးတင်ဦးက ကိုဗစ် – ၁၉ စီးပွားရေးကုစားမှု (CERP) အစီအစဉ်အရ (KOICA) မှ အထောက်အပံ့ဖြင့် (SAEM) စီမံကိန်းမှ ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပင်းတယမြို့နယ် စိုက်ပျိုးရေးစီမံကိန်းဝင် ကျေးရွာအုပ်စု ရှစ်အုပ်စုမှ ကျေးရွာပေါင်း ၂၃ ရွာမှ အိမ်ထောင်စု ၁၅၀၀ အတွက် ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် ဖော ငမြှောင်တောင် ကာကွယ်နှိမ်နင်းရန်အတွက် ထောက်ပံ့ပစ္စည်းများကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်း၊ ပြည်နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးတင်ဦးနှင့် တာဝန်ရှိသူများက ပေးအပ်သည်။ **(ယာပုံ)**

ထို့နောက် ဒေသနေပြည်သူများကိုယ်စား ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးနေမျိုးကျော်က ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်းနှင့် ဖော ငမြှောင်တောင် ကာကွယ်နှိမ်နင်းရန် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ခင်မျိုးနွယ် (ပင်းတယ)**

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်**"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများနေအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်း အသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏ မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာ နေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို လူစုလူဝေးရှိရာ နေရာများသို့သွားသည့် အခါတိုင်း မဖြစ်မနေ တပ်ဆင်ကြပါရန်။

(ဂ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

စိတ်ဖိစီးမှုသည် ဘဝတွင် ကြုံတွေ့ရတတ်သည့် သာမန်ဖြစ်ရိုးဖြစ်စဉ် ခံစားမှုတစ်ခုဖြစ်သော်လည်း စိတ်ဖိစီးမှုဆိုင်ရာ အခြေခံအချက်များကို သိရှိပြီး ဖြေရှင်းနိုင်စွမ်းရှိရမည် ဖြစ်သည်။ စိတ်ဖိစီးမှုသည် ထိုဖြေရှင်းနိုင်စွမ်းကို ကျော်လွန်ခြင်း(သို့မဟုတ်) ပြင်းထန်များပြားလာခြင်းများရှိသည့်အခါ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။

စိတ်ဖိစီးမှုလက္ခဏာများမှာ အိပ်စက်မှုပြဿနာရှိခြင်း၊ အလွန်တက်ကြွခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာအိမ်/အူလမ်းကြောင်း ပြဿနာရှိခြင်း၊ ခေါင်းကိုက်ခြင်း/ ကိုယ်လက်ကိုက်ခဲခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ဝမ်းနည်းခြင်း၊ အပြစ်ရှိသည်ဟု ခံစားရခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မှတ်ဉာဏ်ဆိုင်ရာ ပြဿနာရှိခြင်း၊ မကောင်းတွေးခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ပျင်းရိခြင်း၊ အထီးကျန်ခြင်း၊ အခြားသူများကို အပြစ်တင်ခြင်း၊ လုပ်ဆောင်နိုင်စွမ်း ကျဆင်းလာခြင်းတို့ ခံစားရခြင်းတို့ ဖြစ်ပါသည်။

ထိုခံစားရမှုများကို မှန်ကန်သော နည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းမှုမပြုပါက ဆိုးရွားသော စိတ်မောပန်း ကျဆင်းသည့်အဆင့်သို့ရောက်ရှိသွားပြီး ပြဿနာများကို ဆက်လက်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း လုံးဝမရှိတော့ခြင်းစသည့် နောက်ဆက်တွဲဆိုးကျိုးများ ခံစားရနိုင်ပြီး ရေရှည်တွင် လူမှုစီးပွားအခက်အခဲများကို ရင်ဆိုင်လာရမည်ဖြစ်သည်။ ထိုအဆင့်သို့မရောက်မီ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုကိုခံယူရန် လိုအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁ ရက်မှ ၇ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

ဇူလိုင် ၁၀ ရက်နေ့မှအဆက်

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၂၂ | ဦးညွှတ်ခွင့်လေးရပါရစေနှင့် အခြားဆောင်းပါးများစုစည်းမှု | ခင်သန္တာ | စိတ်ကူးသစ် | ၃၀၀၀ |
| ၂၃ | ရင်တွင်းဖြစ်ဟာသများ | မင်းဇော်လူ | စိတ်ကူးသစ် | ၃၀၀၀ |
| ၂၄ | တကယ်မရှိသောနှစ်များ | အောင်ခင်မြင့် | နှစ်ကာလများ | ၂၀၀၀ |
| ၂၅ | အုံ့ဩစရာရိုးရာဓလေ့ | အောင်သင်း | ဇွန်ပွင့် | ၂၀၀၀ |
| ၂၆ | ငါ့အချစ်ကနင့်အတွက်ပါလေ | ဂျိတ် | ကောင်းဆုသာစာပေ | ၂၀၀၀ |
| ၂၇ | ပြက္ခဒိန်ထဲကခေတ်ပုံများ | ညောင်ဦးဖိုးချို | အလင်းသစ်စာပေ | ၁၅၀၀၀ |
| ၂၈ | ချစ်စရာကောင်းတဲ့ဗမာလူငယ်တွေ | အောင်သင်း | ဇွန်ပွင့် | ၂၀၀၀ |
| ၂၉ | တယောအို | တင်ညွန့် | မောကွ | ၁၅၀၀ |
| ၃၀ | ပန်းနီနီကျိန်စာ | တင်ညွန့် | မောကွ | ၁၅၀၀ |
| ၃၁ | ကောင်လေးတစ်ယောက်အကြောင်း | တင်ညွန့် | မောကွ | ၂၀၀၀ |
| ၃၂ | မြို | မဝင့်(မြစ်ငယ်) | အိပ်မက်အသစ် | ၃၀၀၀ |
| ၃၃ | ချန်ထားရက်လေသော | ဖရော်ဆန် | ကိုလတ်စာပေ | ၂၅၀၀ |
| ၃၄ | ကျေးညီနောင် | ဆုပြည့်စုံထွန်းစာတည်းအဖွဲ့ | ဆုပြည့်စုံထွန်းစာပေ | ၁၅၀၀ |
| ၃၅ | ကြည်နူးဖွယ်ပုံပြင်များ | ပွင့်ဝင်းဝင်းသူ | ဆုပြည့်စုံထွန်းစာပေ | ၃၀၀၀ |
| ၃၆ | မြန်မာ့သမိုင်းကြေးမုံပြင် | မောင်ပြည့်လွင် | ဆုပြည့်စုံထွန်းစာပေ | ၈၀၀၀ |
| ၃၇ | ဂိုချောက်တောင် | ကိုအောင် | Quality | ၆၀၀၀ |
| ၃၈ | ဗိုလ်ချုပ်ကာတွန်း | ဝင်းမြင့်အောင် | ဆုပြည့်စုံထွန်း | ၂၀၀၀ |
| ၃၉ | ၂၁ရာစုကိုပုံဖော်မည့်နိုင်ငံရေး မဟာဗျူဟာများနှင့် ကိုဗစ် ၁၉ | တက္ကသိုလ်ဟန်စိုးဦး | Quality | ၆၀၀၀ |
| ၄၀ | ဗိုလ်ချုပ်အတ္ထုပ္ပတ္တိရုပ်ပြ | ကိုမင်းဦး/ဝင်းနိုင်ဦး | Quality | ၅၀၀၀ |
| ၄၁ | ကျွန်တော့်လင် | ဇဝန | ကံ့ကော်ဝတ်ရည် | ၃၅၀၀ |
| ၄၂ | တစ်ခါတုန်းက အယ်နီ | စံပယ်ဖြူနု | ကံ့ကော်ဝတ်ရည် | ၃၀၀၀ |




## မကွေးတိုင်းဒေသကြီး၌ ကမ်းပါးပြို၍ လူနေအိမ်ရွှေ့ပြောင်းရမှု ယမန်နှစ်ကထက်ပိုများလာ

မကွေး ဇူလိုင် ၁၂

မကွေးတိုင်းဒေသကြီးအတွင်း၌ မြစ်ချောင်းကမ်းပါးများပြို၍ လူနေအိမ်ရွှေ့ပြောင်းရမှုမှာ ယမန်နှစ်ကထက် ပိုများလာနေကြောင်း ထောက်ပံ့ကူညီမှုများ လုပ်ဆောင်နေသည့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ သိရသည်။

ကမ်းပါးပြိုအန္တရာယ်ကြောင့် ၂၀၁၉ ခုနှစ်က လူနေအိမ် ၂၀၀ ခန့်သာ ရွှေ့ပြောင်းခဲ့ရသော်လည်း ဧပြီ ၁ ရက်မှ ယနေ့အထိ လူနေအိမ် ၃၀၀ ခန့် ရွှေ့ပြောင်းအခြေချနေထိုင်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

"ရွှေ့ပြောင်းနေထိုင်သူတွေအတွက် အိမ်ဆောက်ပစ္စည်းဖိုး တစ်အိမ်ငွေကျပ်တစ်သိန်းနဲ့ လူတစ်ဦးကို ဆန်ရိက္ခာဖိုးငွေကျပ် ၂၁၀၀ ထောက်ပံ့ပေးနေပါတယ်။ ငွေကျပ်သိန်း ၃၀၀ ဖိုးလောက် ထောက်ပံ့ပြီးပါပြီ။ ဘေးဖြစ်နေသရွေ့ ကျွန်တော်တို့ အလုပ်က အမြန်ထောက်ပံ့ပေးဖို့ လုပ်ဆောင်ရတာပါ" ဟု တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးက ပြောသည်။

မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်း ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီး ဘတ်ဂျက်နှင့် အရေးပေါ်ရန်ပုံငွေများအသုံးပြု၍ ကမ်းပါးပြိုကာကွယ်ရေးလုပ်ငန်းများကို နှစ်စဉ်ကြိုးကြပ်လုပ်ဆောင်လျက်ရှိသည်။

မကွေးတိုင်းဒေသကြီး၌ ယခုနှစ်၌ ကမ်းပါးပြိုမှု ၃၃ ကြိမ်ဖြစ်ပေါ်ခဲ့ပြီး လူဦးရေ ၁၁၀၀ ကျော် ဘေးကြုံခဲ့ရကြောင်း၊ ရေနံချောင်းမြို့နယ်တွင် ၁၄ ကြိမ်၊ မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များတွင် ရှစ်ကြိမ်၊ ပခုက္ကူခရိုင်အတွင်းရှိ မြို့နယ်များတွင် ၁၁ ကြိမ် ဘေးကြုံခဲ့ရခြင်းဖြစ်ကြောင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

ဇေယျာတု(မကွေး)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂-၇-၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၂၉၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၂၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၅၆၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၂၉၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၂၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၅၆၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၃၀/၅၆၀ | ကျပ် | ၅၆၅/၅၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၅ | ကျပ် | ၅၈၀/၅၉၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၈၀/၅၁၀ | ကျပ် | ၅၅၀/၅၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၅ | ကျပ် | ၆၇၀/၆၉၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၆၉ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၄၆ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၃ . ၄၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၂၅ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၂ . ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၅၀ . ၉၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၄၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၀၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၀၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၁ . ၀၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၇၆၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၄၃၄ | ၄၅၅၇၀၀၀ |
| MTSH | ၃၈၀၀ | ၃၈၅၀ | ၈၇၇ | ၃၃၁၇၇၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၂၁ | ၁၇၂၂၀၀ |
| FPB | ၂၃၀၀၀ | ၂၂၅၀၀ | ၂၀၀ | ၄၅၇၀၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၁၅ | ၃၁၆၂၅၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၁၅၇ | ၄၂၃၉၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ
ဘာသာပြန် စာတည်း - ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကျွန်တော်နဲ့ အများပိုင်ကုမ္ပဏီရဲ့ အွန်လိုင်းနှစ်ပတ်လည်အစည်းအဝေး



ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

### ကောင်းမွန်သော စီမံအုပ်ချုပ်မှု

မနေ့က ထူးခြားတဲ့ အွန်လိုင်းနှစ်ပတ်လည်အစည်းအဝေးတစ်ရပ်ကို တက်ခွင့်ရခဲ့တယ်။ ကုမ္ပဏီက အများပိုင်ကုမ္ပဏီဖြစ်ရုံမက ရန်ကုန်ငွေကြေးဈေးကွက်ထဲပါဝင်တဲ့ကုမ္ပဏီ၊ မြန်မာနိုင်ငံရဲ့ စီးပွားရေးအခင်းအကျင်းမှာ အလွန်အရေးပါလှတဲ့ ကုမ္ပဏီ။ ကျွန်တော့်အနေနဲ့ စီးပွားရေးပညာရပ်ဆိုင်ရာ မျှဝေမှုတွေ ဆောင်ရွက်ရာမှာ ဘာသာရပ်မျိုးစုံ ထိတွေ့ခဲ့ပါတယ်။ ကျွန်တော်စိတ်ဝင်စားလှတဲ့ခေါင်းစဉ်တစ်ခုကတော့ Good Governance လို့ ခေါ်တဲ့ကောင်းမွန်သော စီမံအုပ်ချုပ်မှုဖြစ်ပါတယ်။ ဒီနေရာမှာ Government နဲ့ Governance ကို ခွဲခြားပြီး သုံးသပ်ဖို့လိုအပ်ပါတယ်။ အစိုးရ (Government) နဲ့ စီမံအုပ်ချုပ်မှု (Governance) ဟာ မတူပါဘူး။

ဒီအကြောင်းအရာကို စိတ်ဝင်စားတဲ့အခြေခံက ကုလသမဂ္ဂ ဝန်ထမ်းတက္ကသိုလ်မှာ တာဝန်ယူစဉ်က ဆောင်ရွက်ခဲ့ရတဲ့ သုတေသနလုပ်ငန်းနဲ့ ပတ်သက်ပါတယ်။ ကုလသမဂ္ဂအဖွဲ့အစည်းဟာ အဖွဲ့ဝင်နိုင်ငံတွေနဲ့ ပတ်သက်ပြီး လုံခြုံရေး၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးကိစ္စရပ်တွေကို အာရုံပြုတာဖြစ်တယ်။ ဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်လာရင် အခြေခံမေးခွန်းက နိုင်ငံတစ်နိုင်ငံတိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူပြုတဲ့ အချက်တွေကို ဖော်ထုတ်ဖို့ ဘယ်လိုအခြေခံတွေကြောင့် နိုင်ငံတွေ တိုးတက်လာသလဲဆိုတဲ့ မေးခွန်းကို မေးခဲ့ပါတယ်။ အခြေခံအကြောင်းအချက်တွေ အမျိုးမျိုးကို ဖော်ထုတ်ခဲ့တယ်။ တချို့က ရာသီဥတုကြောင့်လို့ ပြောကြတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံအများစုက ရာသီဥတုအရ အလွန်အေးတဲ့ဒေသတွေမှာ တည်ရှိနေတာ တွေ့ရတယ်။ ပထဝီက အဖြေဖြစ်တယ်လို့လည်း ပြောကြတယ်။ တချို့ကတော့ ဘာသာရေးနဲ့ဆိုင်တယ်လို့ ပြောဆိုကြပြန်တယ်။ သဘာဝစွမ်းအားစုကြွယ်ဝမှုတွေဟာလည်း အရေးပါတယ်လို့ ပြောဆိုကြတယ်။ အခုလို အခြေခံအမျိုးမျိုးကြောင့် နိုင်ငံတွေဟာ တိုးတက်ဖွံ့ဖြိုးတယ်လို့ ပြောကြပါတယ်။ ဒီအကြောင်းအချက်တွေဟာ အရေးပါတာကိုတော့ ငြင်းပယ်လို့ မရပါဘူး။ ဒါပေမယ့် ကျွန်တော်ရဲ့ လေ့လာချက်အရ အရေးအကြီးဆုံးအရာက ညံ့ဖျင်းသော စီမံခန့်ခွဲမှု (bad governance)ဖြစ်ကြောင်း တွေ့ရတယ်။ ညံ့ဖျင်းသော စီမံခန့်ခွဲမှုလို့ ဆိုရာမှာ အစိုးရကဏ္ဍတွင်သာမက ပုဂ္ဂလိကကဏ္ဍနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေမှာလည်း လိုအပ်လျက်ရှိပါတယ်။ ဒီကဏ္ဍသုံးခုဟာ ဟန်ချက်ညီညီ၊ ညီညီညွတ်ညွတ်နဲ့ ညံ့ဖျင်းသော စီမံအုပ်ချုပ်မှုပြဿနာကို ဖြေရှင်းပြီး ကောင်းမွန်သော စီမံအုပ်ချုပ်မှုကို ဖော်ထုတ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

### အရေးကြီးသောအချက် ရှစ်ချက်

ကောင်းမွန်သော စီမံခန့်ခွဲမှုလို့ပြောရာမှာ ရှုထောင့်ရှစ်ခုရှိကြောင်း တွေ့ရပါတယ်။ ပထမဆုံးနဲ့ အရေးကြီးဆုံးက တာဝန်ယူ၊ တာဝန်ခံမှုပဲ ဖြစ်တယ်။ ဒုတိယက ပွင့်လင်းမြင်သာမှုဖြစ်ပြီး တတိယကတော့ တုံ့ပြန်မှုဖြစ်ပါတယ်။ စတုတ္ထအချက်ကတော့ အားလုံးပါဝင်ပတ်သက်မှုဖြစ်ပြီး ပဉ္စမအချက်က ထိရောက်မှုနဲ့ စွမ်းရည်ပြည့်ဝမှု ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုဟာ ဆဋ္ဌမအချက်ဖြစ်ပြီး နောက်ဆုံးအချက်နှစ်ခုကတော့ ပူးပေါင်းညှိနှိုင်းမှုနဲ့ အများဆန္ဒကို လေးစားလိုက်နာခြင်း ဖြစ်ပါတယ်။ အမှန်တော့ ဒီအချက်ရှစ်ချက်ကို အမြဲဦးထိပ်ထားနိုင်ဖို့ လိုအပ်ပါတယ်။ နိုင်ငံတော်အဆင့်အနေနဲ့ ဖြစ်စေ၊ လုပ်ငန်းအဖွဲ့အစည်းအဆင့်အနေနဲ့ဖြစ်စေ၊ ပုဂ္ဂလိကတစ်ဦးချင်းအဆင့်အနေနဲ့ဖြစ်စေ ဒီအချက်ရှစ်ချက်ကို အလေးအနက်ထားဖို့ လိုအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ ကောင်းမွန်သော စီမံအုပ်ချုပ်မှု ဘာသာရပ်ကို ဘွဲ့လွန်သင်တန်းတွေမှာ ပို့ချခဲ့တယ်။ ပို့ချနေဆဲ ဖြစ်တယ်။ တစ်ဖက်မှာလည်း စီးပွားရေးလုပ်ငန်းတွေမှာ Corporate Governance လုပ်ငန်းများ စီမံအုပ်ချုပ်မှုကို အထူးပြုပြီး ဟောပြောမှုတွေ၊ သင်တန်းတွေ ပေးလျက်ရှိပါတယ်။ စာတွေ့အပိုင်းနဲ့ လက်တွေ့အပိုင်းကို ဘက်စုံ၊ ထောင့်စုံ ချဉ်းကပ်နိုင်အောင် ကြိုးစားလျက်ရှိပါတယ်။

ဒီနေရာမှာ ဘောဂဗေဒ(economics)နဲ့ စီးပွားရေးလုပ်ငန်း(business)ကို ခွဲခြားဖို့ လိုအပ်ပါတယ်။ ကျွန်တော့်ရဲ့ အထူးပြုဟာ စီမံခန့်ခွဲမှုပညာရပ်ဖြစ်တာမို့ တစ်နိုင်ငံလုံးအတိုင်းအတာရဲ့ စီးပွားရေးအခြေအနေကို အခြေခံတစ်ရပ်အနေနဲ့သာ အာရုံမပြုပါဘူး။ နိုင်ငံရဲ့ စီးပွားရေး အခြေခံအဆောက်အအုံမှာ စီးပွားရေးလုပ်ငန်းတွေဟာ ပဓာနဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့စီးပွားရေးလှုပ်ရှားမှုတွေဟာ အရေးပါပေမယ့် အမှန်တော့ ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်တဲ့နေရာမှာ ပုဂ္ဂလိက ကဏ္ဍဖြစ်တယ်။

### ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်း

ပုဂ္ဂလိကကဏ္ဍကို သုံးသပ်ရာမှာ မြန်မာနိုင်ငံမှာ ၉၀ ရာခိုင်နှုန်းကျော်ဟာ အသေးစား အလတ်စားတွေဖြစ်တာတွေ့ ရတယ်။ မိရိုးဖလာလုပ်ငန်းတွေဖြစ်ပြီး စနစ်တကျဖွဲ့စည်းထားတာ မဟုတ်ပါဘူး။ အထူးသဖြင့် တရားဝင်ကဏ္ဍမှာ လှုပ်ရှားနေတာမဟုတ်ဘဲ Shadow economy လို့ခေါ်တဲ့ အရိပ်သဖွယ်တိမ်မြုပ်နေတဲ့ကဏ္ဍမှာ လုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိတာ တွေ့ရှိရပါတယ်။ နိုင်ငံတော်အစိုးရအသစ်ဟာ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးမှုကို ဦးစားပေးလျက်ရှိတယ်။ နိုင်ငံတော်အကြီးအကဲအနေနဲ့ အာရုံပြုပြီးပြုစုပျိုးထောင်မှုတွေ ဆောင်ရွက်လျက်ရှိတာ တွေ့ရတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းတွေကို ကိုယ်စားပြုတဲ့ မြန်မာနိုင်ငံ ကုန်သည်များနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကြီးရဲ့ ဦးဆောင်မှုနဲ့ ကျစ်လျစ်ခိုင်မာတဲ့ စီးပွားရေးလုပ်ငန်း ပေါ်ပေါက်လာအောင် ကြိုးစားလျက်ရှိပါတယ်။ ဒီနေရာမှာ အစိုးရဌာနတစ်ခုဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုမ္ပဏီများမှတ်ပုံတင်ရေးဦးစီးဌာနရဲ့ အရေးပါမှုကို သတိပြုရမှာ ဖြစ်ပါတယ်။ အင်္ဂလိပ်လို အများသိတဲ့ (DICA)Department of Investment နဲ့ Company Administration ဖြစ်တယ်။ မြန်မာနိုင်ငံမှာ စနစ်တကျ စီးပွားရေးလုပ်ငန်းများ ဖွဲ့စည်းတည်ထောင်မှုကို တာဝန်ယူထားတာ။ ကုမ္ပဏီတစ်ခု တည်ထောင်လှုပ်ရှားဖို့ ဒီဦးစီးဌာနမှာ မှတ်ပုံတင်ရမှာဖြစ်တယ်။ ကုမ္ပဏီများနဲ့ပတ်သက်တဲ့ ဥပဒေအသစ်တစ်ခုကိုလည်း ထုတ်ဖော်ခဲ့ပါတယ်။

> "နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးအဆောက်အအုံမှာ ရှင်သန်တဲ့ အရင်းအနှီးဈေးကွက်ရှိဖို့ လိုအပ်တယ်။ ဒီအရင်းအနှီးဈေးကွက်ကို ဖော်ထုတ်တဲ့နေရာမှာ စတော့အိတ်ချိန်းဟာ သော့ချက်ဖြစ်တယ်။ ဒါကြောင့်လည်း မြန်မာပြည်မှာ စတော့အိတ်ချိန်းကို ယခင်အစိုးရလက်ထက်က စတင်ဖော်ထုတ်ခဲ့တာကို ကြိုဆိုခဲ့တယ်။ ဒါပေမယ့် အခုလို စတော့အိတ်ချိန်းကို ဖော်ထုတ်ရုံမက၊ ရှင်သန်ဖို့ လိုအပ်တယ်။ ဒါကြောင့်လည်း အစကတည်းက ကျွန်တော်က စိတ်ပူခဲ့တယ်။ အိမ်နီးနားချင်းနိုင်ငံတွေရဲ့ အတွေ့အကြုံဟာ သင်ခန်းစာတစ်ခု ဖြစ်တယ်"

### ကုမ္ပဏီအမျိုးအစား လေးမျိုး

ကုမ္ပဏီများကို အမျိုးအစား ခွဲခြမ်းစိတ်ဖြာတဲ့ နေရာမှာ အဆင့် လေးဆင့်ရှိတာ တွေ့ရပါတယ်။ ပထမဆုံးအဆင့်က တစ်ဦးတည်းပိုင်လုပ်ငန်းများ ဖြစ်ပါတယ်။ စောစောကတင်ပြခဲ့သလို ကျွန်တော်တို့နိုင်ငံမှာ ဒီအမျိုးအစားဟာ အများစု ဖြစ်ပါတယ်။ ဒုတိယအမျိုးအစားကတော့ အစုစပ်ကုမ္ပဏီတွေ ဖြစ်ပါတယ်။ တတိယ အမျိုးအစားက အများပိုင်ကုမ္ပဏီဖြစ်ပြီး နောက်ဆုံးကတော့ ရန်ကုန်စတော့အိတ်ချိန်းမှာ စာရင်းဝင်တဲ့ အများပိုင်ကုမ္ပဏီတွေ ဖြစ်ပါတယ်။ အခုလို အမျိုးအစားခွဲခြားမှုဟာ ပိုင်ဆိုင်မှုကိုအခြေခံပြီး ခွဲခြားတာဖြစ်တယ်။ အများပိုင်ကုမ္ပဏီဆိုတဲ့ နာမည်တပ်ရုံနဲ့ အများပိုင်ကုမ္ပဏီ ဖြစ်မလာပါဘူး။ ကျွန်တော်တို့နိုင်ငံမှာက ပေါ်ပင်ကို သိပ်သဘောကျကြတာ။ သူများက အများပိုင်ဆို ကိုယ်ကလည်း အများပိုင်။ အမှန်စင်စစ် ကိုယ်စီးတဲ့မြင်း အထီးအမ မသိတဲ့သဘော။ တာဝန်ရှိသူတွေကလည်း အရေအတွက်ကို ဦးစားပေးခဲ့တယ်။ အများပိုင်ကုမ္ပဏီတွေ ဖောင်းပွနေတာ တွေ့ရတာ။ အများပိုင်ကုမ္ပဏီတွေရဲ့ အနှစ်သာရကတော့ စောစောက ကျွန်တော်တင်ပြခဲ့တဲ့ ကောင်းမွန်သောလုပ်ငန်းများ စီမံအုပ်ချုပ်မှု (Good Corporate Governance) ဖြစ်တယ်။ အခြေခံကတော့ ပိုင်ဆိုင်မှုနဲ့ စီမံခန့်ခွဲမှုကို ခွဲခြားမှုပဲ ဖြစ်တယ်။ ပိုင်ရှင်တွေကတော့ အစုရှယ်ယာဝင်တွေ ဖြစ်တယ်။ နေ့စဉ်လုပ်ငန်းတွေကို ပါဝင်နိုင်မှု မရှိနိုင်တာမို့ သူတို့ ကိုယ်စားအဖြစ် Board of Directors လို့ ခေါ်တဲ့ ဒါရိုက်တာအဖွဲ့ကို ရွေးချယ်တင်မြှောက်ပြီး တာဝန်ယူစေပါတယ်။ ဒါရိုက်တာတွေဟာ တစ်လတစ်ကြိမ် ပုံမှန် အစည်းအဝေးကျင်းပပြီး ကုမ္ပဏီလုပ်ငန်းတွေကို ထိန်းချုပ်ပါတယ်။ လုပ်ငန်းအသေးစိတ်တွေကိုတော့ စီမံခန့်ခွဲသူတွေ ခန့်ထားပြီး လှုပ်ရှားစေပါတယ်။ စီမံခန့်ခွဲသူတွေဟာ ကျွမ်းကျင်မှု ရှိသူတွေဖြစ်ပြီး ဝန်ထမ်းတွေ ဖြစ်ပါတယ်။

### မြန်မာနိုင်ငံနှင့် စတော့အိတ်ချိန်း

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးအဆောက်အအုံမှာ ရှင်သန်တဲ့ အရင်းအနှီးဈေးကွက်ရှိဖို့ လိုအပ်လှတယ်။ ဒီအရင်းအနှီးဈေးကွက်ကို ဖော်ထုတ်တဲ့နေရာမှာ စတော့အိတ်ချိန်းဟာ သော့ချက်ဖြစ်တယ်။ ဒါကြောင့်လည်း မြန်မာပြည်မှာ စတော့အိတ်ချိန်းကို ယခင်အစိုးရလက်ထက်က စတင်ဖော်ထုတ်ခဲ့တာကို ကြိုဆိုခဲ့တယ်။ ဒါပေမယ့် အခုလို စတော့အိတ်ချိန်းကို ဖော်ထုတ်ရုံမက ရှင်သန်ဖို့ လိုအပ်တယ်။ ဒါကြောင့်လည်း အစကတည်းက ကျွန်တော်က စိတ်ပူခဲ့တယ်။ အိမ်နီးနားချင်းနိုင်ငံတွေရဲ့အတွေ့အကြုံဟာ သင်ခန်းစာတစ်ခုဖြစ်တယ်။ ကမ္ဘောဒီးယားနိုင်ငံမှာ စတော့အိတ်ချိန်းကို ကုမ္ပဏီသုံးခုနဲ့ စတင်ခဲ့တယ်။ အခုအချိန်အထိ အရေအတွက် မတိုးသေးတာ တွေ့ရတယ်။ ဗီယက်နမ်မှာတော့ အခြေအနေတစ်မျိုး၊ ကုမ္ပဏီပေါင်းရာနဲ့ချီ ပါဝင်လာတာ တွေ့ရတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကုမ္ပဏီပေါင်း ခြောက်ခုပဲ ရှိသေးတယ်။ ရှယ်ယာအရောင်းအဝယ်တွေကလည်း အေးနေပြီး ရှင်သန်မှု မရှိလှဘူး။

နိုင်ငံစီးပွားရေး ဖွံ့ဖြိုးမှုအတွက် သော့ချက်ကတော့ အများပိုင်ကုမ္ပဏီတွေနဲ့ စတော့အိတ်ချိန်းမှာပါဝင်တဲ့ အရေအတွက် တိုးပွားဖို့ပဲဖြစ်တယ်။ ဒါကြောင့် စီးပွားရေးမဟာဗျူဟာတစ်ရပ်အနေနဲ့ အများပိုင်ကုမ္ပဏီ တည်ထောင်မှုကို အားပေးဖို့ လိုအပ်တယ်။ ခက်တာက ကုမ္ပဏီထောင်ရုံနဲ့ ကိစ္စက မပြီးပါဘူး။ အများပိုင်ကုမ္ပဏီတွေမှာ Chief Executive Officer(CEO), Chief Operations Officer (COO)နဲ့ Chief Financial Officer(CFO)အဆင့်မြင့် စီမံခန့်ခွဲသူတွေအဖြစ် တာဝန်ပေးအပ်ထားတာတွေ့ရတယ်။ ဒါကြောင့်လည်း ဒီရာထူးရှိသူတွေကို (C-Level)အရာရှိကြီးများလို့ ခေါ်ဝေါ်သတ်မှတ်ပါတယ်။ ဒီပုဂ္ဂိုလ်သုံးဦးဟာ(BOD)ကို တာဝန်ခံရသူတွေ ဖြစ်ကြတယ်။ ဒါရိုက်တာအဖွဲ့ရဲ့ ဝတ္တရားက အခုလို အဆင့်မြင့်အရာရှိကြီးများကို ခန့်ထားခြင်းနဲ့ အဆင်မပြေပါက တာဝန်များရပ်ဆိုင်းခြင်း တာဝန်ကို ယူရပါမယ်။ အသေးစိတ်လုပ်ငန်းတွေကို ပါဝင်စွက်ဖက်လို့ မရပါဘူး။ အများပိုင်ကုမ္ပဏီအပါအဝင် လုပ်ငန်းတွေ လှုပ်ရှား ဆောင်ရွက်ရာမှာ ကိုယ်ကျိုးစီးပွားပဋိပက္ခ ပြဿနာဟာ အလွန်အရေးကြီးလှပါတယ်။ ကျွန်တော်က ဒါနဲ့ပတ်သက်ပြီး စိတ်ပူမိတယ်။ ခက်တာက ယဉ်ကျေးမှုတစ်ရပ်လို ဖြစ်နေတာမို့ ကုစားရတာ အချိန်ယူရဦးမှာ။ အများပိုင်ကုမ္ပဏီရဲ့ ခြောက်လပြည့်ညီလာခံ ကျင်းပဖို့ ကိုဗစ်ကာလနဲ့ တိုက်ဆိုင်နေတာမို့ ဘယ်လိုကျင်းပသင့်သလဲဆိုတာကို စဉ်းစားခဲ့ကြပြီး နောက်ဆုံးမှာ အွန်လိုင်းနဲ့ ဆောင်ရွက်ခြင်းဟာ အကောင်းဆုံးဖြစ်တာကို ဆုံးဖြတ်ခဲ့တယ်။ ဆောင်ရွက်တဲ့အခါ အဓိကလိုအပ်ချက်က နည်းပညာပိုင်းပဲဖြစ်တယ်။ တစ်ဖက်ကလည်း ကြိုတင်ပြင်ဆင်မှု တွေကို အပင်ပန်းခံပြီး ဆောင်ရွက်ခဲ့ကြတယ်။ လိုအပ်တဲ့ အထောက်အထားတွေကို အစုရှယ်ယာဝင်တွေဆီရောက်အောင် ပေးပို့ခဲ့တယ်။ မေးခွန်းများ ကြိုတင်မေးခွင့်လည်း ပေးနိုင်ခဲ့တယ်။ အမှန်တော့ ပွဲမဝင်မီ အပြင်ကကျင်းပဆိုတဲ့ ဆောင်ပုဒ်အတိုင်း ဆောင်ရွက်ခဲ့ပါတယ်။

### အွန်လိုင်းညီလာခံ

အွန်လိုင်းညီလာခံကျင်းပတဲ့အခါ ဥက္ကဋ္ဌနဲ့ဒါရိုက်တာတချို့ကတော့ အစည်းအဝေးကျင်းပတဲ့ ခန်းမကတစ်ဆင့် တက်ရောက်ခဲ့ပြီး တချို့ဒါရိုက်တာတွေကတော့ အစုရှယ်ယာရှင်များနဲ့အတူ အွန်လိုင်းကတစ်ဆင့် တက်ရောက်ခဲ့တယ်။ အစည်းအဝေးကြီးဟာ အောင်အောင်မြင်မြင် ပြီးစီးသွားခဲ့ပါတယ်။ နည်းပညာအခက်အခဲတွေကိုလည်း ရင်မဆိုင်ခဲ့ရပါဘူး။ ပြည်ထောင်စုဝန်ကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်လည်း အွန်လိုင်းကတစ်ဆင့်တက်ရောက်ခဲ့တယ်။ ခုလို အွန်လိုင်းနဲ့လုပ်တဲ့ အကျိုးကျေးဇူးတွေ ရှိပါတယ်။ ပုံမှန် နှစ်စဉ်ကျင်းပရာမှာ ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းမှာ လုပ်ခဲ့တယ်။ တစ်ခါတစ်ရံမှာလည်း သင့်တော်တဲ့ခန်းမတွေမှာ လုပ်ခဲ့တယ်။ အစုရှယ်ယာရှင်တွေအနက် ရန်ကုန်မြို့မှာနေသူတွေအတွက် အဆင်ပြေပေမယ့် နေ့တစ်ဝက်အစည်းအဝေးကို နယ်က တကူးတက လာဖို့ခဲယဉ်းပါတယ်။ ဒါပေမယ့် အွန်လိုင်းနဲ့ဆောင်ရွက်တာမို့ တစ်နိုင်ငံလုံးက အစု ရှယ်ယာရှင်များဟာ အလွယ် တကူ အစည်းအဝေးကို တက်ရောက်ပြီး ပါဝင်နိုင်ခဲ့တယ်။ အခမ်းအနားပြင်ဆင်စရိတ်၊ အကျွေးအမွေး ညှော်ခံစရိတ်တွေလည်း သက်သာခဲ့ပါတယ်။

အခုလိုပဲ ရှေ့နှစ်တွေမှာ အွန်လိုင်းကတစ်ဆင့် လုပ်သင့်တယ်လို့ ကျွန်တော်က ယုံကြည်မိတယ်။ ခန်းမတစ်ခုတည်း လူ ရာထောင်ချီပြီး စုဝေးတာ အင်မတန် အန္တရာယ်ကြီးမားလှပါတယ်။ ခပ်ခွာခွာနေဖို့ အစီအစဉ်တွေ၊ နှာခေါင်းစည်းတပ်ရမယ့် အစီအစဉ်တွေ၊ သန့်ရှင်းရေးလုပ်ငန်းတွေအတွက်လည်း စိတ်ပူစရာမလိုတော့ပါဘူး။

ပုံစံအသစ်နဲ့ အခုလို အွန်လိုင်းနှစ်ပတ်လည်အစည်းအဝေးကြီးလုပ်တာကို အားမရတဲ့သူတွေ ရှိကောင်းရှိနိုင်မှာဖြစ်တယ်။ လူသားတွေရဲ့ အခြေခံစဉ်းစားချက် ဖြစ်ပါတယ်။ တစ်ဦးနဲ့တစ်ဦး ထိတွေ့ဆက်ဆံချင်တယ်။ ရင်းရင်းနှီးနှီး ထိတွေ့ချင်ကြတယ်။ တစ်ယောက်နဲ့တစ်ယောက် မြင်သာမြင်ရတာကို အားမလိုအားမရဖြစ်တာလည်း ရှိပါတယ်။ ကျွန်တော့်အနေနဲ့ အရာရာမှာ ပုံမှန် အသစ်ဖြစ်နေတာကို အသိမှတ်ပြုရမယ်။ လက်ခံရမှာဖြစ်တယ်။ အခုချိန်မှာ ကိုဗစ်-၁၉ ကို သုံး၊ လေးလကျော် ခံခဲ့ရတော့ သည်းခံနိုင်တဲ့စိတ်တွေ ကုန်သလောက်ရှိနေတာ တွေ့ရတယ်။ အမြန်ဆုံး အရင်တုန်းကလို ပြန်လည်လှုပ်ရှားချင်ကြတယ်။ ဘာမှမဖြစ်သလို လှုပ်ရှားနိုင်တယ်လို့ မြင်နေကြတယ်။ ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး ကျွန်တော်တို့ဟာ အသက်အန္တရာယ်နဲ့ အသက်မွေးဝမ်းကျောင်း နှစ်ခုကို လွန်ဆွဲနေကြတယ်လို့ မြင်နေကြတယ်။ တစ်နည်းပြောရရင် ကျန်းမာရေးနဲ့ စီးပွားရေး၊ ဒီနှစ်ခု အနက် တစ်ခုခုကို ဦးစားပေးပြီး ရွေးချယ်ရမယ့်သဘော။ ဒါကြောင့်လည်း ဒီအခြေခံပြဿနာကို နိုင်ငံတကာမှာ ရင်ဆိုင်နေကြရတယ်။ ကျွန်တော်ကတော့ အခုလို နှစ်ခုအနက် တစ်ခုခုကို ရွေးချယ်တာမျိုး မဖြစ်စေချင်ပါဘူး။ ကျွန်တော်က နှစ်ခုစလုံးကို ရအောင် သိမ်သိမ်မွေ့မွေ့ ဆောင်ရွက်ရမယ်လို့ ယုံကြည်မိတယ်။ လွန်ဆွဲနေတဲ့သဘော မဟုတ်ဘဲ နှစ်ပိုင်းစလုံးကိုရအောင် ကြိုးစားရမှာသာ ဖြစ်ပါတယ်။ ။

## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# မောင်မောင်တာနှင့် ရုပ်ရှင်စကားဝိုင်း

### ဒါရိုက်တာကြည်စိုးထွန်း တွေ့ဆုံမေးမြန်းသည်

*ဇူလိုင် ၃ ရက်မှအဆက်*

**ကြည်စိုးထွန်း** ။ ။ အစ်ကိုတို့ နယ်ကို တော်တော်ထွက်တယ်။

**မောင်မောင်တာ** ။ ။ အဲဒါ ကတော့ အထက် မြန်မာပြည် ဗန်းမော်မြို့ စိန်လုံတောင်ကို သွားရိုက်တာ၊ တစ်ခါတည်း တက်ရတာ တောင်ကြီး။ အဲဒီတောင်ပေါ် ရောက်တဲ့အခါကျတော့ ဗမာလူမျိုး မတွေ့ရဘူး။ လူမျိုး တစ်မျိုး တွေ့ရတယ် အဲဒီမှာ။ ကျွန်တော်ထင်တယ်။ ရှေးရှေးတုန်းက ဖမ်းလာတဲ့ သုံ့ပန်းတွေက ပေါက်ဖွားတဲ့ လူမျိုးထင်တယ်။ အလွန်လှတဲ့ လူမျိုးတွေ။ မနက်ထမင်းချက်၊ ချက်ပြီးရင် ၁၅ မိနစ်အတွင်းစား၊ မိနစ် ၃၀ ဆိုရင် ခဲသွားပြီ၊ အဲဒီလောက်အေးတာ။ စိန်လုံတောင်ဆိုတာ။ အဲဒီမှာ အမျိုးသမီးလေးတွေက ဂရိ ၊ Europe က အမျိုးသမီးလေးတွေ အတိုင်းပဲ။ တောင်ပေါ်သူလေးတွေ အဲဒီမှာ သွားရိုက်ခဲ့ပါတယ်။ လိုက်တယ်။ အိမ်ထဲ ပြန်ပြေးတယ်။ ကလေးရဲ့ နို့ပုလင်းယူလာပြီးတော့ နို့ပုလင်းကို ပြတဲ့အခါကျမှ နို့ပုလင်းဆီ လိုက်လာတယ်။ အဲဒါနဲ့ ဆွဲခေါ်တော့မှ အိမ်ထဲ ပြန်သွင်းရတယ်။ အဲဒါနဲ့ စိတ္တဇဆေးရုံကို သွားပို့ထားတဲ့အချိန်မှာ ကျွန်တော်က အမေရိကန်သံရုံး သံအရာရှိ အမျိုးသမီးတစ်ယောက်နဲ့ ရိုးရိုးပြောရရင် ဖောက်ပြန်လာတယ်ဆိုပါတော့ဗျာ။ အဲဒါကို စိတ်အနှောင့်အယှက်ဖြစ်နေတဲ့ မသက်ပန်က ဆေးရုံမှာ၊ ဆင်းမယ့်နေ့နဲ့ သူ့ကို အမေရိကန် နိုင်ငံက အမိန့်ကျတယ်၊ ပြန်ဖို့၊ အီသီယိုးပီး ယားပြောင်းဖို့ဗျာ အမိန့်ကျတယ်။ သူက လည်း လေယာဉ်ပျံ ထွက်သွားပြီးတော့ အီသီယိုးပီးယား သွားတယ်။ မသက်ပန်က လည်း အထဲကနေ ပြန်ပြီးတော့ ထွက်လာတယ်။ သူ ရူးသွားတာက သူ့ကလေး ဆုံးသွားတာကြောင့်ကိုး။

**ကြည်စိုးထွန်း** ။ ။ အဲဒီတော့ ကောင်းသွားတယ်ပေါ့။ Happy Ending တော့ဖြစ်တာ။ သူဆင်းလာတဲ့နေ့မှာ ကျွန်တော်ဒါရိုက်တာအနေနဲ့ ကွန့်ထားတာ။ စောနက ကွန့်လိုက်တာခေါ်တာပေါ့။ ဆင်းလာတဲ့နေ့မှာ စိတ္တဇဆေးရုံကအထွက်မှာ ကလေး မသာချသွားတာကို သူက သွားမြင်တယ်၊ ပြန်ရူးတယ်၊ အဲဒီမှာ ပြန်အပ်ရတယ်၊ ခဏပြန် အပ်ပြီး ပြန်ထုတ်ရတယ်။

**ကြည်စိုးထွန်း** ။ ။ ဩော်- အဲဒီလို။

**မောင်မောင်တာ** ။ ။ ထွက်လာတဲ့အချိန်ကတော့အဲဒါမြင်ပြီးတော့ သူက အော်တာ။ အင်္ဂလိပ်လိုတော့ Scream ပေါ့လေ။ ငယ်သံပါအောင် အော်တာပေါ့။

**ကြည်စိုးထွန်း** ။ ။ အဲဒါကြောင့် အဲဒီကား တထိတ်ထိတ်နဲ့ ကြည့်နေရတဲ့ကား။

**မောင်မောင်တာ** ။ ။ အမေရိကန် သံရုံးက အမျိုးသမီးကို မကြော်ငြာခဲ့ဘူး။ သူက ဝါသနာအလျောက်-

**ကြည်စိုးထွန်း** ။ ။ ဩော် -အဲဒီလို ပါတာ။ အနေနဲ့လည်း ဂုဏ်ယူပါတယ်။ စွဲနေတာကတော့ မောင်မောင်တာပဲ စွဲနေပါတယ်။ ငယ်ငယ်တည်းကလည်း မောင်မောင်တာပဲ ကြည့်ပြီးတော့ မြင်လိုက်ရင်လည်း ငြိမ်းချမ်းရေးတမန်ကြီးလို့ မမြင်ဘဲနဲ့ ဟာ -မင်းသားကြီး မောင်မောင်တာလို့ပဲ ကျွန်တော်တို့က မြင်ပါတယ်။ မြင်တော့ အစ်ကိုရေ ရုပ်ရှင်ကတော့ အစ်ကိုလည်း သံယောဇဉ် ရှိတော့ ရုပ်ရှင်သမား တစ်ယောက်နဲ့ပဲ စကားပြောနေရတာကိုး။ ကျွန်တော်ကလည်း ရုပ်ရှင်သံယောဇဉ် ရှိနေတဲ့ အခါကျ ရုပ်ရှင်စကားဝိုင်းလေးကနေပဲ ရုပ်ရှင် သမိုင်းပေါ့လေ။ မြန်မာ့ရုပ်ရှင်သမိုင်းတစ်ခုကို အဘက်ဘက်ကနေ ပြည့်စုံအောင် မှန်ကန်အောင်ပေါ့လေ။ အမှားအယွင်းမရှိအောင် ထိန်းတဲ့အနေနဲ့ကလည်း ကျွန်တော်ကလည်း ဒါလေးကို လုပ်ခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဒီစကားဝိုင်းမှာ အစ်ကိုဟာ ဒီအသက်အရွယ်မျိုးနဲ့ လန်းလန်းဆန်းဆန်းနဲ့ ကိုယ့်ကားကိုယ် မောင်းပြီးတော့ ပါဝင်ဆွေးနွေးပေးတဲ့အတွက် ဇေယျာပဲ ကြည့်ကြည့်၊ ဗိုလ်ဗကိုပဲ ကြည့်ကြည့်၊ ကောလိပ်ဂျင်နေဝင်းပဲကြည့်ကြည့်၊ မြတ်လေးပဲ ကြည့်ကြည့်၊ ထွန်းဝေပဲ ကြည့်ကြည့် မရှိကြတော့ဘူး ။

**ကြည်စိုးထွန်း** ။ ။ မရှိကြတော့ဘူး အစ်ကို မှန်ပါတယ်။

**မောင်မောင်တာ** ။ ။ တစ်ယောက်မှ မရှိကြတော့ဘူး။ မြင့်အောင်လည်း မရှိ၊ ရွှေဘလည်း မရှိ၊ တင်ညွန့်လည်း မရှိ။ မောင်မောင်တာ တစ်ယောက်ပဲ ဘာ့ကြောင့် ရှိသလဲလို့ဆိုရင် ကျွန်တော်က စကားလက်ဆောင်ပေးချင်ပါတယ်။ ရုပ်ရှင်မင်းသားတွေကို ဆတ်ခနဲဆိုပြီးတော့ ပိုက်ဆံတွေ များလာကြတယ်။ ကိုယ်လုပ်ချင်တာတွေကို တစ်ထိုင်တည်း လုပ်ပစ်လိုက်တယ်။ အင်အားရှိသလောက် လုပ်ပစ်လိုက်တယ်။ အဲဒီမှာ လူ နာတယ်။ အဲဒီမှာ ကျွန်တော်အကုန်လုံး လုပ်တယ်။ မှားတာ၊ မှန်တာ အကုန်လုံးလုပ်တယ်။



မောင်မောင်တာ



ကြည်ကြည်ဌေး



ဇော်ဝမ်း



ကျော်ဟိန်း



ခင်သန်းနု

**ကြည်စိုးထွန်း** ။ ။ လှဦး၊ဒါရိုက်တာနာမည် လှဦး။

**မောင်မောင်တာ** ။ ။ ဒီကားကလည်း တော်တော်လေး ပင်ပင်ပန်းပန်း။

**ကြည်စိုးထွန်း** ။ ။ တော်တော် ပင်ပင်ပန်းပန်းပဲ။ကျွန်တော်တို့ ပုံတွေကြည့်ရတာ အစ်ကိုတို့ တကယ့်နေရာတွေကို သွားပြီးတော့ အဲဒီမှာ Scenes တွေ တော်တော်လှပါတယ် ကြည့်ရတာ။

**မောင်မောင်တာ** ။ ။ ကားပေါင်းလေးဆယ် လောက်ထဲမှာ စောစောတုန်းက "လူထုအောင်သံ" က ထိပ်က။ "ဤလူ့ဘောင်တွင်" ၊ "မျှော်တလင့်လင့်"၊ "သစ္စာမဏ္ဍိုင်" ဆိုတဲ့ ကားပါသေးတယ်။ ဗိုလ်ဗကိုရယ်၊ ကျွန်တော်ရယ်၊ မြင့်မြင့်ခင်ရယ်။

**ကြည်စိုးထွန်း** ။ ။ နောက်တစ်ခု အစ်ကို "ခွင့်လွှတ်ပါတယ်မောင်ရယ်"

**မောင်မောင်တာ** ။ ။ "ခွင့်လွှတ် ပါတယ် မောင်ရယ်" ဆိုတဲ့ ကားက မီးနေတွင်းမှာ ကလေးဆုံးလို့ သူက ဦးနှောက်ပျက်သွားတာ၊ ဇနီးသည် မသက်ပန် လုပ်တာ။ သူထိန်းတဲ့နေရာမှာ တစ်နေ့ကျတော့ ကုက္ကိုင်းထဲမှာ သူက ရေထဲဆင်းသွားတယ်။ စိတ် မကောင်းတဲ့၊ စိတ်နောက်တဲ့သူက ရေထဲဆင်းသွားတော့ ကျွန်တော်က ကမ်းဘေးက ဘာလုပ်ရမှန်း မသိဘူး။ ကျွန်တော်က လိုက်လေ၊ သူက ပြေးလေပဲ။ ဆိုတော့ ဆက်လိုက်ရင်း ဆက်ပြေးရင်းနဲ့ မြုပ်ဖို့ပဲရှိမယ်။ သူက ရူးနေတာ။ ကျွန်တော်က ရပ်ဆိုပြီး နောက်ဆုတ်ပေးပေါ့ ။ ဩော် – တော်သေးတာပေါ့။

**မောင်မောင်တာ** ။ ။ အဲဒါကြောင့် ခွင့်လွှတ်ပါတယ်မောင်ရယ်ဆိုတာက သူက ပြောတာပေါ့။ မသက်ပန်ကပြောတာ။

**ကြည်စိုးထွန်း** ။ ။ ဇာတ်လမ်းက တော်တော်ထူးဆန်းတယ်နော်။ အစ်ကို ကြည့်ရတယ်။ အစ်ကို ကျွန်တော် ငယ်ငယ်တုန်းက မှတ်မိတာတော့ အဲဒါပဲ မှတ်မိတော့တယ်။ နို့ဘူးလေးကို အစ်ကိုကကိုင်ထားတော့ မသက်ပန်က ရေထဲကနေ တဖြည်းဖြည်း တက်လာတာလေး။

**မောင်မောင်တာ** ။ ။ နောက် တစ်ခု ကျွန်တော် ထွင်လိုက်တာက အဲဒီထဲမှာ ဘာလဲဆိုတော့ ကလေးသိပ်ထားတဲ့ပုခက်ထဲမှာ ဟိုက ကြောင်ကို ပြလိုက်တယ်။ ကလေးကို ကြည့်နေတဲ့၊ ကလေးက မျက်နှာလေးတင် ပေါ်နေတာ။ infant ပေါ့၊ ငယ်ငယ်လေး၊ မျက်နှာတင်ပေါ်နေတော့ ကြွက်လိုလို။ အဲဒီကြောင်က ပုခက်ထဲ ဝင်ကိုက်လိုက်တာ။ ကိုက်တော့ ခုန်ထွက်၊ အဲဒါ တော်တော်လေးကြာတယ် ရိုက်ရတာ။

**ကြည်စိုးထွန်း** ။ ။ Horror ပေါ့နော် အဲဒီကား။ Horror လို့ ပြောလို့ရမလား မသိဘူး။ အဲဒီဟာကို ကျွန်တော် ခံစားနေရတာတော့ Horror လို ခံစားနေရတယ်။

**မောင်မောင်တာ** ။ ။ ဟုတ်လား ရိုက်တုန်းကတော့ မရည်ရွယ်ပါဘူး။ ရိုးရိုးလေးပဲ အိမ်ထောင်ရှင်ဘဝနဲ့ မိန်းမ မရှိအောင် လုပ်လိုက်တဲ့နည်းကတော့ ခုနတုန်းက ကလေးမွေးပြီးတော့ ကလေးကို သူ့ရှေ့မှာပဲ အလောင်းယူသွားတော့ အဲဒါစွဲပြီး ထူးထူးခြားခြား ရိုက်နိုင်တာပေါ့နော်။ ဟန်ကျသွားတာပေါ့ ။ နောက်တော့ အစ်ကို။ ဒီကားပေါင်း လေးဆယ်ကျော်ရိုက်တဲ့ အထဲက နောက်ဆုံးဟာကျတော့ ဘယ်ကား ဖြစ်မလဲ။

**မောင်မောင်တာ** ။ ။ "သူ့အကြောင်းနဲ့ သူ..." သူ့အကြောင်းနဲ့ သူက နောက်ဆုံးကား။ ကျွန်တော်နဲ့ ကြည်ကြည်ဌေးက ဇနီးမောင်နှံ သားနှစ်ယောက်က ဇော်ဝမ်း၊ ကျော်ဟိန်း။ သူတို့ ဇာတ်ကားထဲမှာ ပိုးတာက ခင်သန်းနု၊ အဲဒီဇာတ်လမ်းလေးပေါ့လေ။

**ကြည်စိုးထွန်း** ။ ။ ဩော် – ခင်သန်းနုလည်း ပါတယ်။

**မောင်မောင်တာ** ။ ။ ခင်သန်းနု လည်း ပါပါတယ်။ ဇာတ်ကားလေးကလည်း ကောင်းပါတယ်။ ကျွန်တော် သိပ်ဇာတ်ကားတော့ မများပါဘူး။ လေးဆယ်ဆိုတာ မေးလိုက်ရင် တစ်ရာတို့ နှစ်ရာတို့ ပြောကြတယ်။ ဘယ်လိုလုပ်ပြီး တစ်ရာ နှစ်ရာ ဖြစ်လဲမသိဘူး။

**ကြည်စိုးထွန်း** ။ ။ မရှိဘူး၊ မရှိနိုင်ဘူး အစ်ကိုရဲ့။ အခုတော့ နည်းနည်းတော့ များကြတာပေါ့လေ။ ကျွန်တော်တို့ဆိုလည်း ပြန်စဉ်းစားကြည့်လိုက်ရင် ဘယ်နှကားရိုက်ဖူးလဲဆိုရင် ကိုယ့်ဟာကိုယ်လေးဆယ်ကျော်လောက် အောက်မေ့နေတာ။ ပြန်တွက်ကြည့်လိုက်တော့ သုံးဆယ့်သုံး-လေး ကားလောက်ပဲရှိတယ် အစ်ကိုရဲ့၊ ကိုယ့်ဟာ ကိုယ်လေ ရိုက်တဲ့ကားက ရုပ်ရှင်ကားကြီး ရိုက်တာ။ ဒီလောက်များများစားစားကြီး မရိုက်နိုင်ကြဘူး။ အားကလည်း ထည့်ကြရတာကိုး။ အစ်ကိုတို့ခေတ်ကဆို ပိုဆိုးတာပေါ့။ တကယ့် အားထည့် ရိုက်ရတာ။ အခုကတော့ ကျွန်တော်တို့ကတော့ အစ်ကို့ ကိုတော့ ငြိမ်းချမ်းရေးတမန်လည်း ကျွန်တော် အထူးကျေးဇူးတင်ပါတယ်။ အဲ- အစ်ကို အခု သတိရတဲ့ဟာတွေလည်း ပြောနိုင်ပါတယ်။ ဒီထဲကမှ အစ်ကိုပြောစရာ မရှိဘူးဆိုရင်တော့ ရုပ်ရှင်လောကသား သို့မဟုတ်လည်း လူငယ်များနဲ့ ပတ်သက်ပြီးတော့ ဆိုဆုံးမဩဝါဒပေးစရာ သို့မဟုတ် အကြံဉာဏ်ပေးစရာ တိုက်တွန်းစရာရှိရင်လည်း ပြောပါ အစ်ကို။

**မောင်မောင်တာ** ။ ။ ဒီကနေ့ ပြန်ကြည့်မယ် ဆိုရင် ကျွန်တော်နဲ့ လုပ်ဖော်လုပ်ဖက်



နည်းနည်းပဲလုပ်တယ်။

**ကြည်စိုးထွန်း** ။ ။ ဟား ဟား ဟား ဟား သိပ်ကောင်းတယ်။

**မောင်မောင်တာ** ။ ။ နည်းနည်း ပဲ လုပ်တယ်။

**ကြည်စိုးထွန်း** ။ ။ အများကြီးမလုပ်ပါနဲ့။

*စာမျက်နှာ ၂၂ သို့*



# ဘာသာစာပေပေါင်းကူး (၂၁)

## မောင်ခင်မင် (ဓနုဖြူ)

"ဘဘပြောပြတော့မှ ကဗျာတွေထဲက ဝါကျတွေအကြောင်း သမီးသိရပါတယ်။ အမှန်အတိုင်း ပြောရရင် ကဗျာမှာ ဝါကျရှိသလား၊ မရှိဘူးလားဆိုတာ မစဉ်းစားမိခဲ့ပါဘူး။ အမှတ်တမဲ့ နေနေတာပါ။ ကျေးဇူးတင်ပါတယ် ဘဘ"

"ဟုတ်ပြီ။ ဒီတော့ ကဗျာမှာ ဝါကျရှိတယ် ဆိုတာ အကျိုးအကြောင်း ဆက်စပ်စဉ်းစား ကြည့်ရအောင်။ စာပေတွေရေးဖွဲ့ရာမှာ ကဗျာပဲ ရေးရေး၊ ဆောင်းပါးပဲ ရေးရေး၊ ဝတ္ထုပဲရေးရေး ဘာသာစကားကို အသုံးပြုပြီး ရေးရတယ်ဆိုတာ သမီးသိပြီးပါပြီနော်"

"သိပြီးပါပြီ ဘဘ။ ဘာသာစကားမပါဘဲ စာရေးလို့ ဘယ်ရမှာလဲဆိုတာ သဘောပေါက်ပါတယ်"

"ဟုတ်ပြီ။ ဒီတော့ 'စာပေကို ဘာသာစကားဖြင့် ရေးရသည်'ဆိုတဲ့ အဆိုဟာ မှန်တာပေါ့"

"မှန်ပါတယ် ဘဘ"

"ဒီလိုဆို နောက်တစ်ဆင့်ပြောမယ်။ 'ကဗျာသည် စာပေဖြစ်သည်'ဆိုတာရော မှန်ရဲ့လား"

"ဟာ...မှန်တာပေါ့ ဘဘ"

"ဒီလိုဆိုရင် အဲဒီအဆို နှစ်ခုကို ဆက်စပ်ကြည့်ပါ။ ဘယ်လို အဖြေထွက်မလဲ"

"သမီးပြောကြည့်ပါမယ်။ 'စာပေကို ဘာသာစကားဖြင့် ရေးရသည်'၊ 'ကဗျာသည် စာပေဖြစ်သည်' ထို့ကြောင့်...ကဗျာကို ဘာသာစကားဖြင့် ရေးရသည်'လို့ အဖြေထွက်ပါတယ် ဘဘ"

"ဟုတ်ပါတယ်။ သမီးကျောင်းမှာတုန်းက 'လောဂျစ်'သင်ခဲ့ရသားပဲ။ အဲ- ယုတ္တိဗေဒပေါ့။ ယုတ္တိဗေဒနည်းနဲ့ အဖြေထုတ်ကြည့်ရင် အဲဒီလို အဖြေရတာပေါ့"

"ဟုတ်ပါတယ် ဘဘ"

"နောက်တစ်ဆင့် ပြောရအောင်။ ဘာသာစကားကို ဘာတွေနဲ့ဖွဲ့ရတာလဲ။ ပြောပါအုံး"

"ဘာသာစကားကို ဝါကျတွေနဲ့ ဖွဲ့ရပါတယ် ဘဘ"

"ဟုတ်တယ်၊ စကားလုံးတွေ လျှောက်ပြောရုံ၊ လျှောက်ရေးရုံနဲ့ အဓိပ္ပာယ်မရှိဘူး။ စကားလုံးတွေ ကို ဝါကျဖွဲ့နည်း စည်းကမ်းတွေနဲ့အညီ ဝါကျဖွဲ့မှ အဓိပ္ပာယ်ရှိတဲ့ စကားဖြစ်တာလေ။ 'ဒါကြောင့် ဘာသာစကားအစ ဝါကျက'လို့ ပညာရှင်တွေ မိန့်ဆိုကြတာပေါ့"

"ဟုတ်ပါတယ် ဘဘ"

" ဒီတော့ 'ဘာသာစကားကို ဝါကျများဖြင့် ဖွဲ့စည်းရသည်'လို့ဆိုရင် မှန်တာပေါ့"

"မှန်ပါတယ် ဘဘ"

"ကဲ- ခုန သမီးထုတ်ထားတဲ့ အဖြေနဲ့ ဆက်ကြည့်ရအောင် 'ကဗျာကို ဘာသာစကားဖြင့် ရေးရသည်'၊ 'ဘာသာစကားကို ဝါကျများဖြင့် ဖွဲ့စည်းရသည်'။ ဒီလိုဆိုရင် ဘယ်လိုအဖြေ ထုတ်မလဲ"

"ဟုတ်ကဲ့။ 'ကဗျာကို ဝါကျများဖြင့် ဖွဲ့စည်းရသည်'ပေါ့ ဘဘ"

"အေးပေါ့။ ဒါကြောင့် ကဗျာမှာ ဝါကျရှိသလား မရှိဘူးလားဆိုတာ စဉ်းစားစရာမလိုတဲ့ ပြဿနာပါကွယ်။ ကဗျာမှာ ဝါကျရှိကို ရှိရမှာပေါ့။ မရှိရင် အဓိပ္ပာယ်မရှိတဲ့ စကားစုပဲ ဖြစ်သွားမှာပေါ့"

"နားလည်ပါပြီ ဘဘ။ အဲ – ကဗျာဝါကျတွေက စကားပြေဝါကျတွေလို ပုံမှန်အတိုင်း ဖြစ်ချင်မှ ဖြစ်မယ်လို့ ဘဘ ဟိုတစ်ပတ်က ပြောခဲ့တာ မှတ်သားထားပါတယ်။ သမီး သိပ်သဘောမပေါက်လို့ ရှင်းပြပေးပါနော် ဘဘ"

> **"နောက်တစ်ဆင့် ပြောရအောင်။ ဘာသာစကားကို ဘာတွေနဲ့ ဖွဲ့ရတာလဲ။ ပြောပါအုံး" "ဘာသာစကားကို ဝါကျတွေနဲ့ ဖွဲ့ရပါတယ် ဘဘ""ဟုတ်တယ်၊ စကားလုံးတွေ လျှောက်ပြောရုံ၊ လျှောက်ရေးရုံနဲ့ အဓိပ္ပာယ်မရှိဘူး။ စကားလုံးတွေကို ဝါကျဖွဲ့နည်း စည်းကမ်းတွေနဲ့အညီ ဝါကျဖွဲ့မှ အဓိပ္ပာယ်ရှိတဲ့စကားဖြစ်တာလေ။ 'ဒါကြောင့် ဘာသာစကားအစ ဝါကျက'လို့ ပညာရှင်တွေ မိန့်ဆိုကြတာပေါ့"**

"ဟုတ်ပါပြီ။ ကဗျာဝါကျတွေက စကားပြေ ဝါကျတွေလို ပုံမှန်အတိုင်း ဖြစ်ချင်မှတော့ ဖြစ်မှာပေါ့ဆိုတာက အမြဲတမ်း ပုံမှန်မဟုတ်ဘူးလို့ ဆိုလိုတာ မဟုတ်ဘူးနော်။ ဝါကျဖွဲ့ထုံးစည်းကမ်းအတိုင်း ပုံမှန်ရေးတဲ့ ကဗျာဝါကျတွေ အများကြီး ရှိတယ်"

"ပြောပြပါ ဘဘ"

"အင်း- ကဲ၊ ဘဘ ခေါင်းထဲပေါ်လာတဲ့ ဝါကျ တစ်ခု ပြောပြမယ်။ မန်လည်ဆရာတော်ကြီးရဲ့ မဃဒေဝလင်္ကာသစ်ထဲက ဝါကျတစ်ခုပါ။ ဘယ်လိုလဲဆိုတော့၊ 'ကိစ္စတစ်သီး၊ အရေးကြီး၍၊ မပြီးနိုင်က၊ ကြံမရသော်၊ မိန်းမကိုသာ၊ တိုင်ပင်ရာဟု၊ ပညာရှိများ၊ အစဉ်ကြား၍၊ ထင်ရှားမိန့်မှာ၊ ဥဒါန်းလာ၏'...တဲ့"

"သြော်... ဟုတ်ကဲ့ပါ"

"ဒီဝါကျကို ဖတ်လိုက်ရုံနဲ့ သမီးနားလည်တယ် မဟုတ်လား။ ဖွဲ့ထားတာက စကားပြေဝါကျလိုပဲ ရှင်းရှင်းလင်းလင်းရှိတယ်။ ကိစ္စတစ်ခုခု အရေးကြီးလို့ပြီးအောင် လုပ်ဖို့ အကြံမရရင် မိန်းမကိုသာ တိုင်ပင်သင့်တယ်လို့ ပညာရှိတွေ အစဉ်အဆက်မိန့်မှာတဲ့ စကားရှိတယ်'လို့ စကားပြေပြန်လို့ ရတယ်လေ"

"ဟုတ်ပါတယ် ဘဘ၊ တော်တော်ရှင်းပါတယ်"

"မိန်းမတွေက ဉာဏ်ထက်မြက်လို့ မဖြေရှင်းနိုင်တဲ့ ပြဿနာရှိရင် မိန်းမကို တိုင်ပင်ပါလို့ ဆရာတော်ကြီးက ချီးကျူးထားတဲ့ အဆိုအမိန့်လေ။ အင်း – သမီးသဘောကျတယ် မဟုတ်လား"

"ဟာ... ဘဘကလဲ၊ မိန်းမတွေကို ချီးကျူးတာဆိုတော့ သဘောမကျဘဲ နေမလား ဘဘရယ်"

"ဟုတ်ပါပြီ။ ဆိုလိုတာက ဒီဝါကျကို စိစစ်ကြည့်ရင် စကားပြေဝါကျရဲ့ အစီအစဉ်အတိုင်းပဲ ကတ္တား၊ ကံ၊ ကြိယာ ပုဒ်တွေကို အလိုက်သင့်တွေ့နိုင်တာပေါ့။ အဲ...တချို့ကဗျာဝါကျတွေကျတော့ စကားပြေဝါကျတွေလို ပုံမှန်မဟုတ်ဘဲ သွေဖည်နေတာတွေရှိတယ် ကွဲ့"

"သမီးသိချင်တာက အဲဒီလိုအရေးအဖွဲ့တွေပါ ဘဘ"

"ကဲ... သမီးနဲ့ ရင်းနှီးပြီးသား လက်ဝဲသုန္ဒရရဲ့ မဲဇာတောင်ခြေရတု တတိယပိုဒ်အဆုံးသတ်ကို ကြည့်ရအောင်။ 'ရထားယာဉ်သာ၊ နေစကြာလမ်း ရောင်ဝါမထွန်း၊ ချမ်းရှာလွန်း၍ ' ဆိုပြီး ဘာဆက်သလဲသမီး "

"တည့်မွန်းချိန်နေ၊ ရောက်လွယ်စေဟု၊ စေ့ရေလှည့်လည်၊ တလျက်မြည်သည်၊ နေခြည်ဖြာမှ နွေးသောကြောင့်..."

"ဟုတ်ပြီ။ သူ့အတိုင်း စကားပြေပြန်ကြည့်ရင် 'မြန်မြန်မွန်းတည့်ပါစေဟု တမ်းတနေရပါသည် နေခြည်ဖြာမှ နွေးသောကြောင့်' လို့ စကားပြေ ပြန်ရမှာပေါ့"

"ဟုတ်ပါတယ် ဘဘ"

"သမီးစဉ်းစားကြည့်လေ။ မြန်မာဝါကျ ဖွဲ့ထုံးစည်းကမ်းအတိုင်းဖွဲ့ရင် ဝါကျကို ကြိယာနဲ့အဆုံးသတ်ရတယ် မဟုတ်လား။ အခုတော့ 'နေခြည်ဖြာမှ နွေးသောကြောင့်' ဆိုတာက ကြိယာဝိသေသနပုဒ်ကြီးလေ။ 'တလျက်မည်သည်' ဆိုတဲ့ ကြိယာပုဒ်ရဲ့ နောက်မှာ ကြိယာဝိသေသနပုဒ်ကြီးရောက်နေတာဟာ မြန်မာဝါကျဖွဲ့ထုံးစည်းကမ်းနဲ့ မကိုက်ဘဲ သွေဖည်နေတာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဘဘ၊ သဘောပေါက်ပါပြီ"

"'နေခြည်ဖြာမှ နွေးသောကြောင့်' ဆိုတာ အကြောင်းပြကြိယာဝိသေသနပေါ့။ ရိုးရိုးပြောရင် 'နေခြည်ဖြာမှ နွေးသောကြောင့်' 'နေထွက်ပါစေ ဟု တမ်းတနေရပါသည်' လို့ရေးမှ မှန်မယ်မဟုတ်လား။ ကြိယာဝိသေသနကို ကြိယာရဲ့ ရှေ့မှာထားရမှာလေ"

"ဟုတ်ပါတယ် ဘဘ"

"အခုပုံစံက စကားပြေနဲ့ရေးရင် 'ကျွန်မသည် နေမကောင်းသောကြောင့် ဆေးခန်းသို့ သွားပါသည်'လို့ ပုံမှန်ရေးရမှာကို' ကျွန်မသည် ဆေးခန်း သို့သွားပါသည် နေမကောင်းသောကြောင့်'လို့ ရေးသလိုဖြစ်နေတာပေါ့"

"သဘောပေါက်ပါပြီ ဘဘ"

"နောက်တစ်ခုကြည့်ရအောင်။ ဦးပုညရဲ့ လေးချိုးတစ်ပုဒ်ရဲ့ အဆုံးသတ်မှာ မောင်နဲ့မယ် ဘုရားအတူတူဖူးကြစို့ဆိုတဲ့ အကြောင်းကို 'ဗျာဒိတ်ခြွေ စိန္တေဦးမှာ၊ ဖူးစို့နှစ်ပါး'လို့ ဖွဲ့ထားတယ်"

"ဟုတ်ကဲ့ပါ"

"စကားပြေ ဝါကျဆိုရင်'နှစ်ပါးအတူဖူးကြစို့' လို့ရေးမှ အစီအစဉ်မှန်မှာပေါ့။ 'နှစ်ပါး'က ဘုရားဖူးမဲ့ မောင်နဲ့မယ်ဆိုတော့ ပြုလုပ်သူ–ကတ္တားပေါ့။ ဖူးစို့ဆိုတာက အတူဆောင်ရွက်ဖို့ နှိုးဆော်တဲ့ ကြိယာပေါ့။ မြန်မာဝါကျဖွဲ့ထုံးအရဆိုရင် ကတ္တားက ရှေ့က၊ ကြိယာက နောက်က နေရတာ မဟုတ်လား။ အခု– ကတ္တားက ကြိယာရဲ့နောက်ကို ရောက်နေတော့ ပြောင်းပြန်ဖြစ်နေတာပေါ့။ 'မင်းနဲ့ ငါသွားကြစို့' လို့မပြောဘဲ 'သွားကြစို့ မင်းနဲ့ ငါ'လို့ ပြောတာမျိုး ဖြစ်မနေဘူးလား"

"ဟုတ်ပါတယ် ဘဘ။ သဘောပေါက်ပါပြီ"

"ဒီလောက်ဆိုရင် ကဗျာဝါကျတွေရဲ့ သဘောကို သိလောက်ပါပြီ။ အရေးကြီးတာက စကားပြေရေးတဲ့သူဟာ ဝတ္ထုတို့၊ ဆောင်းပါးတို့၊ အတ္ထုပ္ပတ္တိတို့၊ မှတ်တမ်းတို့ပေါ့။ အဲဒါတွေရေးရင် မြန်မာဝါကျဖွဲ့ထုံးအတိုင်းမှန်မှန်ကန်ကန်ရေးရတယ်။ စည်းကမ်းကိုသွေဖည်ပြီးရေးရင် 'သဒ္ဒါမှားတယ်'၊ 'ဝါကျဖွဲ့ထုံးမမှန်ဘူး'လို့ အပြစ်တင်ခံရတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"အေး–ကဗျာရေးတဲ့သူကတော့ ခုပြခဲ့သလို ဝါကျဖွဲ့ထုံးစည်းကမ်းကို သွေဖည်ပြီး ကြိယာ ဝိသေသနကို ကြိယာရဲ့ နောက်မှာထားတာတို့၊ ကတ္တားကိုကြိယာရဲ့ နောက်မှာထားတာတို့၊ ကံကို ကြိယာရဲ့ နောက်မှာထားတာတို့ စသည်ဖြင့်ပေါ့၊ သွေဖည်မှုတွေအမျိုးမျိုးလုပ်ခွင့်ရှိတယ်ကွဲ့။ အဲ ဒီအခွင့်အရေးကို 'စာဆိုအခွင့်ထူး'လို့ ခေါ်ကြတယ်။ 'ကဝိအခွင့်အရေးထူး' လို့လဲ ခေါ်ကြတယ်။ Poetic Licence ပေါ့။ ပရိသတ်ကလဲ နှစ်နှစ် သက်သက် လက်ခံကြတယ်။ ပြီးတော့ အဲဒီလို သွေဖည်တဲ့အတွက် အဓိပ္ပာယ်ကောက်လို့မရအောင် အထိတော့ ရှုပ်ထွေးမသွားပါဘူး။ ကဲ...သမီးရေ ဘဘတို့ရဲ့ ဘာသာစာပေပေါင်းကူး အကြောင်း ဒီနေရာမှာ အဆုံးသတ်ကြစို့နော်"

"ဟုတ်ကဲ့ပါ"။ ။

---

စာမျက်နှာ ၂၁ မှ

**မောင်မောင်တာ** ။ ။ အရက် ကြိုက်တယ်။ သောက်ပါ။ ကျွန်တော် မကြိုက်ပါဘူး။ သောက်တတ်ပါတယ်။ ဒါပေမယ့် တစ်ခွက်ထက်တော့ ပိုမသောက်ဘူး။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ပါတယ် ခင်ဗျ။

**မောင်မောင်တာ** ။ ။ အရက်ကို သုံးတတ်ရင် ကျန်းမာဦးမယ်။ အဲဒါတွေက လွှမ်းမိုးသွားတော့ အကုန်လုံးတော့ ထည့်မပြောချင်ပါဘူး။ ဒါပေမယ့် ကြိုက်တာတွေ ရှိကြတယ်။ အများကြီးလုပ်ကြတယ်။ အဲဒီမှာ အသက်တိုကုန်ကြတာပဲ။

**ကြည်စိုးထွန်း** ။ ။ အဲဒီတော့ အခုခေတ် လူငယ်များကိုလည်း။

**မောင်မောင်တာ** ။ ။ အလွန့် အကျွံ မလုပ်ပါနဲ့။ ဒါကို စဉ်းစားဖို့ အဓိက။ ကျွန်တော် အသက်ရှည်နေလို့ ဒီလိုပြောနိုင်တာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ပါတယ် အစ်ကို ဟုတ်ပါတယ်။

**မောင်မောင်တာ** ။ ။ ကျွန်တော် ဒီလို ကျန်းကျန်း မာမာ ဖြစ်အောင် ဘာ ဘာလုပ်သလဲဆိုတာ တချို့က နိုင်ငံခြားမှာတောင် မေးတယ်။ ကျွန်တော်က နိုင်ငံခြားမှာ၊ ကိုရီးယားမှာ I am the oldest dedicate in this conference ကျွန်တော် အသက်အကြီးဆုံးလို့၊ ကျွန်တော့်ထက် အသက်ကြီးတာ တစ်ယောက်ပဲ ရှိတယ်လို့၊ ထူထောင်ခဲ့တဲ့လူ ဒေါက်တာမွန်းဆိုတာ အသက် ၉၀ သူက။ ကျွန်တော်က ၈၄။ conference မှာ ကျွန်တော် အသက်အကြီးဆုံးလို့ ဘာကြောင့်လဲ သိလားလို့ ပြောပါဦးတဲ့ သူတို့က။ နံပါတ်တစ်လို့ တကယ်လည်း ကျွန်တော် လုပ်ခဲ့တာရှိတယ်။ ကျွန်တော် ပျားရည်များများ သောက်တယ်။

**ကြည်စိုးထွန်း** ။ ။ သြော်–ပျားရည်သောက်တယ်။

**မောင်မောင်တာ** ။ ။ များများဆိုတာ အများကြီး သောက်တာ ပြောတာ မဟုတ်ဘူး။ တစ်နေ့တစ်ဇွန်းတော်ပြီ။ ကျွန်တော်ထင်တယ်။ ကျွန်တော် မသောက်ဘူးဆိုရင် ရေနံ့ဆီပုံးနဲ့ လေးပုံးငါးပုံးကုန်သွားပြီ ဘဝမှာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဟုတ်ကဲ့။ ဒီတစ်ဇွန်း၊ တစ်ဇွန်းကို ပြန်စဉ်းစားကြည့်ရင်။

**မောင်မောင်တာ** ။ ။ တစ်နေ့ တစ်ဇွန်းပဲ လိုတယ်။ တစ်နေ့ တစ်ဂါလန် သောက်ဖို့မလိုဘူး။ အရက်လည်း တစ်နေ့တစ်ဇွန်း သောက်တာပဲ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဟုတ်ကဲ့ အစ်ကို ။ နောက်တစ်ခုက အစ်ကို။

**မောင်မောင်တာ** ။ ။ ကျွန်တော် ပြောခဲ့သလိုပေါ့။ ခင်ဗျားတို့နိုင်ငံမှာတော့ မရှိဘူးလို့။ ကျွန်တော် မြင်းခွာရွက် စားတယ်လို့၊ သင်္ဘောသီး စားတယ်။ မြင်းခွာရွက်၊ သင်္ဘောသီး၊ ပျားရည်၊ နွားနို့လည်းပါတယ်လို့ ကျွန်တော်တို့ ဗမာ ဆေးကျမ်းထဲမှာ။ ဆိုတော့ ဘာပဲလုပ်လုပ်။

**ကြည်စိုးထွန်း** ။ ။ အလွန်အကျွံ မလုပ်ပါနဲ့၊ များများစားစား မလုပ်ပါနဲ့၊ သင့်တင့်မျှတရုံပဲလုပ်ပါ။ နောက်ပြီးတော့ ပျားရည်တစ်ဇွန်းလောက်ပါပဲ။ များများစားစားတော့ မလုပ်ပါနဲ့။

**မောင်မောင်တာ** ။ ။ သောက်တာ များသွားတော့ အိမ်မှာ ပျားရည်မရှိလို့တော့ မဟုတ်ဘူး။ ပျားရည် ပုလင်းထောင်ထားတာ ရှိတယ်။ ကျွန်တော် ဒီအချိန်မှာ မသောက်ချင်ဘူး ဖြစ်နေတယ်။ မလိုလို့ မတောင့်တတာလားတော့ မသိဘူး။ များသွားတယ်ဆိုရင် ရှိတယ် နေ့တိုင်း မသောက်ချင်ဘူးဗျ။ အရင်တုန်းကဆိုရင် ဆေးလိုပေါ့။

**ကြည်စိုးထွန်း** ။ ။ ဒီ ဆွေးနွေးခန်းမှာဆိုရင် အစ်ကို့ဆီက အများကြီး ကျွန်တော်တို့ မကြားဖူးတဲ့ ဗဟုသုတတွေလည်း ကြားရတယ်။ မသိရတာတွေလည်း သိရပါတယ်။ နောက်ပြီးတော့ ခုနကလို လူငယ်များကို အလွန်အကျွံမလုပ်ဖို့၊ လောဘလေးသတ်ပြီးတော့ အတိုင်းအဆလေးနဲ့လုပ်ဖို့၊ နောက်ကျန်းမာရေးလမ်းညွှန်တွေကို ပေးတဲ့အတွက်လည်း အစ်ကို့ကို အထူးကျေးဇူးတင်ပါတယ်။ ဒီစကားဝိုင်းကို လာရောက် ဆွေးနွေးပေးတဲ့အတွက်လည်း အထူးကျေးဇူးတင်ပါတယ်။ နောက် ကျွန်တော်တို့ရဲ့ ကျေးဇူးတင်တဲ့ အနေနဲ့ အစ်ကိုလည်း အမိမြန်မာနိုင်ငံက တက္ကသိုလ်ကပေးတဲ့ ဒေါက်တာဘွဲ့ရပါစေလို့ ကျွန်တော်တို့ကလည်း ဆုတောင်းပေးပါတယ် အစ်ကို။ ကျေးဇူးတင်ပါတယ်။

**မောင်မောင်တာ** ။ ။ ကျေးဇူးတင်ပါတယ်။ လိုချင်တာ ပြောရတာကိုးဗျ။

**ကြည်စိုးထွန်း** ။ ။ ဆန္ဒရှိရင် ဖြစ်ပါတယ် အစ်ကို။ ဆန္ဒာ အဓိပတိ ဆန္ဒသာကဲရင် ရပါတယ်။ ကျွန်တော်တို့ ရပ်ရှင်ရာပြည့်ရှိတယ်အစ်ကို။ အဲဒီကျရင် အစ်ကိုဟာ နှစ်ထပ်ကွမ်း ဒေါက်တာ မောင်မောင်တာနဲ့ ကျွန်တော် ထပ်မံတွေ့ဆုံပါစေဦးလို့ ဆုတောင်းရင်းနဲ့ နိဂုံးချုပ်ပါတယ် အစ်ကို။ ။

## အာလူးဈေးတက်လာသော်လည်း သုံးနှစ်အတွင်း ကာလတူဈေးနှုန်းများတွင် အနိမ့်ဆုံးဖြစ်နေ

**ရန်ကုန် ဇူလိုင် ၁၂**

ရန်ကုန်မြို့ အာလူးဈေးကွက်တွင် ယခုရက်ပိုင်းအတွင်း ဈေးနှုန်းများ မြင့်တက်လာကာ ဇူလိုင် ၁၁ ရက်တွင် အလုံးသေး A1 အရွယ်အစား လက်ကားတစ်ပိဿာ ကျပ် ၆၀၀၊ အလုံးလတ် OK ကျပ် ၇၀၀၊ အလုံးကြီး S1 ကျပ် ၇၂၀ နှင့် S2 ကျပ် ၅၅၀ နှုန်း ရှိနေသော်လည်း ယခင်သုံးနှစ်အတွင်း ကာလတူဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးအနိမ့်ဆုံးဖြစ်နေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ယခင်နှစ်များက ဇူလိုင်လဆန်းပိုင်းတွင် အခြေခံပညာကျောင်းအားလုံး ဖွင့်နေ၍ ကျောင်းများတွင် ရောင်းချမှုများသော အာလူးကြော်လုပ်ငန်းများက အာလူးဝယ်ယူမှုများသော်လည်း ယခုနှစ်တွင် ကျောင်းမဖွင့်သေး၍ အာလူးကြော် ဈေးကွက် မကောင်းခြင်းနှင့်အတူ အာလူးရောင်းအားလည်း ကျဆင်းနေခြင်းဖြစ်ကြောင်း၊ အာလူးကြော်လုပ်ငန်းသုံး အာလူးအလုံးကြီးများသည် ပုံမှန်နှစ်များတွင် ကျန်အရွယ်အစားများထက် ဈေးမြင့်ခဲ့သော်လည်း ယခုနှစ်တွင် ဈေးနှုန်းအနိမ့်ဆုံး ဖြစ်နေကြောင်း သိရသည်။

အာလူးဈေးနှုန်းများမှာ ပြီးခဲ့သည့် ဇွန်လဆန်းပိုင်းက လက်ကား တစ်ပိဿာ ဈေးအနေဖြင့် အလုံးသေး A1 အရွယ်အစား ကျပ် ၅၅၀၊ အလုံးလတ် OK ကျပ် ၆၀၀၊ အလုံးကြီး S1 ကျပ် ၅၅၀ နှင့် S2 ကျပ် ၄၅၀ သာ ရှိခဲ့ပြီး ဇွန်လ နောက်ဆုံးပတ်တွင် အလုံးသေး A1 ကျပ် ၅၇၀၊ အလုံးလတ် OK ကျပ် ၅၈၀၊ အလုံးကြီး S1 ကျပ် ၅၃၀ နှင့် S2 ကျပ် ၅၃၀ ရှိခဲ့သည်။ တရုတ်အာလူးမှာ ဇွန်လလယ်က လက်ကားဈေး တစ်ပိဿာလျှင် ကျပ် ၅၃၀ ရှိရာမှ ၂၉ ရက်တွင် ကျပ် ၆၀၀၊ ဇူလိုင် ၁ ရက်တွင် ကျပ် ၆၇၀၊ ဇူလိုင် ၇ ရက်တွင် ကျပ် ၇၈၀ အထိ တဖြည်းဖြည်း မြင့်တက်လာနေကြောင်း ဘုရင့်နောင်ရှိ အာလူးပွဲရုံများမှ သိရသည်။

အရည်အသွေးမြင့်အာလူးများ ဈေးနှုန်းမြင့်နေသော်လည်း အရည်အသွေး နိမ့်သော အာလူးများဖြစ်သည့် ဟဲဟိုးအာလူးမှာ အရွယ်စုံ(ဒုံးဈေး) တစ်ပိဿာ ကျပ် ၄၀၀ နှင့် အောင်ပန်းအာလူးမှာ ဒုံးဈေး ကျပ် ၄၅၀ နှုန်းသာရှိကာ လုပ်ငန်းသုံးရန်သာ ဝယ်ယူမှုရှိကြောင်း သိရသည်။

အာလူးကို မြန်မာနိုင်ငံတွင် တစ်နှစ်ပတ်လုံး ဒေသအလိုက် စိုက်ပျိုးထွက်ရှိကာ နှစ်စဉ် ဖေဖော်ဝါရီလမှ သင်္ကြန်ဝန်းကျင်အထိ ကာလတွင် ဆင်ဖြူကျွန်းဒေသထွက်အာလူးများ ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်သည်။ ကျန်လများတွင် ဟဲဟိုးနှင့် အောင်ပန်းဒေသမှ ရှမ်းအာလူးများ ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်သည်။ တပ်ကုန်းနှင့် လှိုင်ကော်ဒေသများမှထွက်သည့် အာလူးများသည်လည်း နှစ်ဆန်းပိုင်းလများတွင် ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်တတ်သော်လည်း ဆင်ဖြူကျွန်းအာလူးဝင်ရောက်မှုထက် ပမာဏများစွာနည်းသည်ဟု သိရသည်။

ခင်ဆိုင်

## ရွှေနန်းတော်ကျောင်းကြီးရှိ ပလ္လင်တော်ကို ဗိသုကာဆိုင်ရာရှုထောင့်မှ ဆန်းစစ်လေ့လာမည်



အောင်မြေသာစံမြို့နယ်မှ နှစ် ၁၃၀ ကျော် သက်တမ်းရှိ ရွှေကျောင်းတော်ကြီး

**မန္တလေး ဇူလိုင် ၁၂**

မန္တလေး အောင်မြေသာစံမြို့နယ်တွင် တည်ရှိသော ရွှေနန်းတော်ကျောင်း(ရွှေကျောင်း)ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော် သီတင်းသုံးရာ ပလ္လင်တော်ကို ဗိသုကာဆိုင်ရာရှုထောင့်မှ ဆန်းစစ်လေ့လာမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ပြုပြင်ထိန်းသိမ်းမှုများလုပ်ဆောင်ရာတွင် အထောက်အကူဖြစ်စေမည်ဟု နည်းပညာတက္ကသိုလ်(မန္တလေး) ဗိသုကာဌာနမှ ပါမောက္ခ ဒေါ်ဇာခြည်မင်းက ပြောကြားသည်။

"ဗုဒ္ဓရုပ်ပွားတော်သီတင်းသုံးရာ ပလ္လင်တော်များနဲ့ပတ်သက်လို့ ပြည့်ပြည့်စုံစုံ မှတ်တမ်းတင်နိုင်ဖို့ ရည်ရွယ်တာဖြစ်တယ်။ ပလ္လင်တော်ထူးခြားချက်ဆိုတာထက် ဘုရင်ထိုင်တဲ့ သီဟာသနပလ္လင်ဆိုတာမျိုးကို သီးသန့်မှတ်တမ်းမှတ်ရာလုပ်ထားတာရှိတယ်။ ဗိသုကာမှတ်တမ်းပြီးသွားရင် သိပ္ပံနည်းကျ ပြုပြင်ထိန်းသိမ်းရာမှာ အထောက်အကူဖြစ်မယ်"ဟု ပါမောက္ခက ပြောသည်။

အဆိုပါ သုတေသနလုပ်ငန်းများကို ဗိသုကာဌာနမှ ကျောင်းသားကျောင်းသူများနှင့်အတူ ကမ္ဘာ့အထိမ်းအမှတ် အဆောက်အအုံများ ရန်ပုံငွေအဖွဲ့ (World Monument Fund-WMF)၏ အထောက်အပံ့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်းနှင့် ရတနာပုံခေတ် ဗုဒ္ဓပလ္လင်တော်များနှင့် ပတ်သက်သည့် သုတေသနမှတ်တမ်းများ ပြည့်ပြည့်စုံစုံဖြစ်လာရန် ဆောင်ရွက်ခြင်းဖြစ်ပြီး ရွှေနန်းတော်ကျောင်းကြီးမှ ပလ္လင်တော်ကို ထည့်သွင်း၍ သုတေသနလုပ်ခြင်းဖြစ်ကြောင်း၊ ပလ္လင်တော်များတွင် ထည့်သွင်းထားသည့် ရုပ်စုံများ၊ အနုပညာလက်ရာများနှင့် ပလ္လင်အရွယ်အစားစသည့် အချက်အလက်များကို အသေးစိတ် တစ်ခုချင်းစီ မှတ်တမ်းပြုသွားမည်ဖြစ်ကြောင်း သိရသည်။

"ပလ္လင်တော်က ရတနာပုံခေတ်ဆိုတာ သေချာအောင် ဆန်းစစ်ဖို့လည်း လုပ်ရမယ်။ လက်ရာတွေနဲ့ သူ့မှာပါဝင်တဲ့ အစိတ်အပိုင်းတွေကိုကြည့်ပြီး ဆန်းစစ်သုံးသပ်ရမှာပါ။ အစိတ်အပိုင်းတစ်ခုချင်းစီကို သုတေသနလုပ်မယ်။ သီဟာသနပလ္လင်မှာထည့်တဲ့ ပုံတွေနဲ့ ဗုဒ္ဓပလ္လင်တော်မှာ ထည့်တာတွေက ဘာကြောင့်ကွဲပြားသလဲဆိုတာ သုတေသနလုပ်မယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အလားတူ ရွှေနန်းတော်ကျောင်းကြီးတွင် ထည့်သွင်းတည်ဆောက်ခဲ့သည့် မြန်မာမှုလက်ရာ နယားအရုပ်များကိုလည်း ကမ္ဘာ့အထိမ်းအမှတ် အဆောက်အအုံများ ရန်ပုံငွေအဖွဲ့၏ ထောက်ပံ့မှုဖြင့် နည်းပညာတက္ကသိုလ်(မန္တလေး)မှ ကျောင်းသားကျောင်းသူများပူးပေါင်း၍ ပြုပြင်ထိန်းသိမ်းခဲ့ကြောင်း သိရသည်။

ရွှေကျောင်းဟု လူသိများသော ရွှေနန်းတော်ကျောင်းသည် နှစ်ပေါင်း ၁၃၀ ကျော် သက်တမ်းရှိပြီး ကုန်းဘောင်ခေတ် ၁၉ ရာစု မြန်မာ့အနုပညာ ဗိသုကာလက်ရာ စံပြုကျောင်းကြီးဖြစ်သည်။ ရွှေနန်းတော်ကြီးမှာ အမိုးသုံးဆင့်၊ လယ်ပေါ်နှစ်ထပ်နှင့် စမြင်ပါသော ဇေတဝန်ဆောင်ဖြစ်သည်။ ကျောင်းကြီးတစ်ဆောင်လုံးတွင် အရှေ့အနောက် တိုင် ၁၅ လုံးတန်းနှင့် တောင်မြောက် တိုင် ၁၀ လုံးတန်း ရှိသောကြောင့် တိုင်ပေါင်း ၁၅၀ ရှိသည်။ နယားရုပ်ထောက်တိုင်ပေါင်း ၅၄ တိုင်နှင့် သရက်ကင်းအုတ်လှေကားငါးစင်းဖြင့် တည်ဆောက်ထားသည်။ ကျောင်းကြီးတစ်ခုလုံးတွင် မြန်မာမှု သစ်သားပန်းပု အခြေခံခြူးပန်းခြူးနွယ် အပြောက်အမွှမ်းများ၊ ရုပ်လုံးရုပ်ကြွများ၊ ကျေးငှက်တိရစ္ဆာန်ရုပ်များ၊ နံရံကပ်ရုပ်ကြွများနှင့် အတွင်းမာရဘင်အရှေ့ပိုင်း ကွန်းစင်တိုင်အခြေတွင် ဇာတ်ကြီးဆယ်ဘွဲ့၊ တောထွက်ခန်း၊ မဟာပဒုမဇာတ်၊ ဥတေနဇာတ်တော်များကို စိတ်ဝင်စားဖွယ် လက်ရာမြောက်စွာ အနုစိတ်တပ်ဆင်ထားကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

## မိုးဖြဲဆည်ရေသောက်ဧရိယာမှ ရေအသုံးချသူအစုအဖွဲ့ဝင် တောင်သူများနှင့် ဆွေးနွေး

**လှိုင်ကော် ဇူလိုင် ၁၂**

ကယားပြည်နယ် မိုးဖြဲဆည်ရေသောက်ဧရိယာတွင် မိုးစပါးစိုက်ပျိုးရေးအတွက် တောင်သူများ ပါဝင်ဖွဲ့စည်းထားသည့် ရေအသုံးချသူများအစုအဖွဲ့(Water User Group)နှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများသည် လှိုင်ကော်မြို့ ဝါရီကောခူကျေးရွာခန်းမ၌ ဇူလိုင် ၁၂ ရက်က တွေ့ဆုံဆွေးနွေးသည်။

ကယားပြည်နယ်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနက ထိန်းသိမ်းထားသော ဆည်၊ ကန်နှင့် ရေလှောင်တမံပေါင်း ၃၂ ခုရှိပြီး လယ်မြေဧက ၅၀၀၀၀ ကျော်ကို စိုက်ပျိုးရေများ ပေးဝေလျက်ရှိကာ မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများ အောင်မြင်စွာ စိုက်ပျိုးနိုင်ရေးအတွက် ဆည်ရေပေးခြင်း လုပ်ငန်းများကို ဌာနနှင့်အတူ စနစ်တကျ စီမံခန့်ခွဲ ဆောင်ရွက်နိုင်ရန် ဆည်ရေသောက်တောင်သူများ ပါဝင်သည့် ရေအသုံးချသူများအစုအဖွဲ့ပေါင်း ၇၁ ဖွဲ့ကို ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ ဒေသခံတောင်သူများဖြင့် ရေအသုံးချသူအစုအဖွဲ့များ ဖွဲ့စည်းထူထောင်ခြင်းဖြင့် ရေရယူသောတောင်သူများ စုပေါင်း၍ မိမိတို့စိုက်ပျိုးဧရိယာအတွင်း ရေဖြန့်ဝေမှုစနစ်နှင့် သီးနှံစိုက်ပျိုးမှုပုံစံတို့ကို အကောင်းဆုံးဖြစ်အောင် ဌာနနှင့်အတူ တောင်သူများကိုယ်တိုင် ပါဝင်စီမံနိုင်မည်ဖြစ်ကြောင်း သိရသည်။

သိမ့်သိမ့်မိုး

## ဖန်းမော်မြို့နယ်၌ ကော်ဖီနှံကောင်များ ကျရောက်လာ၍ စုပေါင်းကောက်ယူဖျက်ဆီးနေရ

**ဖန်းမော် ဇူလိုင် ၁၂**

ကချင်ပြည်နယ် ဖန်းမော်မြို့နယ် မအူပင်ကျေးရွာမှ ငှက်ပျောခင်းများနှင့် ပိစပ်ပင်များတွင် ကော်ဖီနှံကောင်(Coffee Locust)ခေါ် အဝါရောင်အစက်အပျောက် နှံကောင်များ ကျရောက်လာ၍ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ စုပေါင်း၍ ဇူလိုင် ၁၁ ရက်က ကောက်ယူဖျက်ဆီး နှိမ်နင်းခဲ့ရကြောင်း သိရသည်။

"ကျွန်တော်လယ်လုပ်ခဲ့တာ နှစ်ပေါင်းတော်တော်ကြာနေပါပြီ။ တွေ့ဖူးတဲ့ နှံကောင်တွေက အစိမ်းရောင်ဖြစ်ပါတယ်၊ အခု ဒီနှစ်တွေ့ရတဲ့ နှံကောင်က အကောင်ငယ်လေးပေါက်ပြီး သူ့ဟာသူပျောက်သွားမလားလို့ ထင်ခဲ့တာ၊ အဲဒီလို မဟုတ်ဘူး။ အခု ဒီတောထဲမှာ အကောင်အကြီးကြီးနဲ့ အများကြီးတွေ့လာတော့ ကျွန်တော်တို့ လယ်ယာတွေမှာ လာစားမှာစိုးလို့ စိုက်ပျိုးရေးဦးစီးဌာနကို



တင်ပြပြီး အခုလို စုပေါင်းနှိမ်နင်းကြတာဖြစ်ပါတယ်"ဟု မအူပင်ကျေးရွာနေ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ကချင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ဝေဝေက "ဒီကော်ဖီနှံကောင်ဟာ ယခင်ကလည်း ဒီဒေသမှာ ရှိခဲ့ဖူးပါတယ်၊ အခု ရာသီဥတုအပူချိန် ပြောင်းလဲမှုကြောင့် အစုလိုက်အပြုံလိုက် အများကြီးတွေ့ရတာဖြစ်ပါတယ်၊ ဒီနှံကောင်ဟာ သီးနှံစိုက်ပျိုးတဲ့နေရာတွေမှာတော့ ကျရောက်တာ မရှိသေးပါဘူး၊ အရိပ်ကိုကြိုက်ပြီး သစ်တောနဲ့နီးတဲ့ ပေါင်းပင်နေရာတွေမှာပဲ တွေ့ရပါတယ်၊ အခု ကျွန်မတို့ တောင်သူတွေနဲ့ ပူးပေါင်းပြီး နှိမ်နင်းဖျက်ဆီးကြပါတယ်၊ ပိုးသတ်ဆေးဖျန်းဖို့လည်း မလိုအပ်သေးပါဘူး၊ ပိုးသတ်ဆေးမဖျန်းဘဲ လက်နဲ့ ကောက်ယူဖျက်ဆီးခြင်းအားဖြင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိနိုင်ဘူး၊ အဲဒါကြောင့် လက်နဲ့ကောက်ယူတဲ့ပြိုင်ပွဲလေး လုပ်တာပါ" ဟု ပြောသည်။

ကချင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နန်းအမ်းတော်၊ ပြည်နယ် မြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်သင်းခိုင်နှင့် ပြည်နယ် သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ဝေဝေတို့ ဦးဆောင်၍ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံတောင်သူများအား ကော်ဖီနှံကောင်ကျရောက်မှုနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးနောက် ဒေသခံတောင်သူများအား အဖွဲ့များခွဲစေ၍ ကော်ဖီနှံကောင် ကောက်ယူပြိုင်ပွဲ ကျင်းပပေးခဲ့ကာ ဆုရရှိသူများအား ဆုများချီးမြှင့်ပေးခဲ့ကြသည်။ **ကိန်းဖြူ(ပြန်/ဆက်)**

## ပုဂံ-ညောင်ဦးမှ မြင်းလှည်းလုပ်ငန်းလုပ်သူများ မိသားစုစားဝတ်နေရေး အခက်ကြုံနေ

**ညောင်ဦး ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ ပြည်တွင်းဘုရားဖူးများ ပြန်လည်ဝင်ရောက်လာသော်လည်း မြင်းလှည်းစီးသူနည်းပါးခြင်းကြောင့် ဘုရားဖူးများအား အဓိက မှီခိုအားထားနေရသည့် မြင်းလှည်းအငှားလိုက် လုပ်ငန်း လုပ်ကိုင်နေသူများအနေဖြင့် မိသားစု စားဝတ်နေရေး ခက်ခဲနေကြကြောင်း ဒေသခံ မြင်းလှည်းအငှားလိုက်လုပ်ငန်း လုပ်ကိုင်သူအချို့ထံမှ သိရသည်။

ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ သုံးလကြာအောင် ပြည်တွင်းပြည်ပ ခရီးသွားများ ခရီးသွားလာခွင့် ပိတ်ထားခဲ့ပြီးနောက် ဇူလိုင်လ ပထမပတ်မှစ၍ ပြန်လည်ခွင့်ပြုချိန်တွင် ပြည်တွင်းဘုရားဖူးများ ဝင်ရောက်မှုရှိလာသော်လည်း မြင်းလှည်းငှားစီးသူ မရှိသလောက်နည်းပါးနေခြင်းကြောင့် မြင်းလှည်းလုပ်ငန်းဖြင့် အဓိက အသက်မွေးဝမ်းကျောင်းနေသည့် မိသားစုများအနေဖြင့် စားဝတ်နေရေး ခက်ခဲနေခြင်းဖြစ်ကြောင်း မြင်းလှည်းလုပ်ငန်း လုပ်ကိုင်နေသူများက ပြောသည်။

ကိုဗစ်-၁၉ မဖြစ်မီက ပုဂံ-ညောင်ဦးတွင် ပြည်တွင်းပြည်ပခရီးသွားများ အမြဲစည်ကားခဲ့ကာ မြင်းလှည်းလုပ်ငန်းများလည်း ဝင်ငွေကောင်းခဲ့ကြောင်း၊ မြင်းလှည်းတစ်စီးရှိပါက တစ်ရက်လျှင် ကျပ် ၅၀၀၀၀ မှ ၈၀၀၀၀ ခန့်အထိ ရရှိခဲ့ကြောင်း၊ ပုဂံ-ညောင်ဦးဒေသတွင် မြင်းလှည်းလုပ်ငန်းလုပ်ကိုင်သော မြင်းလှည်းစီးရေ ၃၀၀ ခန့်ရှိကြောင်း၊ မြင်းလှည်းလုပ်ငန်းရပ်ထားရချိန်တွင် မြင်းစာဈေးနှုန်းမှာလည်း ကြီးမြင့်ကာ တစ်ရက်လျှင် ကျပ် ၃၀၀၀ ခန့် ကုန်ကျကြောင်း၊ လက်ရှိအချိန်တွင် မြင်းလှည်းငှားစီးသူ နည်းပါးပြီး ဈေးဦးမပေါက်သည့်ရက်များသာ များနေ၍ မြင်းလှည်းအငှားလိုက်လုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် မိသားစုစားသောက်ရေးပင် ခက်ခဲနေခြင်းဖြစ်ကြောင်း သိရသည်။

မောင်မောင်ထိန်(ကျောက်ပန်းတောင်း)



ပုဂံမြို့မှ ခရီးသည်စောင့်ဆိုင်းနေသော မြင်းလှည်းများ

# မူဆယ်မြို့၌ ၂၀၂၁ ခုနှစ်မှ စတင်ပြီး မြန်မာ့ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးစနစ်ကို စတင်အသုံးပြုမည်




**မူဆယ် ဇူလိုင် ၁၂**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့တွင်မြန်မာ့ကုန်ပစ္စည်း အလိုအလျောက်ရှင်းလင်းရေးစနစ် Myanmar Automated Cargo Clearance System (MACCS)ကို အသုံးပြုနိုင်ရန်အတွက် အကောက်ခွန်ဦးစီးဌာန ဂျပန်နိုင်ငံမှ (JICA) မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သည်ကြီးများအသင်းနှင့် မူဆယ်-နမ့်ခမ်း အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းအသင်းတို့ ပူးပေါင်း၍ ဇူလိုင် ၈ ရက်မှစတင်ပြီး မူဆယ်မြို့ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သည်ကြီးများအသင်းခန်းမ၌ MACCS သင်တန်းကို သင်ကြားပို့ချလျက်ရှိသည်။ (ယာပုံ)

MACCS ကို အသုံးပြုခြင်းအားဖြင့် အခွန်ဆောင်သည့်နေရာ၌ ဌာနဆိုင်ရာရုံးသို့ ကိုယ်တိုင်သွားရောက်ရန်မလိုအပ်ဘဲ မိမိနေအိမ်မှ ကွန်ပျူတာဖြင့် အခွန်ဆောင်ခြင်းနှင့် အင်တာနက်လိုင်းရသည့်မည်သည့်နေရာကမဆို အလုပ်လုပ်ကိုင်နိုင်ပြီး ကုန်သွယ်မှုများ ပိုမိုမြန်ဆန်လာမည်ဖြစ်သည်။

"ယခု ဖွင့်လှစ်တဲ့သင်တန်းကို တက်ရောက်မှသာလျှင် MACCS ထဲကို ဝင်ရောက်ပြီးအသုံးပြုနိုင်မှာဖြစ်တယ်။ ဒီသင်တန်းကို တက်ရောက်ပြီးရင် IE ကုတ်ရမယ်၊ ကုန်သည်တွေက သူတို့ရဲ့လုပ်ငန်းဆောင်ရွက်တာ ဘယ်နေရာရောက်နေပြီလဲ၊ ဘယ်အဆင့်မှာ ရောက်နေပြီလဲ၊ ဘယ်နေရာမှာ ကြန့်ကြာနေတာလဲဆိုတာတွေကို အိမ်က ကွန်ပျူတာနဲ့ အလုပ်လုပ်ကိုင်နိုင်မှာ ဖြစ်တဲ့အတွက် အကျိုးကျေးဇူးကတော့ အများကြီးရှိလာမှာဖြစ်တယ်"ဟု မူဆယ်-နမ့်ခမ်း အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်းအသင်းမှ အတွင်းရေးမှူး ဦးစိုင်းထွန်းကိုကိုက MACCS ကို အသုံးပြုခြင်းအားဖြင့် ရရှိလာမည့်အကျိုးအကြောင်းကို ပြောသည်။

အဆိုပါသင်တန်းကို MACCS ဌာနခွဲမှ ညွှန်ကြားရေးမှူးဦးဝင်းသန့်၊ မူဆယ်မြို့ (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်၊ အကောက်ခွန် ညွှန်ကြားရေးမှူး ဒေါ်အေးအေးဝင်းနှင့် တာဝန်ရှိသူတို့က သင်ကြားပို့ချလျက်ရှိပြီး စာတွေ့ ၁၃ရက်၊ လက်တွေ့၁၃ ရက်၊ စုစုပေါင်း ၂၆ ရက် သင်ကြားပို့ချပေးဖြစ်သည်။ MACCS စနစ်ကို ရန်ကုန်မြို့တွင် ၂၀၁၅-၂၀၁၆ ခုနှစ်၊ မြဝတီမြို့တွင် ၂၀၁၈ ခုနှစ်တို့၌ စတင်ကျင့်သုံးနေပြီဖြစ်ပြီး မူဆယ်မြို့တွင်လည်း ၂၀၂၁ ခုနှစ်တွင် စတင်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆလိုင်းဗန်ရှီးထန်(ပြန်/ဆက်)**

# ကျီခါးမြို့၌ မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ကြေး ပေးအပ်ခြင်းနှင့် ကိုဗစ်-၁၉ ကာလအတွင်း အသုံးပြုရန် ကားလှူပြောင်းပေးအပ်ခြင်းအခမ်းအနားကျင်းပ




**ကျီခါး ဇူလိုင် ၁၂**

ချင်းပြည်နယ် ကျီခါးမြို့၌ မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် ကိုဗစ်-၁၉ ကာလအတွင်း အသုံးပြုရန် ကားလှူပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျီခါးမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးက မီးဘေးသင့်အိမ်ထောင်စု နှစ်စုအား အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ်သုံးသိန်းစီဖြင့် လည်းကောင်း၊ ကျီခါးတိုက်နယ်ဆေးရုံအတွက် ဆေးရုံသုံးပစ္စည်းများကို လည်းကောင်း၊ ကျီခါးမြို့ ZYA လူငယ်များထံသို့ မြက်ရိတ်စက်ကို လည်းကောင်း၊ ကျီခါးမြို့အတွက် ကိုဗစ်-၁၉ ကာလအတွင်း အသုံးပြုရန် မော်တော်ယာဉ်အား လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် တွန်းဇံမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကြည်လွင်ဦးက မီးဘေးသင့် အိမ်ထောင်စုနှစ်စုအား ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်ခဲ့ပြီး လူမှုရေးဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။

**ဆလိုင်းလိန်းမာန်**
**(ပြန်/ဆက်)**

# မဘိမ်းမြို့နယ် ရွှေလီမြစ်အတွင်း ငါးရစ်ငါးသန်ကာလနှင့် တရားမဝင်ငါးဖမ်းဆီးမှုမရှိရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၂**

ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ထွန်းလင်း ဦးဆောင်ပြီး လားရှိုးခရိုင်ဦးစီးမှူး ဦးစောလင်း၊ ပြည်နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်ကြူကြူသင်း၊ မဘိမ်းမြို့နယ်ဦးစီးမှူး ဦးသိန်းဝင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ရေလုပ်သားများစုပေါင်း၍ ဇူလိုင်လဒုတိယပတ်က ငါးရစ်ငါးသန်ကာလနှင့် တရားမဝင် ငါးဖမ်းဆီးမှုမရှိရေး အသိပညာပေး ဆောင်ရွက်သည်။

အဆိုပါပူးပေါင်းအဖွဲ့များသည် မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် ပွေးတူးကျေးရွာနှင့် မြစ်ဆုံကျေးရွာ၏ ရွှေလီမြစ်ကမ်းဘေးတွင် ဘက်ထရီရှော့တိုက်မှု မပြုလုပ်စေရေး ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးအသိပေးပိုစတာနှင့် ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေပါ သတိပေးတားမြစ်ချက် ပိုစတာများကို အများပြည်သူသိရှိနိုင်စေရေးအတွက် အသိပေးဆိုင်းဘုတ် စိုက်ထူပေးခဲ့ပြီး ရွှေလီမြစ်ကြောင်းတစ်လျှောက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံသို့ တရားမဝင် ဝင်ရောက်လာသည့် မြန်မာအလုပ်သမား ၂၂ ဦး ထိုင်းနိုင်ငံ စင်ခွန်နယ်စပ်ဂိတ်အနီးတွင် ဖမ်းဆီးခံရ

**မြိတ် ဇူလိုင် ၁၂**

ထိုင်းနိုင်ငံ ပရကျွပ်ခီရီခန်ခရိုင် ပရကျွပ်ခီရီခန်မြို့ ခလောင်ဝမ်တိုက်နယ် စင်ခွန်နယ်စပ်ဂိတ်အနီးတွင် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံသို့ တရားမဝင်ဝင်ရောက်ခဲ့သည့် မြန်မာအလုပ်သမား ၂၂ ဦးကို ထိုင်းလူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းအဖွဲ့က သတင်းအရ နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ဖမ်းဆီးခဲ့ကြောင်း (ပရာကျွပ်- မြိတ်) ဆက်ဆံရေးမှူး ဦးအောင်ကြည်မြင့်က ပြောသည်။

ထိုင်းနိုင်ငံ ပရကျွပ်ခီရီခန်ခရိုင် ပရကျွပ်ခီရီခန်မြို့ ခလောက်ဝမ်တိုက်နယ် နယ်ခြားစောင့်ရဲတပ်ဖွဲ့ စင်ခွန်နယ်စပ်ဂိတ်အနီးတွင် ပရကျွပ်ခီရီခန်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ နယ်မြေလုံခြုံရေးအတွက် ကင်းလှည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၁ ရက် နံနက် ၁နာရီခွဲခန့်တွင် နယ်စပ်၌ တားဆီးထားသော သွပ်ဆူးကြိုးလိုင်းများကို ဖြတ်ကျော်၍ ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသော မြန်မာအလုပ်သမား ခြောက်ဦးကို စင်ခွန်နယ်စပ်ဂိတ် အနီး တောလမ်းတစ်နေရာတွင် ဖမ်းဆီးရမိသဖြင့် ခလောင်ဝမ်တိုက်နယ် ရဲစခန်းသို့ လွှဲအပ်ကာ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ဇူလိုင် ၁၁ ရက် နံနက် ၆ နာရီခွဲခန့်တွင် ပရကျွပ်ခီရီခန်ခရိုင်ကာကွယ်ရေးမှူး မစ္စတာ ကဲဝို့ ခုန်ဝုန် ဦးဆောင်သည့် ခရိုင်ပြည်သူ့စစ်တပ်ဖွဲ့နှင့်အတူ မြွေပွေးအထူးတပ်ဖွဲ့ (ကြည်းတပ်) နယ်ခြားစောင့်ရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများပူးပေါင်း၍ သတင်းအရ နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် စင်ခွန်နယ်စပ်ဂိတ် အနီး တောလမ်းတွင် နောက်ထပ် မြန်မာနိုင်ငံသားတရားမဝင် အလုပ်သမား ၁၆ ဦးကို တင်ဆောင်လာသော တိုယိုတာယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိသည်။

အဆိုပါ မြန်မာအလုပ်သမားများကို ပို့ဆောင်ပေးခဲ့သည့် ယာဉ်မောင်းမှာ ကျတ်ကရီဆိုဖာ(၃၂နှစ်) ရွှန့်ထောင်ရပ်ကွက် ဘန်စဖန်မြို့နယ် ပရကျွပ်ခီရီခန်ခရိုင် နေထိုင်သူနှင့် ကားရှေ့ခန်းတွင် လိုက်ပါလာသူ စီရီနန်ကစီရမ် ကဲဝို့ အမှတ် 65/3 မို.6 နာဟုကွပ်ရပ်ကွက် ထပ်စကဲမြို့နယ် ပရကျွပ်ခီရီခန်ခရိုင်တွင်နေထိုင်သူ အမျိုးသမီးက တစ်ဦးလျှင် ဘတ် ၈၅၀၀ ဖြင့် စုရတ်ဌာနီခရိုင်ရှိ အလုပ်ရှင်တစ်ဦးထံသို့သွားရောက် ပို့ဆောင်ပေးရန်ဖြစ်ကြောင်း ဝန်ခံပြောဆိုသဖြင့် ခလောင်ဝမ်တိုက်နယ်ရဲစခန်းသို့ လွှဲပြောင်းပေးအပ်ကာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း (ပရာကျွပ်-မြိတ်) ဆက်ဆံရေးမှူး ဦးအောင်ကြည်မြင့်ထံမှ သိရသည်။

**မြင့်ဦး(မြိတ်)**

## လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှု (၆) ရပ်

လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှု (၆) ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ကလေးသူငယ်များအား သတ်ဖြတ်ခြင်းနှင့် သေရာပါ ကိုယ်လက်အင်္ဂါ ချို့ယွင်းစေခြင်း (Killing and Maiming of Children)၊

(၂) တပ်မတော်နှင့် လက်နက်ကိုင် တပ်ဖွဲ့များတွင် ကလေးသူငယ်များအား စုဆောင်းခြင်းနှင့် အသုံးပြုခြင်း (Recruitment and Use of Children by Armed Forces or Armed Groups)၊

(၃) ကလေးသူငယ်များအား အဓမ္မပြုကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းအမျိုးမျိုး (Rape or other Sexual Violence Against Children)၊

(၄) ကလေးသူငယ်များအား အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်း (Abduction of Children)၊

(၅) ဆေးရုံနှင့် ကျောင်းများအား တိုက်ခိုက်ခြင်း (Attacks against Schools and Hospitals)၊

(၆) ကလေးသူငယ်များအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကို တားဆီးခြင်း (သို့မဟုတ်) ခွင့်မပြုခြင်း (Denial of Humanitarian Access for Children)။

## မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ကူးစက်ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) မိုးဦးရာသီသို့ ကျရောက်လာပြီဖြစ်၍ ကျွဲနွားများ ကာကွယ်ဆေးများကို ထိုးနှံကြရန်၊

(၂) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၃) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျ ပုံမှန်ဆောင်ရွက်ရန်၊

(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များကို သီးခြားခွဲထားရန်၊

(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားသည်ဟု သံသယဖြစ်ဖွယ်တွေ့ရှိရပါက နီးစပ်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆက်သွယ်ရန်၊

(၆) ရောဂါဖြစ်သော တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့် ဝေးရာတွင် သီးခြားချည်နှောင်ထားရန်နှင့် လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်းမပြုရန်၊

(၇) တိရစ္ဆာန်အသေကောင်များကို စားသောက်ခြင်း မပြုရန်နှင့် စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များ၊ တိရစ္ဆာန်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးမှုများရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူသူတောင်သူများအနေဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ ကျွဲ၊ နွား ကာကွယ်ဆေးများထိုးနှံကြရန် တိုက်တွန်းပါသည်။**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# လဟယ်မြို့နယ်တွင် နာဂရိုးရာဓလေ့ပုံစံမပျက် ကျေးလက်နမူနာ စံပြအိမ်ရာ ၂၇ လုံး ဆောက်လုပ်မှု ၇၅ ရာခိုင်နှုန်းပြီးစီး

**လဟယ် ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်း ကျေးရွာ ရှစ်ရွာ၌ နာဂရိုးရာဓလေ့ပုံစံမပျက် ကျေးလက်နမူနာ စံပြအိမ်ရာ ၂၇ လုံး ဆောက်လုပ်မှုမှာ ၇၅ ရာခိုင်နှုန်းအထိ ပြီးစီးပြီဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းဝင်းဝင်းထွန်းက ပြောသည်။



နာဂရိုးရာဓလေ့ပုံစံ ဆောက်လုပ်လျက်ရှိသည့် စံပြအိမ်ရာကို တွေ့ရစဉ်။

အဆိုပါနာဂရိုးရာဓလေ့ပုံစံမပျက် ကျေးလက်နမူနာ စံပြအိမ်ရာ ဆောက်လုပ်သည့်ကျေးရွာများမှာ တိုက်ရုံကျေးရွာတွင် ခုနစ်လုံး၊ နောက်လော်ကျေးရွာတွင် ငါးလုံး၊ ကပွလံပါဆေးကျေးရွာတွင် ငါးလုံး၊ ထန်ခေါ်လန်မကျေးရွာတွင် နှစ်လုံး၊ ခမ္မလားကျေးရွာတွင် နှစ်လုံး၊ လန်တိုင်းနောက်ကုန်းကျေးရွာတွင် နှစ်လုံး၊ ရှိတ်ပါးကျေးရွာတွင် နှစ်လုံးနှင့် ဟန်ဆင်ကျေးရွာတွင် နှစ်လုံး စုစုပေါင်း ကျေးရွာ ရှစ်ရွာ၌ နာဂရိုးရာဓလေ့ပုံစံမပျက် ကျေးလက်နမူနာ စံပြအိမ်ရာ ၂၇ လုံး ဆောက်လုပ်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုင်းဝင်းဝင်းထွန်းက ဆက်လက်ပြောသည်။

**မွေးကြူဇင်**

# မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ တိုးမြစ်အတွင်း ငါးမျိုးများစိုက်ထည့်

**နေပြည်တော် ဇူလိုင် ၁၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော ငါးသယံဇာတရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားအား ဇူလိုင် ၁၁ ရက်က မအူပင်မြို့ မင်းရောတံတားတွင် ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ မအူပင်ခရိုင်အဆင့် တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာမြို့နယ်မှူးများ၊ မအူပင်ခရိုင်ငါးဦးစီးဌာနဝန်ထမ်းများ၊ မအူပင်ခရိုင်အတွင်းရှိ ငါးလုပ်ငန်းစခန်း သုံးခုတို့မှ စခန်း တာဝန်ခံများနှင့် ဝန်ထမ်းများက ငါးမျိုး စိုက်ထည့်ခြင်းအား စုပေါင်းဆောင်ရွက်ကြသည်။

ငါးမျိုးစိုက်ထည့်သည့် ငါးသားပေါက် ငါးမျိုးများအား မအူပင်မြို့နယ်အတွင်းတွင်တည်ရှိသော တလုပ်လုငါးလုပ်ငန်းစခန်းနှင့် အောင်ဟိတ်ငါးလုပ်ငန်းစခန်းတို့မှ ငါးမြစ်ချင်းသားပေါက် ကောင်ရေ တစ်သိန်း၊ ငါးခုံးမကြီးသားပေါက်ကောင်ရေ တစ်သိန်း၊ ငါးတန်လေးလက်မ ကောင်ရေ တစ်သောင်းတို့ကို ဧရာဝတီမြစ်ခွဲ တိုးမြစ်အတွင်းသို့ မျိုးစိုက်လွှတ်ခြင်းအား ဆောင်ရွက်ကြောင်း သိရသည်။ **သတင်းစဉ်**




## အကြိမ်(၄၀)မြောက် မြို့မဟောင်းသက်ကြီးပူဇော်

**ရန်ကုန် ဇူလိုင် ၁၂**

မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း၏ အကြိမ်(၄၀)မြောက် မြို့မဟောင်းသက်ကြီး ပူဇော်ပွဲကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မြို့မကျောင်းလမ်းအိမ်တော်ရာ စေတီတော်ဝင်းအတွင်း ဒဂုံပရိယတ္တိစာသင်တိုက်၌ ပြုလုပ်ရာ မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက အသက် ၈၀ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၅၃ ဦးတို့အတွက် ထောက်ပံ့လှူဒါန်းငွေများကို လှူဒါန်းကြောင်း သိရသည်။ **အာကာစိုး**

## သတိပေးနှိုးဆော်ချက်

၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၃)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် (၀၄:၀၀) အချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းနှင့် လင့်လမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် အင်းလျားလမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် ဦးဝိစာရလမ်းဆုံ၊ အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံ လမ်းလွှဲစနစ် ဆောင်ရွက်မည်ဖြစ်ပြီး အာဇာနည်လမ်း၊ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်၊ ရွှေတိဂုံဘုရား အနောက်ဘက်မုခ်၊ ရွှေတိဂုံဘုရား တောင်ဘက်မုခ်(အာဇာနည်လမ်းထိပ်)၊ ရွှေတိဂုံဘုရား မြောက်ဘက်မုခ် (သွေးဆေးကန်)လမ်းတို့ကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

# ပူတာအိုမြို့၌ ရဝမ်အမျိုးသားယဉ်ကျေးမှုပြတိုက် ဆောက်လုပ်မှု ၅၈ ရာခိုင်နှုန်းခန့်ပြီးစီး

**ပူတာအို ဇူလိုင် ၁၂**

ကချင်ပြည်နယ် ပူတာအိုမြို့ ဒုတ္ထန်ရပ်ကွက်ရှိ ရဝမ်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုပြတိုက်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ပံ့ပိုးရန်ပုံငွေဖြင့် ဆောက်လုပ်လျက်ရှိရာ ယခုအခါ ၅၈ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းရဝမ်အမျိုးသားပြတိုက်ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ပံ့ပိုးရန်ပုံငွေကျပ်သန်းပေါင်း ၄၀၀ ဖြင့် အလျား ပေ ၁၀၀၊ အနံ ပေ ၅၀၊ Steel Structure တစ်ထပ်အမျိုးအစားကို တင်ဒါအောင်ခဲ့သည့် မြောက်ပိုင်းရောဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခြင်းဖြစ်သည်။


ယခင် ရဝမ်အမျိုးသားပြတိုက်သည် ဟောင်းနွမ်းပျက်စီးခြင်း၊ မိုးဒဏ်လေဒဏ်ကျရောက်ချိန်တွင် အန္တရာယ်ကျရောက်နိုင်ခြင်းတို့ကြောင့် အသစ်ပြန်လည်တည်ဆောက်ရန် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၇ ရက် နိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ပူတာအိုခရီးစဉ်တွင် လမ်းညွှန်ချက်နှင့်အညီ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ပံ့ပိုးရန်ပုံငွေဖြင့် ဆောက်လုပ်ခြင်းဖြစ်သည်။

အဆိုပါ ရဝမ်အမျိုးသားယဉ်ကျေးမှုပြတိုက် ဆောက်လုပ်မှုပြီးစီးပါက ရဝမ်လူမျိုးများ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ယခင်ကထက် စုံစုံလင်လင်ထိန်းသိမ်းပြသနိုင်တော့မည်ဖြစ်ပြီး ပူတာအိုဒေသရှိ ပြည်သူလူထုများအနေဖြင့်သော်လည်းကောင်း၊ အခြားဒေသမှလာရောက်လည်ပတ်သူများအနေဖြင့်သော်လည်းကောင်း ရဝမ်တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ခေတ်ပေါ်အသုံးအဆောင်ပစ္စည်းများကို တစ်နေရာတည်းတွင် စုံစုံလင်လင်ကြည့်ရှုလေ့လာနိုင်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးမယစ်ယောရှုထံမှ သိရသည်။

**ဖုန်ကန်(ပြန်/ဆက်)**

## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



# ရေတိုက်စား၍ ကျိုးပေါက်သွားသည့် မန္တလေးတူးမြောင်းမကြီးကို ပြန်လည်ပြုပြင်ပြီးစီး၍ စိုက်ပျိုးရေများ စတင်ပေးဝေ

**မတ္တရာ ဇူလိုင် ၁၂**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ဆည်တော်ကြီး ရေလှောင်တမံမှ ရေပေးဝေလျက်ရှိသည့် မန္တလေးတူးမြောင်းမကြီးမှာ ဝသုန္ဒရကျေးရွာ အနီးတွင် RD 91+000 ဇူလိုင် ၉ ရက်က ထူးပေါက်ရေတိုက်စားရာ မြောင်းပေါင်ကျိုးပြတ်မှုဖြစ်ပွားခဲ့သဖြင့် ပြန်လည်ပြုပြင်ခဲ့ရာ ယမန်နေ့က ပြီးစီးခဲ့သည်။

အဆိုပါ မန္တလေးတူးမြောင်းမကြီး ကျိုးပြတ်နေသည့် နေရာကို ပုသိမ်ကြီးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တပ်မတော်သားများက အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြုပြင်ဆောင်ရွက်ရာ ယမန်နေ့က ပြီးစီးခဲ့၍ မန္တလေးတူးမြောင်းမကြီးအတွင်းသို့ စိုက်ပျိုးရေများ ပြန်လည်ပေးဝေနေပြီဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

**စိုးကျော်သူထွေး (မတ္တရာ)**



# ကျောက်ဆည်မြို့ မင်းရဲဆည်နှင့် ဇီးတောဆည်အတွင်းသို့ ငါးမျိုးများစိုက်ထည့်

**ကျောက်ဆည် ဇူလိုင် ၁၂**

ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် ကူမဲငါးလုပ်ငန်းစခန်းတို့ ပူးပေါင်း၍ ကျောက်ဆည်မြို့နယ်အတွင်းရှိ မင်းရဲဆည်နှင့် ဇီးတောဆည်အတွင်းသို့ ငါးမြစ်ချင်းသားပေါက် တစ်သိန်းစီ၊ စုစုပေါင်း နှစ်သိန်းကို ယနေ့ နံနက်ပိုင်းက မျိုးစိုက်ထည့်ကြသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်နှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ကျောက်ဆည်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်နှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းထွန်းနှင့် ခရိုင်အမျိုးသမီးရေးရာကော်မတီဝင်များ တက်ရောက်ပြီး ငါးမျိုးများစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပညာရေးဝန်ကြီးဌာန
## "၂၀၂၀-၂၀၂၁ ပညာသင်နှစ်"
## မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❖ ကျောင်းသားဦးရေ တိုးတက်များပြားလာခြင်းကြောင့်လည်းကောင်း၊ ကျောင်းအပ်နှံနှုန်းမြင့်မားလာခြင်းကြောင့်လည်းကောင်း၊ ထပ်ကျော့ ကျောင်းအပ်နှံခြင်းကြောင့်လည်းကောင်း၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို လုံလောက်စွာ ဖြန့်ဝေပေးလိုပါသဖြင့် မြို့နယ်အလိုက် သတ်မှတ် နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ **ငွေကြေးသို့မဟုတ် လက်ဆောင်ပစ္စည်း**များကို ကျောင်းအုပ်၊ ဆရာ၊ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ❖ မိဘများအနေဖြင့် မိမိသားသမီးအား ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူတာဝန်ခံဆောင်ရွက်တတ်သော တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူသားကောင်းများ ဖြစ်လာစေရန်အတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်း ဆွေးနွေးဆောင်ရွက်ပါရန်။
- ❖ ကျောင်းသား၊ကျောင်းသူများကျောင်းတက်မှန်ရေးနှင့် အိမ်စာမှန်မှန်လုပ်ဆောင်ရေးအတွက် မိဘများကကြီးကြပ်၍ ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်း (၄)ကြိမ် စစ်ဆေးမည်ဖြစ်ပြီး နှစ်ဆုံးစစ်ဆေးခြင်းကို ၂၀၂၁ ခုနှစ်၊ မတ်လတွင်လည်းကောင်း၊ သက်ဆိုင်ရာ အတန်းအလိုက် စစ်ဆေးအကဲဖြတ်ခြင်းပြုလုပ်ပြီးလျှင် ဖြည့်ဆည်းသင်ကြားပေးခြင်းကို နှစ်ဆုံးစစ်ဆေးခြင်းမတိုင်မီအထိလည်းကောင်း ဆောင်ရွက်မည်ဖြစ်သဖြင့် ကျောင်းအုပ်၊ ဆရာ၊ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး မိမိသား၊ သမီးများကို တိုက်တွန်းအားပေးပါရန်။
- ❖ မိဘဆရာအသင်းနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများကပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါရန်နှင့် မျှဝေခြင်းဆိုင်ရာအစီအစဉ်တွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပါရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ဆရာမများနှင့် ပူးပေါင်း ဆောင်ရွက်ပါရန်။
- ❖ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးရေးကို ကျောင်းအုပ်၊ ဆရာ၊ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းသား၊ကျောင်းသူများ (TV,Video,Phone,Computer) ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ဆရာမများနှင့် ပူးပေါင်း ဆောင်ရွက်ပါရန်။
- ❖ ပါးစပ်နှင့်နှာခေါင်းစည်း(mask)နှင့် မျက်နှာအကာ (Face Shield) များကို ကျောင်းသား၊ ကျောင်းသူများ ညွှန်ကြားချက်များအတိုင်း စနစ်တကျတပ်ဆင်ပြီး သင်ယူနိုင်ရေးပူးပေါင်းကူညီရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ လက်ကိုရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် လိုအပ်သည့်အခါတိုင်း စနစ်တကျ မကြာခဏ ဆေးကြောရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ လက်ဖြင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံးများ မကိုင်ရေးအတွက် ပူးပေါင်းကူညီရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာစေဘဲ နီးစပ်ရာ ကျန်းမာရေး ဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော် (သို့မဟုတ်) dpsoffice@moe.edu.mm သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။







## ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက် / ဘဲ / ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် –

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊

(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင် ဈေးများ တွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ် ဆောင်ရွက်ရန်၊

(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊

(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေ ထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့်အကာအကွယ်ပစ္စည်းများ စနစ်တကျ ဝတ်ဆင်ရန်၊

(စ) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(ဆ) အသားနှင့် ဥတို့ကို သေချာစွာ ကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်း ပို့ရန်၊

(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

မန္တလေးတိုင်းဒေသကြီးအစိုးရ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့ပြဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း

## Expression of Interest လျှောက်လွှာများ ဖိတ်ခေါ်ခြင်း

စာချုပ်အမှတ် - MYWS 52.0

လုပ်ငန်းအမျိုးအစား - ရေသန့်စင်စက်ရုံနှင့်ဆက်စပ်ပိုက်လိုင်းများချထားခြင်းလုပ်ငန်းအပေါ် ဒီဇိုင်းနှင့်တည်ဆောက်ရေးကြီးကြပ်ခြင်းလုပ်ငန်း (Design Supervision and Construction Supervision as FIDIC Engineer of the New Water Treatment Plant and Associated Pope Line Work)

၁။မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှပြင်သစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်မန္တလေးမြို့ပြဝန်ဆောင်မှုဖွံ့ဖြိုးတိုက်ရေးစီမံကိန်း ရေသန့်စင်စက်ရုံနှင့်ဆက်စပ်ပိုက်လိုင်းများချထားခြင်းလုပ်ငန်းအပေါ် ဒီဇိုင်းနှင့် တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်ခြင်း(Design Supervision and Construction Supervision as FIDIC Engineer) အား Expression of Interest ခေါ်ယူမည်ဖြစ်ပါသည်။

၂။စီမံကိန်းလုပ်ငန်းတည်ရှိရာသည် မန္တလေးမြို့ဖြစ်ပါသည်။

၃။တင်ဒါခေါ်ယူခြင်းကိုပြင်သစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ ဝယ်ယူရေးလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီးတင်ဒါလျှောက်လွှာများကို ယခု Expression of Interestအဆင့် အောင်မြင်သူများကိုသာ ရောင်းချသွားမည်ဖြစ်ပါသည်။

၄။စိတ်ပါဝင်စားသူများသည် Expression of Interest လျှောက်လွှာများကို စီမံကိန်းမန်နေဂျာ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီထံမှအောက်ဖော်ပြပါလိပ်စာတွင်(၁၃-၇-၂၀၂၀)ရက်မှစတင်၍ ရုံးချိန်အတွင်းလာရောက်ထုတ်ယူနိုင်ပါသည်။ အဆိုပါလျှောက်လွှာများကို AFD တင်ဒါဖြန့်ချိရေး website: https://tenders-afd.dgmarket.com. တွင်လည်း ရယူနိုင်ပါသည်။

၅။ Expression of Interest လျှောက်လွှာများကို အောက်ဖော်ပြပါလိပ်စာသို့(၁၀-၈-၂၀၂၀)ရက်(၁၅:၀၀)နာရီနောက်ဆုံးထား၍ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး Electronic Application ဖြင့်လည်းလျှောက်ထားနိုင်ပါသည်။ သတ်မှတ်ချိန်ထက်နောက်ကျသော လျှောက်လွှာများကိုလည်း ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။လိပ်စာ-

စီမံကိန်းမန်နေဂျာ၊

စီမံကိန်းစီမံခန့်ခွဲရေးရုံး၊ PMO(MUSIP)

၂၆လမ်း၊၇၁လမ်းနှင့်၇၂လမ်းကြား၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊မန္တလေးမြို့

၀၂-၄၀၆၁၆၃၁၊ pmomusip.ext3@gmail.com

---

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## မြန်မာ့မီးရထား

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၇၀/မမ/မော်တော်ယာဉ် | တာယာဆိုဒ်စုံ (၁၉)မျိုး၊ အရေအတွက်(၉၆၈)လုံး ဝယ်ယူရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - (၁၀.၈.၂၀၂၀ ) (၁၄:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၀.၇.၂၀၂၀)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994

---

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ မြို့ရေပေးရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော HDPE အမျိုးအစား ရေဝေပိုက်နှင့် ပိုက်ဆက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါ (Open Tender) စနစ်ဖြင့် ခေါ်ယူမည်ဖြစ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၆ ရက်

(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃၀ ရက် ညနေ ၃:၀၀နာရီ

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ရေနှင့်သန့်ရှင်းမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(ဃ) **တင်ဒါတစ်စုံရောင်းနှုန်း** - တစ်စောင်လျှင် ၁၀၀၀၀ိ/-နှုန်း

ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဌာနမှူး၊ ရေနှင့်သန့်ရှင်းမှုဌာန ဖုန်း-၀၉-၇၇၈၇၁၆၀၃၇ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနအတွက် အသုံးပြုမည့် အောက်ဖော်ပြပါ Drone DJI Mavic2 Enterprise Series (Zoom Camera Edition) with 105 dBi Speaker (20)set အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန်ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါစက်ပစ္စည်းအသေးစိတ်အား သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အမှတ်(၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ (ရန်ကုန်)ကြော်ငြာသင်ပုန်းတွင် ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၃-၇-၂၀၂၀ရက်မှ ၂၇-၇-၂၀၂၀ရက်အထိ

၄။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်** - ၂၀-၇-၂၀၂၀ရက်မှ ၂၇-၇-၂၀၂၀ရက်အထိ

၅။ **တင်ဒါပုံစံဝယ်ယူ/တင်သွင်းနိုင်မည့်နေရာ** - သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန (ရန်ကုန်)

၆။ **ဆက်သွယ်ရန်ဖုန်း** - သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန(ရန်ကုန်)
ဖုန်း-၀၁-၆၅၃၂၁၄၊ ၀၁-၆၅၃၂၁၃၊ ၀၁-၆၅၂၈၆၀

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန**

---

## ကန့်ကွက်နိုင်ပါကြောင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ကုလားကြီးစုကျေးရွာအုပ်စု၊ မြေတိုင်းရပ်ကွက်အမှတ် သောင်ကြီးမြောက်(၂၀)၊ ကွင်းအမှတ်(၃၆၈/B)(၃၆၉/A)ရှိ အမှတ်(၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲပိုင်မြေအတွက် သိမ်းဆည်းခဲ့သည့် (၂၆၉ဒသမ၉၆)ကေအား မူလလယ်ယာမြေပိုင်ဆိုင်သူ(၄၅)ဦးတို့အား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မြေလျော်ကြေးငွေများပေးချေသွားမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အထက်ပါစုစုပေါင်းမြေ(၂၆၉ဒသမ၉၆)ကေ၏ လျော်ကြေးငွေများ ပေးချေမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်အတူ အမှတ်(၉)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှူးရုံးသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်ရန်နှင့် ကန့်ကွက်မည့်သူမရှိပါက မြေလျော်ကြေးငွေများပေးချေမှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**တပ်ဖွဲ့ခွဲမှူး**
**အမှတ်(၉)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ**

---

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန်လိုအပ်သော စက်ဆီ/ချောဆီ(၂)မျိုး (Engine Oil SAE-50 & Hydraulic Oil AW-46) တို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား ၁၃-၈-၂၀၂၀ ရက် (၁၄:၀၀)နာရီ နောက်ဆုံးထားတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဗိုလ်တထောင်မြို့နယ်တွင် ၁၄-၇-၂၀၂၀ ရက်မှစ၍ ၁၁-၈-၂၀၂၀ ရက်ထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း ၀၁-၈၆၁၀၂၃၀ နှင့် ၀၁-၈၆၁၀၂၃၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်48W/66949 Haojue-110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ထက် ၈/စလန(နိုင်)၁၀၄၀၅၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ခရိုင်ရုံး(မင်းဘူး)**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 8D/4050 Pick up (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထိန်မိုး ၈/ပဖန(နိုင်)၀၈၃၆၂၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

---

## ငြင်းချက်ထုတ်ရန် သမ္မန်စာ

## (တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

## တောင်သာမြို့နယ် တရားရုံးတော်၌

## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၂၅

၁။ ဦးစိုးမင်းစိုး ဒေါ်မြဝင်းသန်း

၂။ ဒေါ်အေးမြင့်သန်း

**(တရားလိုများ)** **(တရားပြိုင်)**

တောင်သာမြို့နယ်၊ သပြေဝကျေးရွာတွင် နေထိုင်သူ (ယခုနေရပ် လိပ်စာမသိ) တရားပြိုင် ဒေါ်မြဝင်းသန်း သိစေရမည်။

သင့်အပေါ် တရားလို ဦးစိုးမင်းစိုးနှင့် ဒေါ်အေးမြင့်သန်းက ချေးငွေ (၈၆၂၄၈၀၀) ကျပ်အနက် ကျန်ငွေ(၇၄၂၄၈၀၀) ကျပ်ရလိုမှုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းနှင့်စပ်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၄ရက် (၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလဆန်း (၅)ရက်) နံနက်(၁၀)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်၊ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများကို သင့်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင်(၃)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုင်းသူဟန်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တောင်သာမြို့နယ်တရားရုံး**

---

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား အသုံးပြုမည်ဖြစ်ကြောင်းကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၃/၇၈)၊ ၇၁လမ်းနှင့် ဇော်ဂျီလမ်းကြားနေ ဦးစိန်ဝင်း(ဘ)ဦးတွမ်မီးလောက် ၁၃/လရန(နိုင်)၀၉၈၈၉၅ မှ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

ကျွန်တော်ဦးစိန်ဝင်း၏ တီထွင်ဖန်တီးထားသော အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားနှစ်ခုဖြစ်သည့် မြန်မာလောင်ဖုလမုန့်နှင့် မြန်မာဆိုင်ဟောင်းလမုန့်၏ လမုန့်နှင့်ဆက်စပ်ထုတ်ကုန်များ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများအတွက် အသုံးပြုသွားမည်ဖြစ်ပြီး ကျွန်တော်ဦးစိန်ဝင်းမှ မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုန်အမှတ်တံဆိပ်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာချက်ကို မှတ်ပုံတင်သွားမည်ဖြစ်ပါသည်။ အဆိုပါကုန်အမှတ်တံဆိပ်ကို လက်ရှိအသုံးပြုနေသူရှိပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ ကျွန်တော်ထံသို့ ယနေ့ကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဥပဒေနှင့်အညီ လာရောက်ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဦးစိန်ဝင်း**
**၁၃/လရန(နိုင်)၀၉၈၈၉၅**
**၇၁လမ်းနှင့်ဇော်ဂျီလမ်းကြား၊ အကွက်(အ-၃/၇၈)၊ (ဂ)ရပ်ကွက်**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ဖုန်း-၀၉-၂၅၉၀၉၂၅၅၁**

---

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၅၊၇)၊ အကွက်အမှတ်(၅+၆+၇တိုးချဲ့)အတွင်းရှိ ဧရိယာ ၁ဒသမ၉၅၀ကေအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂-၄-၂၀၂၀ ရက်စွဲပါ ပုံမှန်အစည်းအဝေးအမှတ်စဉ်(၁-၄/၂၀၂၀)ဆုံးဖြတ်ချက်အပိုဒ်၅(၁-ဗ)အရ မြေစာရင်းပုံစံ(၁၀၅) (၁၀၆)ရေးဆွဲပြီး အောက်ပါပုဂ္ဂိုလ်များမှ မြေငှားဂရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း(၃၀)အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | အမည် | အကွက်အမှတ် | ဦးပိုင်အမှတ် | ဧရိယာ | ဂရန်အမျိုးအစား |
|---|---|---|---|---|---|
| ၁ | ဦးစိုင်းယီအောင် ၁၃/လရန(နိုင်)၀၃၄၆၄၉<br>ဒေါ်သီတာအေး ၁၃/လရန(နိုင်)၀၀၀၅၉၅ | ၅+၆+၇တိုးချဲ့ | ၁၃၉/၅၂၂ | ၀.၈၀၆ | အသစ်လျှောက် |
| ၂ | ဦးစိုင်းခမ်းသီ ၁၃/သပန(နိုင်)၀၄၃၃၁၂ | ၅+၆+၇တိုးချဲ့ | ၁၃၃/၇၀၁ | ၀.၀၆၈ | အသစ်လျှောက် |
| ၃ | ဦးစိုင်းခမ်းသီ ၁၃/သပန(နိုင်)၀၄၃၃၁၂ | ၅+၆+၇တိုးချဲ့ | ၁၃၈/၆၄၇ | ၀.၂၇၇ | အသစ်လျှောက် |
| ၄ | ဒေါ်အေးရန် ၁၃/လရန(နိုင်)၀၂၇၅၃၆ | ၅+၆+၇တိုးချဲ့ | ၁၂၇/၆၉၇ | ၀.၀၉၀ | အသစ်လျှောက် |
| ၅ | ဒေါ်အေးဖိန်း ၁၃/လရန(နိုင်)၀၂၇၆၂၃ | ၅+၆+၇တိုးချဲ့ | ၁၂၈/၆၉၆ | ၀.၀၉၇ | အသစ်လျှောက် |
| ၆ | ဦးလီကျန်ဆုံ ၁၃/လရန(နိုင်)၀၈၇၉၇၄ | ၅+၆+၇တိုးချဲ့ | ၁၃၁/၇၄၀ | ၀.၀၆၈ | အသစ်လျှောက် |
| ၇ | ဒေါ်ယွင်ယွင် ၁၃/လရန(နိုင်)၁၉၅၆၄၃ | ၅+၆+၇တိုးချဲ့ | ၁၃၇/၆၅၄ | ၀.၀၆၈ | အသစ်လျှောက် |
| ၈ | ဒေါ်စန်းစန်းနွယ် ၁၃/လရန(နိုင်)၁၂၄၉၂၀ | ၅+၆+၇တိုးချဲ့ | ၁၃၂/၇၄၁ | ၀.၀၆၈ | အသစ်လျှောက် |
| ၉ | ဒေါ်နန်းမြအေး ၁၃/လရန(နိုင်)၁၅၁၇၇၄ | ၅+၆+၇တိုးချဲ့ | ၁၃၀/၇၄၄ | ၀.၁၃၆ | အသစ်လျှောက် |
| ၁၀ | ဒေါ်စွမ်းရွှယ် ၁၃/လရန(နိုင်)၀၈၃၆၂၂ | ၅+၆+၇တိုးချဲ့ | ၁၃၅/၆၉၄ | ၀.၁၃၆ | အသစ်လျှောက် |
| ၁၁ | ဦးအိုက်စိုင်း ၁၃/လရန(နိုင်)၀၀၁၀၅၀ | ၅+၆+၇တိုးချဲ့ | ၁၃၆/၆၅၅ | ၀.၀၆၈ | အသစ်လျှောက် |
| ၁၂ | ဦးလီရှောက်ဖန် ၁၃/သနန(နိုင်)၀၅၉၄၅၀ | ၅+၆+၇တိုးချဲ့ | ၁၃၄/၇၀၂ | ၀.၀၆၈ | အသစ်လျှောက် |

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ဂ/၂၀၁၇၊ တဆထလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0320) / (ဆေးမှုန့်)TMR 000394(0320)
RE GD.
ဇာဟွပ်ဟွပ်နဲ့အီပါမယ်ရှအောင်ဆိုးနေတဲ့ချောင်း ကွမ်းရှက်ပုံ ဆေးကောင်း
မြန်မာ့တိုင်းရင်း ဆေးဖက်ဝင် စစ်မှန်သော ပရဆေး ပစ္စည်းများဖြင့်
ဖော်စပ်ထားသောကြောင့် အုံ့ ဩ လောက် အောင်အထူးပင် ဆေး စွမ်းထက်မြက်လှပါသည်။

ဗိန္ဒာဃက် ငန်းနီကျော်
ဖျားနာကိုက်ခဲ တုပ်ကွေးပျောက်လို့ နာမည်ကျော်
ဆေးစွမ်းထက်လို့နာမည်ကျော် ပြည်သူ့ကျန်းမာရေးအကျိုးမျှော်
ဗိန္ဒာဃက် ငန်းနီကျော်
အမျိုးသမီးများသွေးသားနှင့်ပတ်သက်၍ ကိုက်ခဲခြင်းကင်းပြီး သွေးသားစိုပြည် လှပစေပါသည်။

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ကျောက်ဆည်ခရိုင်တရားရုံးတော်

၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် ၂ နှင့်ဆက်နွယ်သည့်

၂၀၂၀ပြည့်နှစ် တရားမဇာရီမှု အမှတ် ၁၆

ဦးသန်းဌွေး နှင့် ၁။ ဦးအောင်မြတ်
၂။ ကိုနေမျိုးအောင်
၃။ ကိုပြည့်စုံ
၄။ မဖြူဖြူထွန်း
၅။ မချိုချိုသွယ်
၆။ ကိုသီဟထွန်း

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ပြည်လုံးနိုင်ရပ်ကွက်နေ တရားရှုံးများဖြစ်သည့် (၁) ဦးအောင်မြတ်(ဘ)ဦးတင်ညွန့်၊ (၂)ကိုနေမျိုးအောင်(ဘ) ဦးအောင်မြတ်၊ (၃) ကိုပြည့်စုံ(ဘ)ဦးအောင်မြတ်၊ (၄) မဖြူဖြူထွန်း(ဘ)ဦးအောင်မြတ်၊ (၅) မချိုချိုသွယ်(ဘ)ဦးအောင်မြတ်နှင့် (၆) ကိုသီဟထွန်း(ဘ)ဦးအောင်မြတ် (အတူနေမိသားစု)(ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ် ၂ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးသန်းဌွေးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုစေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့တည်းမဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၇ ရက် (၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ဆွေဦး)**
**ခရိုင်တရားသူကြီး**
**ကျောက်ဆည်ခရိုင်တရားရုံး**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ အမှတ်(၄၇)၊ နှင်းဆီလမ်းသွယ်-၂၊ ရပ်ကွက်ကြီး(၁၀)၊ နဝရတ်လမ်း၊ ပဒေသာမြို့သစ်နေ ကျွန်မ ဒေါ်အေးစိမ့်သူ ၉/မကန(နိုင်) ၀၈၇၈၇၀မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့၊ မြို့မအုပ်စု၊တောင်ကချင်ရပ်ရှိ အကွက်အမှတ်(၂၉)၊ဦးပိုင်အမှတ်(N-၄၇)၊ အကျယ်အဝန်း ပေ(၆၀x၆၀)ရှိ မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံအား ကျွန်မ၏မိခင် ဒေါ်မြင့်မြင့်တင်မှ မူလပိုင်ရှင် ဦးဘသောင်းထံမှ တရားဝင်အဆက်စပ်စာချုပ်များဖြင့် လွှဲပြောင်းဝယ်ယူထားပြီး ယခုကျွန်မတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်သောမြေဖြစ်ပါသည်။ ယခုယင်းမြေပေါ်တွင် ကျူးကျော်ခြင်း၊ လိမ်လည်ရောင်းချခြင်းများဖြစ်ပေါ်နေသောကြောင့် ကျွန်မမှ ဥပဒေနှင့်အညီ တရားစွဲဆိုရန်ပြင်ဆင်နေပြီဖြစ် ကြောင်းနှင့် ဖော်ပြပါ ယင်းမြေနှင့် အိမ်အား ကျွန်မတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးစိမ့်သူ**
**၉/မကန(နိုင်) ၀၈၇၈၇၀**
**အမှတ် (၄၇)၊ နှင်းဆီလမ်းသွယ်(၂)၊ နဝရတ်လမ်း၊ ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၁)၊ ပုဏ္ဏမီလမ်း၊ မြေကွက်အမှတ်(၂၇၀)၊ (၂၇၁)၊ အကျယ်အဝန်း ပေ( ၄၀ x ၆၀)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကစီရှိ နှစ်(၆၀)ဂရန်မြေကွက် (၂)ကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် ဦးဇော်ဇော်အောင် ၉/မရမ(နိုင်)၀၈၀၁၇၃၊ ဒေါ်မေစန္ဒာအောင် ၉/ခအဇ(နိုင်) ၀၀၆၆၁၈တို့၏ အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းတို့မှ အဆိုပါမြေကွက်များအား လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ၎င်းတို့ကိုယ်တိုင် အခြားအရှုပ်အရှင်းမရှိ တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်များနှင့် မြေကွက်များပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ** **ဒေါ်ညိုမာ(LL.B)**
**အထက်တန်းရှေ့နေ(စဥ်-၃၅၇၇၆)**
**အမှတ်(13/B)၊ ရတနာလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၉၂၂၄၇၅၄၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရက်ကုန်အနောက်ပိုင်းခရိုင်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ သစ်စီမံကိန်း ပြန်လည်နေရာချထားသည့်အုပ်စု (RA)-(RA-5)၊ အကွက်အမှတ်(က-၀၂)ရှိ-

(၁)ယာယီမြေပေးမိန့်အမှတ်( ၁၃၇၆/၂၀၁၉)အရ မြေကွက်အမှတ်(၀၂၇၀)၊ အကျယ်အဝန်း (၁၀၀' x ၁၀၀')၊

(၂)ယာယီမြေပေးမိန့် အမှတ်( ၁၃၇၇/၂၀၁၉)အရ မြေကွက် အမှတ်(၀၂၇၁)၊ အကျယ်အဝန်း (၁၀၀' x ၁၀၀')၊

(၃)ယာယီမြေပေးမိန့် အမှတ်( ၁၃၇၈/၂၀၁၉)အရ မြေကွက် အမှတ်(၀၂၇၂)၊ အကျယ်အဝန်း (၁၀၀' x ၁၀၀')၊

(၄)ယာယီမြေပေးမိန့် အမှတ်( ၁၃၇၉/၂၀၁၉)အရ မြေကွက် အမှတ်(၀၂၇၃)၊ အကျယ်အဝန်း (၁၀၀' x ၁၀၀')၊

(၅)ယာယီမြေပေးမိန့် အမှတ်( ၁၃၈၀/၂၀၁၉)အရ မြေကွက် အမှတ်(၀၂၇၄)၊ အကျယ်အဝန်း (၁၀၀' x ၁၀၀')၊

(၆)ယာယီမြေပေးမိန့် အမှတ်( ၁၃၈၁/၂၀၁၉)အရ မြေကွက် အမှတ်(၀၂၇၅)၊ အကျယ်အဝန်း (၁၀၀' x ၁၀၀')၊

(၇)ယာယီမြေပေးမိန့် အမှတ်( ၁၃၈၂/၂၀၁၉)အရ မြေကွက် အမှတ်(၀၂၇၆)၊ အကျယ်အဝန်း (၁၀၀' x ၁၀၀')၊

(၈)ယာယီမြေပေးမိန့် အမှတ်( ၁၃၈၃/၂၀၁၉)အရ မြေကွက် အမှတ်(၀၂၇၇)၊ အကျယ်အဝန်း (၉၅' ၅'' x ၁၀၀')စီရှိ

မြေကွက်(၈)ကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အား ၎င်းကိုယ်တိုင်အမည်ပေါက်ရရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိသူဟုဆိုသူ ဦးဒါဝိဒ် ၉/မကန(နိုင်) ၀၆၄၀၁၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-** **ဒေါ်ညိုမာ(LL.B)**

**အထက်တန်းရှေ့နေ(စဥ်-၃၅၇၇၆)**
**အမှတ်(13/B)၊ ရတနာလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၉၂၂၄၇၅၄၈**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ -၂၂)

ကျောက်ဆည်မြို့နယ်တရားရုံးတော်

၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၉၅နှင့်ဆက်နွယ်သည့်

၂၀၂၀ပြည့်နှစ် တရားမဇာရီမှုအမှတ်-၁၈

ဦးစိုးမြင့် နှင့် ဒေါ်မအေး

**ဒီကရီအနိုင်ရရှိသူ** **တရားရှုံး**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ဖောင်ရွာရပ်ကွက်နေ တရားရှုံးဖြစ်သည့် ဒေါ်မအေး (ဘ) ဦးဘိုကြီး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးစိုးမြင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုစေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့တည်းမဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဇူလိုင် ၂၇ ရက် (၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၀ပြည့်နှစ် ဇူလိုင် ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သဲမို့မို့ဆွေ)**
**မြို့နယ်တရားသူကြီး**
**ကျောက်ဆည်မြို့နယ်တရားရုံး**

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ကျောက်ဆည်မြို့နယ်တရားရုံးတော်

၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ် ၉၆နှင့်ဆက်နွယ်သည့်

၂၀၂၀ပြည့်နှစ် တရားမဇာရီမှု အမှတ် ၁၉

ဦးစိုးမြင့် နှင့် ဒေါ်အမလေး

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ဖောင်ရွာရပ်ကွက်နေ တရားရှုံး ဖြစ်သည့် ဒေါ်အမလေး(ဘ)ဦးစိန်တုတ်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၉ခုနှစ် တရားမကြီးမှု အမှတ် ၁၉ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးစိုးမြင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုစေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့တည်းမဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၇ ရက် (၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သဲမို့မို့ဆွေ)**
**မြို့နယ်တရားသူကြီး**
**ကျောက်ဆည်မြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဥ်ရပ်ကွက်၊ အကွက်အမှတ်(၆၈၄)၊ ဦးပိုင်အမှတ်(၂၀)၊ ၃၆x၃၇ လမ်း ကြား၊ ၇၃x၇၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးဘကျော်ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၈၃၉/၂၀၁၈)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်နေကြာစန္ဒီ ၉/မရတ(နိုင်) ၀၇၀၆၉၃က ဂရန်စာချုပ်မူရင်းပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များနှင့်အတူ အမှုတွဲအမှတ်-၂၃၁၆/၂၀၁၈-၂၀၁၉ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း၊ ဂရန်ပျောက်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်အသိပေး ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၄၉၂-င)၊ ဦးပိုင်အမှတ်(၂၃-က)၊ ဧရိယာ(၀ဒသမ၁၂၇၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်ဇာဇာထွန်း ၈/မထန(နိုင်)၀၇၆၉၆၃ အမည်ပေါက်လျက်ရှိသော ဂရန်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ (၄-၂-၂၀၁၉)ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ် -၆၂၅၀/၂၀၁၉အရ လွှဲအပ်ခြင်းခံရသူ ဦးယမ်းမနတ် ၉/မကန(နိုင်) ၀၆၀၅၀၆ထံမှ ကျွန်ုပ်တို့၏အမှုသည်က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်သည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်လပြည့်(ဥပဒေဘွဲ့)(စဥ်-၉၄၅၆)** **ဦးအောင်မျိုးထွန်း(ဥပဒေဘွဲ့)(စဥ်-၁၄၂၄၇)**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးထက်ပိုင်စိုး(ဥပဒေဘွဲ့)(စဥ်-၄၆၅၈၆)** **ဦးမြင့်သိန်းထွန်း(ဥပဒေဘွဲ့)(စဥ်-၅၀၁၂၉)**

**အထက်တန်းရှေ့နေများ**

**ရုံးခန်း-အမှတ်(၃၇/၁၀)၊ (၃၀x၃၁)လမ်းကြား၊ (၇၁x၇၂)လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**

**ဖုန်း-၀၉-၂၀၅၅၉၂၆၊ ၀၉-၇၉၇၃၅၀၀၇၁၊ ၀၉-၄၀၂၆၄၇၆၂၄၊ ၀၉-၅၃၈၂၃၀၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၈) ရပ်ကွက်၊ မြောင်းကြီးလမ်း၊ တိုက်အမှတ်(၅၉/ခ)၊ အခန်းအမှတ်-မြေညီထပ် (ယာဘက်) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နှင်းနှင်းဝေ (၁၂/ပဇတ(နိုင်) ၀၁၄၅၈၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၈၈၅၂)**
**Hein Htet San Law Firm**

**ဦးထိန်လင်းသန်း**
**LL.B, D.B.L, D.I.L, D.M.L,**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၈၈၈၂)**
**၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅**

**အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

## ဖခင်အမည်မှန်

အင်းမ(တပ်နယ်)အထက နဝမတန်းမှ မသဒ္ဒါသွန်းနှင့် ပဉ္စမတန်းမှ မကဗျာရွှန်းတို့၏ဖခင် အမည်မှန်မှာ ဦးမင်းဆုမြတ် ၉/မကန(နိုင်)၁၂၀၅၇၂ ဖြစ်ပါကြောင်း။

**ဦးမင်းဆုမြတ်**

## ဖခင်အမည်မှန်

ရွှေဘိုမြို့နယ်၊ ကော့ရွာ အလက အဌမတန်းမှ မောင်အောင်အောင်ဦး ၏ ဖခင်အမည်မှန်မှာ ဦးကျော်ထွန်း ၅/ရဘန(နိုင်)၁၅၄၄၃၇ ဖြစ်ပါကြောင်း။

**ဦးကျော်ထွန်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ စွယ်တော်လမ်း၊ အမှတ် ၁၁၉၁၊ အိမ်အကျယ်အဝန်း ပေ(၂၅ x ၆၀)ရှိ ဒေါ်မြသိန်း ၁၂/စခန(နိုင်)၀၃၃၄၄၈ ဂရန်အမည်ပေါက်ထံမှ ကျွန်ုပ်၏မိတ်ဆွေဒေါ်ကေခိုင်ရဲမြင့် ၁၂/ပဇတ(နိုင်)၀၃၁၄၆၇ က ဝယ်ယူရန်အတွက် စရန်ငွေကို ၈-၇-၂၀၂၀ရက်တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကေခိုင်ရဲမြင့်**
**၁၂/ပဇတ(နိုင်)၀၃၁၄၆၇**
**ဖုန်း- ၀၉-၇၉၂၂၄၅၀၅၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ယောဝန်မင်းကြီး(၁)လမ်း၊ မြေကွက်အမှတ်(သကမ/၁၆/၁၁၃၇/က)၊ အိမ်အကျယ်အဝန်း ပေ(၂၀ x ၆၀)ရှိဦးသန်းအောင် ၁၂/လသယ(နိုင်)၀၆၀၄၉၀ T.P.G ၀၆၀၅၄၅ ပိုင်ဆိုင်သော ဦးအုန်းမြင့် အမည်ပေါက်ထံမှ ကျွန်ုပ် ဦးအောင်မျိုးသန့် ၉/ပဘန(နိုင်) ၁၅၆၄၁၆က ဝယ်ယူရန်အတွက် စရန်ငွေကို (၁၂-၇-၂၀၂၀)ရက်တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မျိုးသန့် ၉/ပဘန(နိုင်) ၁၅၆၄၁၆**
**ဖုန်း-၀၉-၄၂၀၇၅၅၃၂၉၊ ၀၉-၉၇၂၄၉၄၄၄၃**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကျောင်းအရှေ့ရပ်၊ အကွက်အမှတ်(၁)၊ ဦးပိုင်အမှတ်-၆၁-က၊ မြေကွက်အမှတ်-၆၂-၆၃၊ မြေဧရိယာ(၀.၀၅၉)ဧကနှင့် ဦးပိုင်အမှတ်-၆၁-ဃ၊ မြေကွက်အမှတ်-၆၉၊ မြေဧရိယာ(၀.၀ ၄၁)ဧက (၂)ကွက်တွဲ မြေဧရိယာ(၀.၁၀၀)ဧကသည် မြို့မြေဂရန်မှုအမှတ်-၁၀၂/ ၂၀၀၄-၀၅အရ ဦးတင်မြင့် ၉/မမန(နိုင်)၀၂၇၁၇၅မှ အမည်ပေါက်ပိုင်ဆိုင်ပြီး အမည်ပေါက် ပိုင်ဆိုင်သူ ဦးတင်မြင့်က လျှောက်ထားသူ ဒေါ်ခင်မမနှင့်ဒေါ်မိမိခိုင်တို့အား ပြင်ဦးလွင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်-၁၃၂/၂၀၁၈ဖြင့် "မေတ္တာဖြင့်မြေနှင့်အိမ်အပေးစာချုပ်" ချုပ်ဆို၍ အကွက်အမှတ်(၁)၊ ဦးပိုင်အမှတ်-၆၁-က၊ မြေကွက်အမှတ်-၆၂-၆၃၊ မြေဧရိယာ (၀.၀၅၉)ဧကအား ပေးအပ်ခဲ့သဖြင့် အဆိုပါမြေကွက်အား ဒေါ်ခင်မမနှင့်ဒေါ်မိမိခိုင်တို့မှ ဦးပိုင်ခွဲဂရန်နှင့်သက်တမ်းတိုးပေးရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ဤရုံးသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမ ရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၀)၊ ပုဏ္ဏမီလမ်း၊ မြေကွက်အမှတ်(၃၀)၊ (၃၁)၊ အကျယ်အဝန်း ပေ( ၄၀ x ၆၀)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကစီရှိ နှစ်(၆၀) ဂရန်မြေကွက် (၂)ကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် ဒေါ်ဟုံချင်ရှမ်း ၁၃/လရန(နိုင်)၀၉၇၁၀၉၄၏ အမည်ဖြင့်မှတ်သားတည်ရှိပြီး ၎င်းထံမှ အဆိုပါမြေကွက်(၂)ကွက်အား ၎င်းနှင့်အတူ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဦးဟုန်ကွယ်ချင် ၁၃/လရန(နိုင်)၁၁၈၇၂၅မှ ၎င်းမြေကွက်များအား လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ၎င်းကိုယ်တိုင် အခြားအရှုပ်အရှင်းမရှိ တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်များနှင့် မြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ** **ဒေါ်ညိုမာ(LL.B)**
**အထက်တန်းရှေ့နေ(စဥ်-၃၅၇၇၆)**
**အမှတ်(13/B)၊ ရတနာလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၉၂၂၄၇၅၄၈**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဆောမြို့၊ မင်းကြည့်ကျေးရွာနေ မအေးသန္တာဦး Grade- 5 အောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆွေဝင်း ၈/ ကထန(နိုင်)၀၀၄၄၆၂ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

သရက်မြို့၊အထက(၃)မှ စာကူးစက်လှည့် ဆလိုင်းကြည်တင့်မင်း (ခ) ဦးကြည်ဝင်းမင်း၏ဖခင် ဦးဘတင့် (ခ) ဦးတင် ၈/သရန(နိုင်)၀၄၁၀၀၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဘတင့်(ခ)ဦးတင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

သရက်မြို့၊ အထက(၃)မှ စာကူးစက်လှည့် ဆလိုင်းကြည်တင့်မင်း(ခ)ဦးကြည်ဝင်းမင်း ၈/သရန(နိုင်)၀၈၅၁၆၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဆလိုင်းကြည်တင့်မင်း(ခ)**
**ဦးကြည်ဝင်းမင်း**

## ဖခင်အမည်မှန်

ကော့ကရိတ်မြို့ အထက(၁)နဝမတန်းအောင်မှ မအိအိမိုး ၏ဖခင် ဦးထွန်းထွန်းဝင်း ၏အမည်မှန်မှာ ဦးစောကြည်ဝင်း ၃/ကဆက(နိုင်)၀၆၄၁၅၁ ဖြစ်ပါကြောင်း။

**ဦးစောကြည်ဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7P/6164 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့် ၁၂/မဂဒ(နိုင်)၀၀၃၄၈၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ပဲခူး)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(ခ)ရပ်ကွက်၊ အကွက်အမှတ် (သ-၉)၊ ဦးပိုင်အမှတ်(၈၈)၊ ၆၄ X ၆၅လမ်းကြား၊ သာယာဝတီနှင့် ပျူစောထီးလမ်းကြားရှိ တောဂရန်မြေကွက်သည် ဒေါ်မြရင် အမည်ပေါက် အမှုတွဲအမှတ် ၄၂၃၂/၉၂-၉၃ နှင့် ဦးစန်းမောင် အမည်ပေါက် အမှုတွဲအမှတ် ၅၀၃၄/၉၀-၉၁ တို့ဖြင့် အမည်ပေါက် (၂)ဦးထပ်နေခြင်းအား ဌာနမှစိစစ်ခဲ့ရာ ပယ်ဖျက်ရန် လိုအပ်သော ဦးစန်းမောင် အမည်ပေါက် တောဂရန် အမှုတွဲအမှတ် ၅၀၃၄/၉၀-၉၁ အား ပယ်ဖျက်သွားမည်ဖြစ်ပြီး တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မြရင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၈၀၉/၁၉၉၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နှင်းနှင်းဦး ၉/မမန(နိုင်) ၀၂၁၇၅၈ က တောဂရန်တင်ပြ၍ တောမှမြို့ပြောင်း၊ အမည်ပြောင်း၊ သက်တမ်းတိုး လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

**မီး သတိပြု**

## (၇၃)နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန်

နေပြည်တော် ဇူလိုင် ၁၂

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့(တနင်္ဂနွေနေ့) (၇၃)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာနအဖွဲ့အစည်းအဆင့်ဆင့်သို့ ဆက်လက်ညွှန်ကြားရန် နိုင်ငံတော်သမ္မတရုံးက အစိုးရရုံးဌာနအားလုံးသို့ ညွှန်ကြားထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## တောင်ငူ-ကျောက်ကြီး-ရွှေကျင်-ဝင်းကံလမ်းပေါ်မှ ရွှေကျင်ချောင်းကူး တံတားသစ်တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

ရွှေကျင် ဇူလိုင် ၁၂

တောင်ငူ-ကျောက်ကြီး-ရွှေကျင်-ဝင်းကံ ကားလမ်းသည် ပဲခူးတိုင်းဒေသကြီးအတွင်းသာမက မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ကို သွားလာ၍ရသောလမ်းဖြစ်ပြီး ထိုကားလမ်းပေါ်မှ ရွှေကျင်မြို့နယ်ရှိ ရွှေကျင်ချောင်းကူးတံတားသစ်သည်

စာမျက်နှာ ၇ ကော်လံ ၁ ❖

## ရွှေကူမြို့၌ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် လူနေအိမ်အချို့ ပြောင်းရွှေ့နေရာချထားခြင်းများ ဆောင်ရွက်

စာ-၁၀

## အိန္ဒိယရုပ်ရှင် မင်းသားကြီး အမိတာဘဂျမ်း ကိုဗစ်- ၁၉ ကူးစက်ခံရ

စာ-၁၃

## ငတ်မွတ်ခေါင်းပါးခြင်းဘေး သို့မဟုတ် ရောဂါကပ်ဘေး ရင်ဆိုင်ရတော့မယ့် ဆီးရီးယား ဒုက္ခသည်တွေရဲ့ဘဝ

စာ-၁၄

## ချင်းရွှေဟော်မြို့၌ နှစ်နိုင်ငံနယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၄၉ ဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်

ချင်းရွှေဟော် ဇူလိုင် ၁၂

ချင်းရွှေဟော် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ ဝင်ရောက်လာသော တရုတ်နိုင်ငံမှပြန်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ ၎င်းတို့၏ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာယမန်နေ့ ညနေ ၆ နာရီက ၂၃ ဦးနှင့် ယနေ့ မွန်းလွဲ ၂ နာရီခွဲက ၂၆ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၄၉ ဦးတို့အား လားရှိုးမြို့သို့ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

အဆိုပါ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၄၉ ဦးတွင် အမျိုးသား ၂၇ ဦး၊ အမျိုးသမီး ၂၂ ဦးတို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်မှ နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်မှ တစ်ဦး၊ တန့်ဆည်မြို့နယ်မှ လေးဦး၊ ဒီပဲယင်းမြို့နယ်မှ တစ်ဦး၊ အရာတော်မြို့နယ်မှ နှစ်ဦး၊ ချောင်းဦးမြို့နယ်မှ တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်မှသုံးဦး၊မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်မှ ၁၁ ဦး၊ မင်းဘူးမြို့နယ်မှ တစ်ဦးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ၂၃ ဦးတို့ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ❑



## ဧရာဝတီမြစ်ရေ ကသာမြို့တွင် စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင် မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများ အထူးသတိပြုနေထိုင်ကြရန်

နေပြည်တော် ဇူလိုင် ၁၂

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ကသာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကသာမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ဆောက်သမ်တန်ကို အနိုင်ယူပြီး အဆင့် (၄)အတွင်း ဝင်ရောက်ခွင့်ရှိနေသည့် မန်ယူ




ပရီမီယာလိဂ်ပွဲစဉ် (၃၅) ၏ လက်ကျန်ပွဲစဉ်အဖြစ် ဇူလိုင် ၁၄ ရက် နံနက် ၁ နာရီခွဲတွင် မန်ယူအသင်းနှင့် ဆောက်သမ်တန်အသင်းတို့ မန်ယူအိမ်ကွင်း အိုးထရက်ဖို့ဒ်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ စနေနေ့ညပိုင်းက ရှက်ဖီးနှင့် ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှက်ဖီးအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောကြောင့် မန်ယူအသင်းအနေဖြင့် ယခုပွဲကို အနိုင်ရရှိခဲ့လျှင် အဆင့်(၄)အတွင်းဝင်ရောက်ရန် အခွင့်အရေးရှိနေသည်။

ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် ကြိုးစားနေသည့် မန်ယူအသင်းသည် ချယ်လ်ဆီးအသင်း၏ ရှုံးနိမ့်မှုကို အခွင့်ကောင်းယူကာ ဆောက်သမ်တန်ကို အနိုင်ယူပြီး အဆင့်(၄)အတွင်း ဝင်ရောက်ရန်အတွက် နည်းပြဆိုးလ်ရှား ကြိုးစားလာဖွယ်ရှိနေသည်။ မန်ယူအသင်းနည်းပြ ဆိုးလ်ရှားအနေဖြင့် ၂၀၀၆ ခုနှစ် နိုဝင်ဘာလနောက်ပိုင်းပွဲထွက် လူစာရင်း ၁၁ ဦးဖြစ်သည့် ဒီဂီယာ၊ လုခ်ရှော၊ မက်ဂွိုင်းယား၊ လင်ဒီလော့ဖ်၊ ဝမ်ဘစ်ဆာကာ၊ မာတစ်၊ ပေါ့ဂ်ဘာ၊ ရက်ချ်ဖို့ဒ်၊ ဖာနန်ဒက်ဇ်၊ ဂရင်းဝုဒ်၊ မာရှယ်တို့ကို ပရီမီယာလိဂ်ပြိုင်ပွဲတွင် လေးပွဲဆက်အသုံးပြုပြီး မှတ်တမ်းသစ်တစ်ရပ် စိုက်ထူနိုင်ခဲ့သလို ယခုအကြိမ် ဆောက်သမ်တန်နှင့်ပွဲတွင်လည်း အဆိုပါ ပွဲထွက်လူစာရင်း ၁၁ ဦးကို ပရီမီယာလိဂ် ငါးပွဲဆက်အသုံးပြုကာ စံချိန်မှတ်တမ်းသစ်ရေးထိုးသွားမည်လား စိတ်ဝင်စားဖွယ်ရာကောင်းနေ သည်။ ထို့အပြင် မန်ယူအသင်းသည် နည်းပြဆိုးလ်ရှားလက်ထက် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ၁၇ ပွဲတွင် ရှုံးပွဲကြုံတွေ့ထားခြင်းမရှိသည့်အတွက် ယခုပွဲတွင်လည်း ဆောက်သမ်တန်ကို

စာမျက်နှာ ၁၀ ကော်လံ ၅ ●